# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလကွယ်နေ့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁၉ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၂၉၀)



ယနေ့ မာတိကာ



ဗိုလ်ချုပ်အောင်ဆန်းနှင့် အနိုင်မခံ

အာဇာနည်နေ့ဆောင်းပါး စာ ➤ ၆

မြန်မာနိုင်ငံ ဆေးကောင်စီ၏ (၂၀၁၆-၂၀၂၀) လေးနှစ်သက်တမ်းအတွင်း ဆောင်ရွက်ချက်များနှင့် အသစ်ပြန်လည်ဖွဲ့စည်းခြင်း ကိစ္စရပ်များ ဆွေးနွေး

စာ ➤ ၄

တို့အမျိုး အာဇာနည်

အာဇာနည်နေ့ကဗျာ စာ ➤ ၇


# မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၄၃ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၁၈

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၄၃ ဦးသည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ယနေ့ ဇူလိုင် ၁၈ ရက်အထိ ၁၂၁၉၇ ဦးပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၄၉၂၁၅ ဦးတို့ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၃၆၃ ဦး၊ အမျိုးသမီး ၂၈၀ စုစုပေါင်း ၆၄၃ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)




ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းလုပ်သားများကို တွေ့ရစဉ်။

# ကလေးဝမြို့တွင် ချင်းတွင်းမြစ်ရေမြင့်တက်လာ၍ ခရီးသည်တင်နှင့် ကုန်တင်ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစေရေး သတိပေးဆောင်ရွက်



ကလေးဝ ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်အတွင်း ဖြတ်သန်းသွားလာ၊ ပြေးဆွဲ၊ ဆိုက်ကပ်သော ပုဂ္ဂလိက ခရီးသည်တင် အမြန်ရေယာဉ်နှင့် ကုန်တင်ရေယာဉ်များ ချင်းတွင်းမြစ်ရေမြင့်တက်လာ၍ ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် သတိပေးဆောင်ရွက်လျက်ရှိသည်။

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့၏ စိုးရိမ်ရေမှတ်မှာ ၁၅၅၀ စင်တီမီတာဖြစ်ပြီး ယခုအခါ ၁၃၅၀ စင်တီမီတာသို့ ရောက်ရှိနေသဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ စက်တပ်ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကလေးဝမြို့နယ်အတွင်း ဖြတ်သန်းသွားလာ၊ ပြေးဆွဲ၊ ဆိုက်ကပ်သော ပုဂ္ဂလိက ခရီးသည်တင်အမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ ဘေးအန္တရာယ်


*စာမျက်နှာ ၃ ကော်လံ ၅* ❑


### မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၇-၂၀၂၀

| | |
|---|---|
| ဝမြို့ | ၄ ဒသမ ၃၇ လက်မ |
| မာန်အောင်မြို့ | ၂ ဒသမ ၈၃ လက်မ |
| သံတွဲမြို့ | ၂ ဒသမ ၄၀ လက်မ |
| မြစ်ကြီးနားမြို့ | ၂ ဒသမ ၂၈ လက်မ |
| ပဲခူးမြို့ | ၂ ဒသမ ၂၈ လက်မ |
| ကျောက်ဖြူမြို့ | ၂ ဒသမ ၀၁ လက်မ |
| ဗန်းမော်မြို့ | ၁ ဒသမ ၉၇ လက်မ |
| ကတိုင်တိ | ၁ ဒသမ ၇၃ လက်မ |
| ဖာပွန်မြို့ | ၁ ဒသမ ၆၉ လက်မ |
| တောင်ကြီးမြို့ | ၁ ဒသမ ၆၅ လက်မ |
| လပွတ္တာမြို့ | ၁ ဒသမ ၅၇ လက်မ |
| နေပြည်တော် (ဒက္ခိဏသီရိမြို့နယ်) | ၁ ဒသမ ၅၀ လက်မ |
| ကွမ်းခြံကုန်းမြို့ | ၁ ဒသမ ၄၆ လက်မ |
| မော်လိုက်မြို့ | ၁ ဒသမ ၃၈ လက်မ |

# အာဇာနည်နေ့ သန္နိဋ္ဌာန်

သူ့ကျွန်ဘဝ ဆိုသည်မှာ မည်သို့မျှ နှစ်မြို့စရာမရှိ။ ကိုယ့်ဘဝဖြင့်ကိုယ် ရှင်သန်နေထိုင်ရင်း သူတစ်ပါး၏ ကျွန်ဖြစ်ရသည်ဆိုခြင်းကို မည်သည့်နိုင်ငံသားကမှ လက်သင့်မခံနိုင်။

ထိုစဉ်အချိန်က ဗြိတိသျှနယ်ချဲ့တို့ လွှမ်းမိုးထိန်းသိမ်းထားသော နယ်မြေကို နေမဝင်အင်ပါယာဟုခေါ်သည်ထိ ကြီးမားကျယ်ပြန့်၏။ စစ်အင်အား၊ လက်နက်အင်အား၊ အတတ်ပညာ စသည့် အဘက်ဘက်မှလိုလို အင်အားကြီးသည့် နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ပုန်ကန်သည်မှာ မဖြစ်နိုင်ဟုပင် ထိုခေတ် ထိုအခါက ထင်သူတို့က ထင်ခဲ့ကြ၏။

တက္ကသိုလ်ကျောင်းသားဘဝ အသက်နှစ်ဆယ်သာသာ အရွယ်ပင်ရှိသေးသည့် ကိုအောင်ဆန်းသည် ဗြိတိသျှတို့၏ နေမဝင်အင်ပါယာကို အန်တုတော်လှန်ရန် ဆုံးဖြတ်ပြီးဖြစ်၏။ နယ်ချဲ့ကို အနိုင်ယူကာ လွတ်လပ်ရေးကို မရအရယူမည်ဟုလည်း သန္နိဋ္ဌာန်ချပြီးဖြစ်၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရေးအတွက် ဆည်းပူးရမည့် ပညာကို ဆည်းပူး၏။ မိမိကိုယ်ကိုယ် တိုးတက်နေအောင် လေ့ကျင့်၏။ ရင့်ကျက်သော၊ ပြည့်ဝသော၊ အမြော်အမြင်ကြီးသော၊ ပညာဉာဏ်မြင့်မားသော နိုင်ငံရေးသမားတစ်ယောက်အဖြစ် ရပ်တည်ခဲ့၏။

လက်နက်ဖြင့်တိုက်ယူမှ ရတော့မည်ဆိုသည့်အခါ လက်နက်ဖြင့် တိုက်ယူနိုင်ရေးအတွက် ပြင်ဆင်၏။ ကိုယ်တိုင်လှုံ့လထုတ်၏။ မျိုးချစ်တပ်မတော်ကို ထူထောင်၏။ ရင့်ကျက်သော နိုင်ငံရေးသမား ထူထောင်သည့် ဗမာ့တပ်မတော်ကို နိုင်ငံချစ်စိတ်များ၊ လူမျိုးချစ်စိတ်များ၊ တရားမျှတမှန်ကန်မှုကို မြတ်နိုးသည့် စိတ်ဓာတ်များဖြင့် ပြည့်လျှမ်းနေအောင် ပြုစုပျိုးထောင်၏။ ဗိုလ်ချုပ်အောင်ဆန်း ထူထောင်ခဲ့သော ဗမာ့တပ်မတော်သည် ကိုယ်ကျိုးမရှာသည့် တပ်မတော်၊ နိုင်ငံနှင့် နိုင်ငံသားတို့ကိုသာ ဦးထိပ်ထားသော တပ်မတော် ဖြစ်ချေ၏။

ကိုအောင်ဆန်း၊ သခင်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးအောင်ဆန်းအဖြစ် မြန်မာ့နိုင်ငံရေးသမိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီးအဖြစ် ရပ်တည်ခဲ့၏။ သူ၏ ဘဝတစ်လျှောက်ကို မဆိုထားနှင့်၊ ၁၉၄၇ နှစ်ဦးမှစ၍ လုပ်ကြံခံရချိန်ထိ ခြောက်လကျော်ကာလအတွင်း တာဝန်ယူဆောင်ရွက်ခဲ့သည့် အလုပ်များကို စာရင်းတို့ကြည့်လျှင်ပင် သူ၏တန်ဖိုးကို အကဲခတ်နိုင်လိမ့်မည်။ သူ၏ စွန့်လွှတ်မှု၊ အနစ်နာခံမှု၊ အမြော်အမြင်ကြီးမားမှုတို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပန်းတိုင်ဆီသို့ သယ်ယူသွားခဲ့သည်ဆိုခြင်းမှာ အမှန်တရားပင် ဖြစ်ချေ၏။

နောက်ဆုံး၌ လုံးဝ လွတ်လပ်ရေး၊ လွတ်လပ်ပြီး နိုင်ငံကို စနစ်တကျ ထူထောင်နိုင်ရေးတို့ကို ကြိုးစားအားထုတ်နေချိန်တွင် လက်နက်ဖြင့် အကြမ်းဖက်အာဏာယူလိုသူတို့၏ လုပ်ကြံမှုကြောင့် အချိန်မတန်မီ ကြွေလွင့်ကျဆုံးခဲ့ရရှာသည်။

သူ၏ နိုင်ငံနှင့် နိုင်ငံသားအားလုံးတို့အတွက် အသက်စွန့်လွှတ်သည်ထိ လုံ့လထုတ်ကြိုးပမ်းခဲ့မှုကြောင့်ပင် ကျန်ရစ်သူနိုင်ငံသားတို့က ဦးအောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအဖြစ် သမိုင်းမှတ်တမ်းတင် မော်ကွန်းထိုးနေကြခြင်းဖြစ်၏။

ထိုထိုသော အာဇာနည်တို့၏ ကျေးဇူးကား မြန်မာနိုင်ငံတော်အတွက် ကြီးမားလှသည်မှာ အမှန်ဖြစ်ပါသည်။ ထိုဂုဏ်ကျေးဇူးတို့ကို အသိအမှတ်ထား အလေးအမြတ်ပြုကြခြင်းသည် လွတ်လပ်ရေးကို တန်ဖိုးထားခြင်းလည်း မည်ပါ၏။

ထို့ပြင်တဝ အာဇာနည်ခေါင်းဆောင်တို့၏ ယုံကြည်ချက် ရဲရင့်မှု လုံ့လထုတ်ကြိုးပမ်းမှုတို့ကို ဂုဏ်ပြုချီးကျူးနေရုံမျှမကဘဲ ခေါင်းဆောင်တို့၏မျှော်မှန်းချက်ကို တိုးတက်အောင်မြင်သည်အထိ ဆက်လက်ကြိုးပမ်းလုပ်ဆောင်ကြရန်လည်း လိုအပ်မည်ဖြစ်၏။

လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး ဟူသည့် မျှော်မှန်းချက်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးပန်းတိုင်၏ အခြေခံအကျဆုံး မျှော်မှန်းချက်ဖြစ်သည့် တရားမျှတ လွတ်လပ်သည့်နိုင်ငံ၊ ခွင့်တူညီမျှဝါဒ ဖြူစင်သည့် နိုင်ငံ၊ အမှီအခိုကင်းကင်းဖြင့် အမှန်တကယ် လွတ်လပ်စွာ အမြဲတည်တံ့သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိသည်အထိ ဆက်လက်တာဝန်ယူအားထုတ်ဆောင်ရွက်ကြခြင်းဖြင့် အာဇာနည်တို့ကို ဂုဏ်ပြုချီးကျူး အလေးအမြတ်ပြုကြပါစို့ဟူ၍ ယနေ့ (၇၃) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် နှိုးဆော်လိုက်ရပါကြောင်း။ ။

# ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ (စတုတ္ထနေ့) အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) စတုတ္ထနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၅၁၃၆ ပါးအနက် ၃၉၃၃၂ ပါး ဖြေဆိုကြပြီး ၇၁ ဒသမ ၃၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

(က) မြန်မာ့စီးပွားရေးဘဏ်
- Bank Name – Myanmar Economic Bank(H.O),Forex Operation
- Account No. – CF 004880(MMK)
- – EDN 600010(US$)
- Swift Code – MYEBMMMY
- Account Name – National Level Central Committee for Prevention Containment and Treatment of Covid 19
- Bank Address – Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar

(ခ) ကမ္ဘောဇဘဏ်
- Bank Name – KBZ Bank Ltd.
- Account No. – 034 103 034 0232 8301 (MMK)
- – 034 109 034 0232 8301 (US$)
- Swift Code – KBZBMMMY
- Account Name – Coronavirus Disease 2019 (COVID–19) (National Level Central Committee For Preventing and Containing the Virus)
- Bank Address – No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar
- Branch Address – No.1, Bank Ward, Oakataya Thiri Township, Naypyitaw

(ဂ) ရေှာဝတီဘဏ်
- Account No. – 000 110 501 002 5635 (MMK)
- – 000 110 503 000 0425 (US$)
- Swift Code – AYABMMMY
- Account Name – CORONAVIRUS DISEASE 2019 (COVID–19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE
- Bank Address – No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar
- Branch Address – No.(110–112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw

(ဃ) CB ဘဏ်
- Account No. – 0093 1005 0000 1333 (MMK)
- – 0093 1012 0000 2957 (US$)
- Swift Code – CPOBMMMY
- Account Name – CORONAVIRUS DISEASE 2019 (COVID–19) DONATION

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် –

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃–၄၁၁၁၄၀<br>၀၉–၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉–၅၀၉၂၂၉၃ |

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၈**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့မှစပြီး ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၃၁ရက်နေ့အထိ နေ့စဉ် နံနက် ၆ နာရီမှ စ၍ ရခိုင်၊ ရှမ်း၊ ‘ဝ’၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း (ချိုး)၊ မွန်ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၀ပြည့်နှစ် ဩဂုတ်လ ၁ ရက်နေ့မှစပြီး ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက် ၆နာရီမှ ၈ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀နာရီအထိ ‘ဝ’ဘာသာအစီအစဉ်၊ နံနက် ၁၀နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိ စကောကရင်ဘာသာ အစီအစဉ်၊ ညနေ ၃ နာရီမှ ၄နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ ၄နာရီမှ ၅နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ၆ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ ညနေ ၆ နာရီမှ ၇ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ရခိုင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စတူဒီယို-အေ ပြုပြင်မှုအခြေအနေ၊ အသံသွင်း စတူဒီယို-ဒီ အား အဆင့်မြှင့်တင်နိုင်ရန် ဆောင်ရွက်နိုင်မည့်အခြေအနေ၊ နိုင်ငံတော်သံစုံတီးဝိုင်း လေ့ကျင့်နေမှု၊ နိုင်ငံတော်ဆိုင်းဝိုင်း လေ့ကျင့်နေမှု၊ စတူဒီယို-၁ ၌ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(FDC)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးတို့ ပူးပေါင်းစီစဉ်ရိုက်ကူးသည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဆိုင်ရာ တေးသီချင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့အသိပညာပေးအစီအစဉ် (Public Service Announcement) ရိုက်ကူးနေမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြခြင်းဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က (၇၃)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့်မည့် အစီအစဉ်အပါအဝင် ဆက်လက်ထုတ်လွှင့်မည့် အစီအစဉ်များအား လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တေးသီချင်းများ၊ ဇာတ်လမ်းတိုများနှင့် ဆောင်ပုဒ်များ ရိုက်ကူးပြီးစီးမှုနှင့် ထုတ်လွှင့်နေမှုများအား လည်းကောင်း၊ မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်နှင့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆောင်ရွက်မည့် အစီအစဉ်များအား လည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နည်းပညာတိုးတက်ပြောင်းလဲမှုနှင့်အညီ မီဒီယာလုပ်ငန်းများကိုလည်း လိုက်လျောညီထွေ လိုက်ပါဆောင်ရွက်နိုင်ရေး လေ့လာဆောင်ရွက်သွားရန်နှင့် မီဒီယာနည်းပညာသစ်များနှင့် ပတ်သက်၍ ဌာန၏ လုပ်ငန်းများအပေါ် သက်ရောက်နိုင်မှုအခြေအနေများကို လေ့လာဆန်းစစ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ တေးသီချင်း ရိုက်ကူးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

## မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်သည် ဇူလိုင် ၁၄ ရက်မှ ၁၇ ရက်အထိ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အင်္ဂဘို-ကဒိုင်ဒွတ်-မိုးဘောလမ်း (၃/၅) မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်ရှိ ပေ ၂၀ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ လမ်းအရည်အသွေးကောင်းမွန်မှု ရှိ/မရှိကို စစ်ဆေးသည်။

ဆက်လက်၍ သထုံမြို့နယ် အင်တော-အထက် နေခင်ကတုတ်လမ်း (၄/၀) မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် ကွန်ကရစ်တံတား ပေ ၁၀၀ တစ်စင်းနှင့် ပေ ၆၀ တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းအား လည်းကောင်း၊ မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ရေးမြို့နယ် ပလိုင်သိမ် - နီးနူး - သာဂရမ် - အံဒင်ကျေးရွာချင်းဆက်လမ်း (၃/၀) မိုင် အနက် (၁/၀)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းများအား လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံများကိုလည်း လမ်းရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားရန် မှာကြားသည်။

အမြဲတမ်းအတွင်းဝန်နှင့် အဖွဲ့သည် ကရင်ပြည်နယ်အတွင်းရှိ ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၊ ခရိုင်ရုံး၊ မြို့နယ်ရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများ ခံယူကြရမည့် စိတ်ဓာတ်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေး၊ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ပြီးစီးရေးတို့အတွက် ကြပ်မတ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မြေလမ်း (၁၂/၅) မိုင်၊ ကျောက်လမ်း (၄၃/၁)မိုင်၊ ကတ္တရာလမ်း (၁/၀) မိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း (၄/၂)မိုင်၊ တံတား ၂၁ စင်းအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



❑ *ရှေ့ဖုံးမှ*

ကင်းရှင်းစေရေးအတွက် ၎င်းရေယာဉ်များအား သတ်မှတ်ခရီးသည်အတိုင်း တင်ဆောင်ရန်၊ အသက်ကယ်အင်္ကျီ / အသက်ကယ်ဖောကွင်းများ လုံလောက်စွာ အရန်သင့်ထားရှိရန်၊ သတ်မှတ်ဝန်တင်မျဉ်း နစ်မြုပ်သည်အထိ ကျော်လွန်တင်ဆောင်ခြင်း မပြုရန်၊ ရေယာဉ်နှင့် ပတ်သက်သော လိုင်စင်၊ လုပ်ငန်းလိုင်စင် ရေယာဉ် အုပ်/စက်ခန်းအုပ်လက်မှတ်များ ပြည့်စုံမှု ရှိ/မရှိ၊ မြို့နယ်အလိုက် စစ်ဆေးရေးအဖွဲ့များသို့ သတင်းပို့ရန်၊ ညဘက်မောင်းနှင်ခြင်း လုံးဝမပြုလုပ်ရန် စသည့်အချက်များကို အသိပညာပေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ဟန်(ကလေးဝ)**

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း ကျေးရွာ ၁၃ ရွာ၌ Cash For Work စီမံကိန်း ဆောင်ရွက်လျက်ရှိ

**လေရှီး ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း ကျေးရွာ ၁၃ ရွာ၌ Cash For Work စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများကို စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း လေရှီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခေါင်းပေါ့က ပြောကြားသည်။

ရှေးဦးစွာ Cash For Work စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများမှာ ရော်ပါးမီကျေးရွာ၊ ကျဲကော့ကျေးရွာ၊ မွန်းကိုင်လင်ကျေးရွာ၊ ငကျန်ကျေးရွာ၊ အမိမီကျေးရွာ၊ ကူကီးရွာမကျေးရွာ၊ ထဝိုင်ကျေးရွာ၊ မြေနီကုန်းကျေးရွာ၊ ဆုံကင်းကျေးရွာ၊ အောင်ဇေယျကျေးရွာ၊ ဂျီချဲခါးကျေးရွာ၊ ဘုံဘားကျေးရွာနှင့် ဖွန်သရက်ကျေးရွာတို့ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ခွင့်ပြုငွေကျပ် သိန်း ၁၀၀ ဖြင့် ဆောင်ရွက်မည်ဖြစ်ကာ ကျေးရွာ ၁၃ ရွာမှ အိမ်ခြေ ၇၁၃ အိမ်၊ လူဦးရေ ၃၇၆၆ ဦးတို့ကို အကျိုးပြုမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လေရှီးမြို့နယ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း မရှိပါကြောင်း၊ Cash For Work တစ်ခုသာရှိပြီး ယင်းစီမံကိန်းသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ အကျိုးဆက်သက်ရောက်ခြင်းခံရသော ကျေးလက်ဒေသများရှိ ပြည်သူများ၊ ယင်းကျေးရွာရှိ ကုန်ထုတ်လမ်းများနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူ ကိုယ်တိုင်ဆောင်ရွက်စေပြီး လုပ်အားခပေးချေခြင်းစနစ်ဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရန်ကုန်တိုင်းဒေသကြီးရှိ ပါဠိပထမပြန် စာမေးပွဲစာဖြေဌာနများသို့ သွားရောက်၍ ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညို

**ရန်ကုန် ဇူလိုင် ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပါဠိပထမပြန် စာမေးပွဲစာဖြေဌာနများသို့ သွားရောက်၍ ကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညိုသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်းမြို့နယ်သာသနဓဗိမာန်အတွင်းရှိ ပါဠိပထမပြန်စာမေးပွဲ စာဖြေဌာနသို့ သွားရောက်၍ ကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ ဆရာတော်များထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ စာဖြေသံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၏ စာမေးပွဲဖြေဆိုမှုကို လိုက်လံကြည့်ရှုကြည်ညိုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ် မြင်သာမြို့ဦးဓမ္မာရုံ၌ ကျင်းပသော ပါဠိပထမပြန်စာမေးပွဲ စာဖြေဌာနကို သွားရောက်၍ ကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ ဆရာတော်များထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စာဖြေသံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၏ စာမေးပွဲဖြေဆိုမှုကို ကြည့်ရှုကြည်ညိုခဲ့သည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံဆေးကောင်စီ၏ (၂၀၁၆-၂၀၂၀) လေးနှစ်သက်တမ်းအတွင်း ဆောင်ရွက်ချက်များနှင့် အသစ်ပြန်လည်ဖွဲ့စည်းခြင်းကိစ္စရပ်များ ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာနိုင်ငံ ဆေးကောင်စီ၏ (၂၀၁၆-၂၀၂၀) လေးနှစ်သက်တမ်းအတွင်း ဆောင်ရွက်ချက်များနှင့် ဆေးကောင်စီ အသစ် ပြန်လည်ဖွဲ့စည်းခြင်း ကိစ္စရပ်များ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်တွင် ပြုလုပ်သည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံဆေးကောင်စီ၏ (၂၀၁၆- ၂၀၂၀) လေးနှစ်သက်တမ်းအတွင်းဆောင်ရွက်ချက်များနှင့် ဆေးကောင်စီ အသစ်ပြန်လည်ဖွဲ့စည်းခြင်း ကိစ္စရပ်များ ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

### ဆေးကောင်စီ၏ ရည်ရွယ်ချက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံဆေးကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များ ပီပြင်ထိရောက်မှုသည် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဝန်ကြီးဌာန၏ ပုံရိပ်၊ ဆေးပညာလောက၏ ဂုဏ်သိက္ခာ မြင့်မားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များအတွက် အထူးအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၏ ရည်ရွယ်ချက် (၇) ရပ်ဖြစ်သော (၁) အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော ကျန်းမာရေး စောင့်ရှောက်မှုကို နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံး ခံစားခွင့်ရရှိစေရန်၊ (၂) ဆရာဝန်များ၏ ဆေးပညာဗဟုသုတ၊ ကျန်းမာရေး စောင့်ရှောက်မှုအရည်အသွေးနှင့် အဆင့်အတန်းကို အစဉ်တစိုက် ထိန်းသိမ်းမြှင့်တင်ရန်၊ (၃) ဆေးပညာကို ခေတ်နှင့်အညီ လေ့လာသင်ကြားနိုင်စေရန်၊ (၄) ဆရာဝန်များ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်နိုင်စေရန်၊ (၅) ဆေးပညာတိုးတက်မှုကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊ (၆) ဆရာဝန် ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းများ လိုက်နာစောင့်ထိန်းရေးကို ကြပ်မတ်ထိန်းသိမ်းရန်နှင့် (၇) ကောင်းမွန်သော ဆေးကုသမှုပတ်ဝန်းကျင် ဖြစ်ထွန်းစေရန်တို့ကို ရရှိစေရန်အတွက် (က) ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ (ခ) ဆေးပညာသင်ကြားရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းများ အရည်အသွေးနှင့် အဆင့်အတန်း မြင့်မားရေးအတွက် စံချိန်စံညွှန်း သတ်မှတ်ရေးနှင့် ကြီးကြပ်ရေး ကော်မတီနှင့် (ဂ) ကုသရေးဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းနှင့် လုံခြုံမှုအတွက် စံချိန်စံညွှန်း သတ်မှတ်ရေးနှင့် ကြီးကြပ်ရေးကော်မတီတို့ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုများသည် ပီပြင်မှုရှိပြီး ကျေနပ်ဖွယ်ရာရှိပါကြောင်း၊ ဆေးပညာသင်ကြားရေးနှင့် ကုသရေးလုပ်ငန်းများ စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် ပြည့်မီကြောင်း တရားဝင်အသိအမှတ်ပြုရေး ကော်မတီ (Accreditation Commi-ttee) ၏ ဆောင်ရွက်မှုများကြောင့် မိမိတို့အနေဖြင့် ဆေးပညာလောက အဆင့်မြင့်မားလာသည်ကို တွေ့မြင်ရပါကြောင်း။

### တက်ကြွစွာ ဆောင်ရွက်

မိမိတို့ဝန်ကြီးဌာန၏ အဓိက ရည်ရွယ်ချက်တစ်ရပ်ဖြစ်သော - ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဝန်ဆောင်မှုများကို ရရှိစေရေးနှင့် လူနာများ ဘေးကင်းလုံခြုံမှုတို့ကို ရရှိစေရန်အတွက် မြန်မာနိုင်ငံဆေးကောင်စီ၏ စည်းကမ်း ထိန်းသိမ်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆေးပညာရှင်ဆရာဝန်များသည် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှု ပြည့်ဝရုံမျှဖြင့် မရဘဲ အရည်အသွေးပြည့်ဝမှုနှင့် အထူးသဖြင့် ဆေးပညာ ကျင့်ဝတ်သိက္ခာ (medical ethics) စည်းကမ်းလိုက်နာမှုတို့သည် ဆေးပညာရှင်တိုင်း အဓိက တန်ဖိုးထားကာ အလေးအနက် ပြုလုပ်ရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်မှ ယခုအထိ လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံဆေးကောင်စီ၏ လုပ်ငန်းဆောင်တာများကို တတ်နိုင်သမျှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင် အဖွဲ့များနှင့် တာဝန်ရှိသူများ အားလုံးကို ဝန်ကြီးဌာန၏ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုနှစ်တွင် အသစ်ဖွဲ့စည်းမည့် မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့်လည်း လုပ်ငန်းများ ပိုမိုပီပြင်စေရေးအတွက် အရှိန်အဟုန်မြှင့်တင်ကာ ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ စည်းကမ်းထိန်းသိမ်းသည်နှင့် တစ်ပြိုင်တည်းတွင် စည်းကမ်းကို လိုက်နာရန် လိုအပ်သည့် အချက်များကို လမ်းညွှန်ပေးခြင်း၊ ကြိုတင်သတိပေးခြင်း၊ စည်းကမ်း ဖောက်ဖျက်ခြင်းကို ကာကွယ် တားဆီးရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသိပေးခြင်းတို့ကိုပါ တက်ကြွစွာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### အမြင်အမျိုးမျိုးကို ဆွေးနွေး

မြန်မာနိုင်ငံ ဆေးကောင်စီ၏ လုပ်ငန်းများသည် ကြီးမားကျယ်ပြန့်ပြီး တင်စားပြောဆိုရလျှင် တရားသူကြီးသဖွယ်၊ ဥပဒေဝန်ထမ်းသဖွယ်၊ တက္ကသိုလ် ဆရာ/ဆရာမ သဖွယ် ပုံစံများဖြင့် တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီသည် လေးနှစ်တာကာလအတွင်း ဗဟိုအလုပ်အမှုဆောင် အစည်းအဝေး၊ အထူးအစည်းအဝေးနှင့် ဗဟိုကောင်စီအစည်းအဝေး စုစုပေါင်း (၇၁) ကြိမ်တို့ဖြင့် ဆွေးနွေးမှု၊ ညှိနှိုင်းမှုများဖြင့် ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်နေသော မြန်မာနိုင်ငံဆေးကောင်စီကို တိုက်ရိုက်ညွှန်ကြားမှုပြုလုပ်၍မရဘဲ အကြံပေးမှုများကိုသာ ပြုလုပ်နိုင်သည်ဖြစ်သဖြင့် ကောင်စီဝင်များအနေဖြင့် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှ ရှုထောင့်အမြင်အမျိုးမျိုးကို ဆွေးနွေးတိုင်ပင်ပြီး ဆက်လက်လုပ်ဆောင်ကြစေလိုပါကြောင်း၊ အချို့သော ပြည်ပနိုင်ငံများမှ ဆေးပညာဘွဲ့ရရှိလာသူများသည် လူနာများကို လက်တွေ့ကုသမှု အတွေ့အကြုံမရှိသဖြင့် - ပြည်ပနိုင်ငံမျိုးစုံမှ ဆေးပညာဘွဲ့ရယူသူများ မြန်မာနိုင်ငံ၌ ဆေးကုသမှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံ ဆေးကုသခွင့်လိုင်စင် စာမေးပွဲကို ယခုထက်ပိုမိုတင်းကျပ်ကာ ဆောင်ရွက်စေလိုပါကြောင်း၊ ဆေးပညာရှင်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများကိုလည်း အထွေထွေရောဂါကုဆရာဝန်များ အပါအဝင် ဆေးပညာရှင်များအားလုံးသိရှိစေရေး ဆောင်ရွက်စေလိုပြီး ဆေးတက္ကသိုလ်များ၌ တတိယနှစ် သင်တန်းများတွင်လည်း မြန်မာနိုင်ငံဆေးကောင်စီမှ တာဝန်ရှိသူများက ဆေးပညာကျင့်ဝတ်နှင့် စည်းကမ်းဥပဒေများနှင့် ပတ်သက်၍ ဟောပြောပို့ချမှုများ ပြုလုပ်စေလိုပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့် ဆေးပညာရှင်များအတွက် ပညာရှင်ပီသသော အပြုအမူ ဆောင်ရွက်မှုများဆိုင်ရာကို စည်းကမ်းနှင့် ကျင့်ဝတ် စာအုပ်ထုတ်ဝေခဲ့ခြင်းသည် အလွန်အရေးကြီးသည့် ဆောင်ရွက်မှုတစ်ခုဖြစ်ပါကြောင်း၊ ဆေးပညာရှင်များအနေဖြင့် အဆိုပါကျင့်ဝတ် စည်းကမ်းအတိုင်း ကျင့်သုံးရန် အရေးကြီးပါကြောင်း၊ ဘုတ်အဖွဲ့အသိအမှတ်ပြုအထူးကု ဆရာဝန်များအဖြစ် မွေးထုတ်နိုင်ရေးအတွက် မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဆေးပညာဘာသာရပ်အဖွဲ့များက ဦးစားပေးအနေဖြင့် ဆွေးနွေးတိုင်ပင်ကာ မြန်မာနိုင်ငံဆေးကောင်စီနှင့် ပူးပေါင်း၍ အမြန်ဆုံး အကောင်အထည်ဖော်စေလိုပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများနှင့် အခြားဖွံ့ဖြိုးဆဲနိုင်ငံများမှ ဆေးကောင်စီများတွင် ဆောင်ရွက်နေမှုများ၊ လုပ်ငန်းဆောင်တာများအား အမြဲမပြတ်လေ့လာသုံးသပ်ပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည်များကို လုပ်ဆောင်စေလိုပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၏ ဆွေးနွေးချက်များ၊ ဆုံးဖြတ်ချက်များ၊ အကြံပြုချက်များကို ဝန်ကြီးဌာနအနေဖြင့် အလေးအနက်ထား စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အက်စ်ကျော်လှက "မြန်မာနိုင်ငံဆေးကောင်စီ လေးနှစ်သက်တမ်း (၂၀၁၆-၂၀၂၀) အတွင်း ဆောင်ရွက်ချက်များနှင့် တိုးတက်ပြောင်းလဲမှုများ" ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံဆေးကောင်စီဝင်များက အထွေထွေ ဆွေးနွေးအကြံပြုမှုများ ပြုလုပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး အပါအဝင် မြန်မာနိုင်ငံ ဆေးကောင်စီ နာယကများက မြန်မာနိုင်ငံ ဆေးကောင်စီတွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး ကျေးဇူးတင် စကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ငွေးကုန်း - ဝက်ချုပ် - နတ်မောက် ကျေးလက် ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်နှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မကွေးခရိုင် နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့ကို ဆက်သွယ်သည့် ငွေးကုန်း - ဝက်ချုပ် - နတ်မောက် ကျေးလက်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါလမ်းအပိုင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး / ခရိုင် / မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ဝမ်းမြောက်ဂုဏ်ယူ

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ကိုဗစ်-၁၉ ကာလတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မကွေးတိုင်းဒေသကြီး မကွေးခရိုင်တွင် ရှေ့ပြေးစီမံကိန်းဖြင့် ဆောင်ရွက်ပြီးစီးသော "ငွေးကုန်း-ဝက်ချုပ် - နတ်မောက်" ကျေးလက်ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ဒေသခံပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန် ယနေ့ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသော်လည်း Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များကို အထူးလိုက်နာကြရန် ပြောကြားလိုပါကြောင်း။



ဆောက်လုပ်ရေး ဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နှင့်မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်း၊ တံတားများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

### ပို့ဆောင်ပေးနိုင်မည်

ယခုအခါ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သတ်မှတ်လမ်းအင်္ဂါရပ်နှင့်အညီ စံချိန်စံညွှန်းပြည့်မီသည့် ကျေးလက်လမ်း၊ တံတားများအဖြစ် Class (A),(B),(C)အမျိုးအစားခွဲခြားပြီး ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ကျေးလက်လမ်းများ ကောင်းမွန်လာသည်နှင့်အမျှ ကျေးလက် ထုတ်ကုန်များကို စရိတ်စက သက်သက်သာသာဖြင့် မြို့ပြသို့ အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း။

ကျေးလက် လမ်း ၊ တံတားများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အလွန်အရေးပါလှပါကြောင်း၊ ကျေးလက်နေပြည်သူများအတွက် ရာသီမရွေး ဆက်သွယ်သွားလာနိုင်သည့် လမ်းများ လိုအပ်လျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် လမ်း၊ တံတားများ ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အရည်အသွေး စံချိန်စံညွှန်းပြည့်မီသော လမ်း၊ တံတားများ တည်ဆောက်ရေးနှင့် ကျေးရွာများအားလုံး ရာသီမရွေး ဆက်သွယ်သွားလာနိုင်ရန် ရည်မှန်းချက်ထားရှိပြီး ကျေးလက်လမ်းများ ဖွံ့ဖြိုးရေး မဟာဗျူဟာစီမံချက်နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (၂၀၁၇ - ၂၀၃၀) ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

### ရာသီမရွေးအသုံးပြုနိုင်

မြန်မာနိုင်ငံအတွင်း လက်ရှိကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိပြီး ကျေးလက်လမ်း မိုင်အရှည် ငါးသောင်းငါးထောင်ကျော်နှင့် ကျေးလက် တံတားပေါင်း ၂၄၁၈၃ စင်းကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ အဆိုပါလမ်းများအနက် ရာသီမရွေးအသုံးပြုနိုင်သည့် ကျေးရွာ ၅၃ ရာခိုင်နှုန်း၊ ခြောက်သွေ့ရာသီ၌ အသုံးပြုနိုင်သည့် ကျေးရွာ ၃၄ ရာခိုင်နှုန်းနှင့် လမ်းမရှိသေးသည့်ကျေးရွာ ၁၃ ရာခိုင်နှုန်း ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်း ကျေးလက်လမ်း၊တံတားများ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းပမာဏများပြားလွန်းသည့်အတွက် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်သူလူထုမှုဝေခြင်း အစီအစဉ်များဖြင့် လက်တွဲပူးပေါင်း ဆောင်ရွက်လျက် ရှိပါကြောင်း။

### အချိန်တိုအတွင်း သွားလာနိုင်

နတ်မောက်မြို့မှာ ရှေးယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မြို့တစ်မြို့ဖြစ်ပါကြောင်း၊ နတ်မောက်မြို့မှ ရေနံချောင်းမြို့သို့ သွားရောက်ရာတွင် မြေသားကျောက်လမ်းအဆင့်ဖြင့်သာ အသုံးပြုပြီး သွားခဲ့ရသည့်အတွက် အချိန်ကုန်၊ လူပန်းဖြစ်ခဲ့ရပါကြောင်း၊ ယခုလမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည့်အတွက် နတ်မောက်မြို့မှ ရေနံချောင်းမြို့သို့ ယနေ့ဖွင့်လှစ်ပေးသည့် အရှည် ၂၉ မိုင် ၇ ဖာလုံ ရှိသည့် ငွေးကုန်း-ဝက်ချုပ်- နတ်မောက် ကျေးလက်လမ်း ကတ္တရာလမ်းသစ်ကြီးမှ သွားပါက အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်သည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံတည်ဆောက်ပေးခဲ့သည့် "ငွေးကုန်း-ဝက်ချုပ်- နတ်မောက်" ကတ္တရာလမ်းသစ်ကြီးအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နတ်မောက်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေက ငွေးကုန်း - ဝက်ချုပ် - နတ်မောက်လမ်း ကတ္တရာလမ်းသစ်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားသည်။

### ဝိုင်းဝန်းထိန်းသိမ်း

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ငွေးကုန်း - ဝက်ချုပ် - နတ်မောက်လမ်း ကတ္တရာလမ်းသစ်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် ကတ္တရာလမ်းကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဖဲကြိုးဖြတ် ဖွင့်လှစ်

ယင်းနောက် ငွေးကုန်း - ဝက်ချုပ်- နတ်မောက်လမ်း ကတ္တရာလမ်းသစ်အား ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်နှင့် နတ်မောက်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ဓာတ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များသည် ငွေးကုန်း - ဝက်ချုပ် - နတ်မောက်လမ်း ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှုသည်။

ယနေ့ဖွင့်လှစ်သည့် "ငွေးကုန်း - ဝက်ချုပ် - နတ်မောက်" ကျေးလက်ကတ္တရာလမ်းသစ်သည် အရှည် ၂၉ မိုင် ၇ ဖာလုံ၊ အကျယ် ၁၂ ပေ ရှိပြီး ယခင်က မြေသားကျောက်ချောလမ်းအဆင့်သာရှိခဲ့ရာမှ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရှေ့ပြေးစီမံကိန်းအနေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ကတ္တရာလမ်းသစ်ကို ယနေ့ အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ယခု လမ်းအပိုင်းကို ဖွင့်လှစ်ပေးလိုက်သည့်အတွက် ယခင် နတ်မောက်မြို့မှ ရေနံချောင်းမြို့သို့ သွားရာတွင် မကွေး(ကန်ပြား) ဘက်မှ ပတ်ပြီး ရေနံချောင်းသို့ ၅၉ မိုင် သွားနေရကာ ယခု ငွေးကုန်း - ဝက်ချုပ်- နတ်မောက်ဖြတ်လမ်း ၂၉ မိုင် ၇ ဖာလုံ မှသွားလျှင် နတ်မောက်မြို့မှ ရေနံချောင်းမြို့ကို ၄၆ မိုင် ၃ ဖာလုံဖြင့် ရောက်ရှိမည်ဖြစ်၍ ယာဉ်မောင်းချိန် မိနစ် ၃၀ နှင့် လမ်းမိုင်အရှည် ၁၀ မိုင်ကျော် သက်သာသွားမှာဖြစ်ပြီး ကျေးရွာ ၅၉ ရွာ၊ အိမ်ခြေ ၉၂၇၈ အိမ်နှင့် လူဦးရေ ၄၈၄၅၇ ဦးကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ချောက်မြို့နယ်ရဲတပ်ဖွဲ့မှ ပါဠိပထမပြန်စာဖြေဆို သံဃာ၊ သီလရှင်တို့အား အချိုရည်ဆက်ကပ်

**ချောက် ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့ အမှတ်(၁၁) ရပ်ကွက် ဗဟိုကွက်သစ်ရပ် သာသနာ့ဗိမာန်တော်ကြီး၌ ပါဠိပထမပြန်စာဖြေဆို သံဃာ၊ သီလရှင်တို့အား ယမန်နေ့က ချောက်မြို့နယ်ရဲတပ်ဖွဲ့က အချိုရည်များ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအချိုရည်ဆက်ကပ်လှူဒါန်းမှုတွင် ချောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဝင်း၊ ချောက်မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်မြင့်ဦးနှင့် တပ်ဖွဲ့ဝင်များက စာဖြေ သံဃာ၊ သီလရှင် စုစုပေါင်း ၇၇ ပါးနှင့် ကြီးကြပ်သံဃာတော် အရှင်သူမြတ် ၁၁ ပါးတို့အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်မိုး
(ပြန်/ဆက်)

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ရေဘုတ်ရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်

**လှိုင်းဘွဲ့ ဇူလိုင် ၁၈**

ကရင်ပြည်နယ်အတွင်း ငါးသယံဇာတ တိုးပွားလာစေရေး၊ ငါးမျိုးထိန်းသိမ်းနိုင်ရေး၊ ရေရှည် စဉ်ဆက်မပြတ် ငါးစားသုံးနိုင်ရေးတို့အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက လှိုင်းဘွဲ့မြို့နယ် ရေဘုတ်ရေလှောင်တမံတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လှိုင်းဘွဲ့မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၀၀၀၀၀ ကို မျိုးစိုက်ထည့်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများ လှိုင်းဘွဲ့မြို့နယ် ရေဘုတ်ရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်စဉ်။

# ဗိုလ်ချုပ်အောင်ဆန်းနှင့် အနိုင်မခံ

## ဓွဲသန်းဿျှင်း(သုံးဆယ်)

**အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၃၂ ခုနှစ် အသက် ၁၈ နှစ်တွင် အထက်တန်းပညာအောင်မြင်ပြီး ထိုနှစ် ဇွန်လမှာပင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိလာပါသည်။ ၁၉၃၅-၃၆ ခုနှစ်အတွက် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂအမှုဆောင်အဖြစ် ရွေးကောက်ပွဲကို ဝင်ရာ ၁၉၃၅ ခုနှစ် နိုဝင်ဘာလတွင် အရွေးခံယူပြီး ကျောင်းသားသမဂ္ဂမှ ဦးစီးထုတ်ဝေသည့် အိုးဝေမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။**

ဗိုလ်ချုပ်အောင်ဆန်း အယ်ဒီတာမလုပ်မီအချိန်က အိုးဝေမဂ္ဂဇင်းကို ကျောင်းသားများသမဂ္ဂ မဂ္ဂဇင်းဟု ရိုးရိုးပင် ခေါ်နေကြသည်။ အယ်ဒီတာမှာ အငြိမ်းစား မြန်မာစာပါမောက္ခ ဦးချမ်းမြ(မြကေတု) ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသမဂ္ဂ မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဖြစ်လာသည့်အခါကျမှပင် အိုးဝေမဂ္ဂဇင်းဟု အမည်ပြောင်းခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆရာညိုမြတို့ နှစ်ဦးသည် တက္ကသိုလ်သမဂ္ဂမဂ္ဂဇင်း (နောင်အိုးဝေမဂ္ဂဇင်း) အယ်ဒီတာအဖြစ် ဆောင်ရွက်ရေးကိစ္စနှင့် ပတ်သက်၍ ၎င်းတို့နှစ်ဦး ညှိနှိုင်းတိုင်ပင်ခဲ့ကြရာ ဗိုလ်ချုပ်အောင်ဆန်းက မဂ္ဂဇင်းအယ်ဒီတာလုပ်၍ ဆရာညိုမြက မဂ္ဂဇင်းမန်နေဂျာလုပ်ရန် နှစ်ဦးသဘောတူညီခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက သမဂ္ဂမဂ္ဂဇင်းဟု ခေါ်တွင်ခြင်းကို မကြိုက်သဖြင့် နာမည်အသစ် ရွေးချယ်ကြရာ ဆရာညိုမြ အကြံပေးသည့်အတိုင်း အိုးဝေမဂ္ဂဇင်းဟူသောအမည်ဖြင့် ၁၉၃၆ခုနှစ် ဇန်နဝါရီလထုတ်မှစ၍ ပြောင်းလဲထုတ်ဝေခဲ့ကြသည်။

သို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် အိုးဝေမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအဖြစ် အိုးဝေမဂ္ဂဇင်း အတွဲ-၅၊ အမှတ်-၁၊ ၁၉၃၆ ခုနှစ် ဇန်နဝါရီလထုတ်ကို စတင်ထုတ်ဝေခဲ့သည်။ ယင်းမဂ္ဂဇင်းတွင် တက္ကသိုလ်အာဏာပိုင်များကို သရော်ထားသော “ယမမင်း” ကလောင်အမည်ဖြင့် ဆရာညိုမြရေးသားသည့် “ငရဲခွေးကြီးလွတ်နေပြီ” (The Hell-Hound at Large) ဆောင်းပါး ပါလာရာ ဆောင်းပါးရေးသူကို အယ်ဒီတာဗိုလ်ချုပ်အောင်ဆန်းက ဖော်ထုတ် မပေးသဖြင့် အာဏာပိုင်များက မကျေမနပ် ဖြစ်ခဲ့သည်။

### ခေါင်းကြီးပိုင်းဖော်ပြသည့် အနိုင်မခံကဗျာ

၁၉၃၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဒုတိယအကြိမ် တက္ကသိုလ်ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာပြီး ၁၉၃၆ခုနှစ် မေလ ၁၀ရက်နေ့တွင် ကျောင်းသားများ သပိတ်လှန်ခဲ့သည်။ ၁၉၃၆ခုနှစ် စက်တင်ဘာလတွင် အိုးဝေမဂ္ဂဇင်း အတွဲ-၆၊ အမှတ်-၁ ထွက်လာပါသည်။ မဂ္ဂဇင်းတွင် ခေါင်းကြီးပိုင်းအဖြစ် “အနိုင်မခံ”ကဗျာအား ဖော်ပြထားပါသည်။ ရေးသူအမည် မပါပေ။ သို့ရာတွင် မဂ္ဂဇင်းတို့၏ ထုံးတမ်းစဉ်လာအရ ခေါင်းကြီးပိုင်းကို တာဝန်ခံအယ်ဒီတာများကသာ ရေးသားရမြဲဖြစ်သဖြင့် “အနိုင်မခံ” ကဗျာကို အိုးဝေမဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ ဗိုလ်ချုပ်အောင်ဆန်းပင် ရေးသားခဲ့ပါသည်။ မူရင်းကဗျာမှာ ဝီလျံအာနက်ဟင်နလီ (Willian Erarvnes Henley) ရေးသည့် Invictus အမည်ရှိကဗျာကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်သည်။

နောင်တွင် “အနိုင်မခံ” ကဗျာကို ဗိုလ်ချုပ်အောင်ဆန်း ရေးသားခဲ့ခြင်း ဖြစ်သည်ဟူ၍လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းရေးသားခဲ့ခြင်း မဟုတ်ဟူ၍လည်းကောင်း ရေးသားတင်ပြလာခဲ့ကြသည်မှာ ယနေ့ထိတိုင်အောင်ပင် ဖြစ်ပါသည်။ “အနိုင်မခံ” ကဗျာကို ဗိုလ်ချုပ်အောင်ဆန်း ရေးသားခဲ့သည်ဟု အစောဆုံးတင်ပြခဲ့သူမှာ ဒေါက်တာမောင်မောင်ဖြစ်ပါသည်။ ဒေါက်တာမောင်မောင်သည် ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၁ ရက်နေ့အထိ The Nation သတင်းစာတွင် “Aung San A Biography by Maung Maung” အမည်ဖြင့် ရေးသားခဲ့ပါသည်။ ဒေါက်တာမောင်မောင်က ၁၉၄၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် တာဝါလိန်းရှိ ဗိုလ်ချုပ်အောင်ဆန်းအိမ်သို့ ရောက်သွားပြီး ဗိုလ်ချုပ်နှင့် စကားပြောဆိုရာတွင် “အနိုင်မခံ” ကဗျာနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရေးသားထားပါသည်။

### သတ္တိရှိတဲ့စိတ်ဓာတ် အောင်မြင်အောင်လုပ်နိုင်

“ဗိုလ်ချုပ်က စကားပြောနေရာမှ ကျွန်တော့်ဘက်သို့ လှည့်လိုက်ကာ သူကဆက်လက်ပြောပြန်သည်။ “ဒါကြောင့် သတ္တိရှိရမယ်၊ သတ္တိရှိတဲ့စိတ်ဓာတ်ဟာ မိမိရဲ့ဆန္ဒကို အောင်မြင်အောင်လုပ်ပေးနိုင်တယ်၊ ကျွန်တော့်ခေါင်းထဲမှာ ကျွန်တော်အလွန်ကြိုက်တဲ့ ကဗျာတစ်ပုဒ် ရှိတယ်ဗျ၊ အဲဒီကဗျာကို ခင်ဗျားဖတ်ဖူးမှာပေါ့” ထိုသို့ပြောရင်း သူက ဝီလျံအာနက်ဟင်နလီ၏ “အနိုင်မခံ” Invictus ကဗျာကို



တက္ကသိုလ်ရောက်စ ကိုအောင်ဆန်း။

ရွတ်ပြပါသည်။ နောက် ဒီကဗျာကို ကျွန်တော်ဘာသာပြန်ပြီး အိုးဝေမဂ္ဂဇင်းမှာ ရေးခဲ့ဖူးတယ်။ ဒီတုန်းက ကျွန်တော်က အိုးဝေအယ်ဒီတာပေါ့”

“အနိုင်မခံ”ကဗျာကို ဗိုလ်ချုပ်အောင်ဆန်းရေးသားခဲ့ကြောင်း တင်ပြသူ နောက်တစ်ဦးမှာ မြန်မာစာပါမောက္ခဟောင်း ဆရာကြီးဦးချမ်းမြ (မြကေတု) ဖြစ်ပါသည်။ ဆရာကြီး ဦးချမ်းမြက သူနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ “အနိုင်မခံ” ကဗျာနှင့်ပတ်သက်၍ ဘာသာပြန်ဆိုပုံ၊ ဝေါဟာရသုံးနှုန်းပုံတို့ကို ဆွေးနွေးခဲ့ကြောင်း သူ၏ “နှောင်းခေတ်တက္ကသိုလ် ဘဝမှတ်တမ်းများ” စာအုပ် စာ-၃၀၁ တွင် အောက်ပါအတိုင်း ရေးထားပါသည်-

၁၉၃၅-၃၆ ခုနှစ်တွင် သခင်အောင်ဆန်းသည် မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာဖြစ်လာပြီး ၁၉၃၆-၃၇ ခုနှစ်တွင် ကိုညိုမြက မဂ္ဂဇင်းတာဝန်ခံအဖြစ် ဆက်လက်ထမ်းဆောင်ပါသည်။ သခင်အောင်ဆန်းသည် ၁၉၃၅-၃၆ ခုနှစ် အိုးဝေမဂ္ဂဇင်းတာဝန်ခံဖြစ်လာစဉ် ယင်းမဂ္ဂဇင်း၏ ခေါင်းကြီးပိုင်းတွင် “အနိုင်မခံ” ကဗျာကို ရေးသားထည့်သွင်းပါသည်။ ဤဘာသာပြန်ကဗျာကို သူကိုယ်တိုင် ဘာသာပြန်ရေးသားကြောင်းကိုလည်း ကျွန်တော်ကိုယ်တိုင် သိပါသည်။ ကျွန်တော်သည် သမဂ္ဂအသင်းသို့ အားလပ်သည့်အချိန်တိုင်း သွားရောက်လည်ပတ်တတ်ပါသည်။ သမဂ္ဂသို့ ရောက်လာသည့်အခါတိုင်း သခင်အောင်ဆန်းနှင့် တွေ့ကြပါသည်။

**“၁၉၃၅-၃၆ ခုနှစ်တွင် သခင်အောင်ဆန်းသည် မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာဖြစ်လာပြီး ၁၉၃၆-၃၇ ခုနှစ်တွင် ကိုညိုမြက မဂ္ဂဇင်းတာဝန်ခံ အဖြစ် ဆက်လက်ထမ်းဆောင်ပါသည်။ သခင်အောင်ဆန်းသည် ၁၉၃၅- ၃၆ ခုနှစ် အိုးဝေမဂ္ဂဇင်း တာဝန်ခံဖြစ်လာစဉ် ယင်းမဂ္ဂဇင်း၏ ခေါင်းကြီးပိုင်းတွင် “အနိုင်မခံ” ကဗျာကို ရေးသားထည့်သွင်းပါသည်”**

တစ်နေ့သော် သခင်အောင်ဆန်းက ကိုချမ်းမြ ကပ္ပတိန် အောက်ဖ်သည် ဆိုးလ် (Captain of the soul) ကို ခင်ဗျား ဘယ်လိုပြန်မလဲဟု မေးပါသည်။ ကျွန်တော်က မာလိန်မှူးဆိုရင် ပိုကောင်းလိမ့်မယ်ထင်တယ်ဟု ပြန်ဖြေလိုက်ပါသည်။

ဤဝေါဟာရကို သခင်အောင်ဆန်း သဘောမကျပါ။ သူ၏မှတ်စု အကြမ်းစာအုပ်ထဲတွင် ယင်းကဗျာ ဘာသာပြန်ကို ရေးခြစ်လိုက်၊ ဖျက်လိုက်လုပ်နေသည်ကို တွေ့ရပါသည်။

“အနိုင်မခံ”ကဗျာကို ကိုအောင်ဆန်းရေးသားရာ၌ အိုးဝေမဂ္ဂဇင်းခေါင်းကြီးပိုင်းတွင် သူ၏ နာမည်မပါကြောင်းမှာ အဆန်းမဟုတ်ပါ။ ခေါင်းကြီးပိုင်းကို ရေးသားသူ၏ အမည်မှာ မဂ္ဂဇင်းတို့၏ ထုံးတမ်းစဉ်လာအရ ပါလေ့ပါထ မရှိပါ။ ခေါင်းကြီးပိုင်းကို တာဝန်ခံအယ်ဒီတာများက သာလျှင် ရေးသားကြရမြဲဖြစ်ပါသည်။ အခြားကဗျာ တစ်ပုဒ်စ နှစ်ပုဒ်စကိုလည်း သခင်အောင်ဆန်း ရေးသားဖူးသည်ကို သိပါသည်။ သို့သော် သူ့အမည်ကို မတွေ့ရပါ”။


ဆရာဦးချမ်းမြသည် ဗိုလ်ချုပ်အောင်ဆန်းထက် အရင်စောပြီး သမဂ္ဂမဂ္ဂဇင်း (နောင် အိုးဝေမဂ္ဂဇင်း) တာဝန်ခံအယ်ဒီတာလုပ်ခဲ့သူ ဖြစ်ပါသည်။ ၎င်းနောက်မှ ဗိုလ်ချုပ်အောင်ဆန်းသည် အိုးဝေမဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာအဖြစ် ဆရာဦးချမ်းမြနေရာကို ဆက်ခံခဲ့ပါသည်။

### လွတ်လပ်ရေးအရလိုချင်သည့် စိတ်ဓာတ်

“အနိုင်မခံ”ကဗျာကို ဗိုလ်ချုပ်အောင်ဆန်းရေးသားခဲ့သည်ဟု ထောက်ပြသူတစ်ဦးမှာ ဆရာ မောင်ထင်ဖြစ်ပါသည်။ ဆရာမောင်ထင်က မူရင်းကဗျာဆရာဝီလျံအာနက်ဟင်နလီ၏ ကဗျာနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေး အရလိုချင်သည့်စိတ်ဓာတ်တို့ကို နှိုင်းယှဉ်ကာ ကမ္ဘာ့ စာပေအညွှန်း အင်္ဂလိပ်စာပေသမိုင်း (ဒုတိယတွဲ) စာ-၁၈၄ တွင် အောက်ပါအတိုင်း ထောက်ပြထားပါသည်။

“တို့အင်္ဂလန်ဟူသော ဇာတိမာန်ဖြင့် ကဗျာဖွဲ့သူမှာ ဝီလျံအာနက်ဟင်နလီ (၁၈၄၉-၁၉၀၃) ဖြစ်သည်။ မိမိလူမျိုးနှင့် မိမိနိုင်ငံကို ကြီးကျယ်မြင့်မြတ်စေလိုသော ဇောဖြင့် အားပေးလှုံ့ဆော်သော စေတနာကို ဟင်နလီ၏ ကဗျာများ၌ တွေ့ရသည်။ မိမိတိုင်းပြည်ကိုလွတ်လပ်စေလိုသော ဆန္ဒပြင်းပြသူအဖို့မှာ ဟင်နလီ၏ ကဗျာတို့သည် လွတ်လပ်ရေးကြိုးပမ်းမှုကို အားသစ်မာန်သစ်လောင်းပေးသကဲ့သို့ ရှိသည်။”

“ဤအကြောင်းကြောင့် နယ်ချဲ့ဝါဒကိုတော်လှန်သူ ဗိုလ်ချုပ်အောင်ဆန်းသည် ဟင်နလီ၏ ကဗျာ၌ရှိသော နိုင်ငံအတွက်ကြိုးပမ်းခြင်း အနှစ်သာရကို များစွာနှစ်ခြိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းကဗျာကား အိုးဝေမဂ္ဂဇင်း တစ်စောင်တွင် ပါရှိသော “အနိုင်မခံ”ကဗျာဖြစ်သည်။ ယင်းကဗျာသည် ဗိုလ်ချုပ်အောင်ဆန်းအား မိမိကို မိမိကံကြမ္မာကသာလျှင် ဖန်တီးသည်။ မိမိစိတ်ကို မိမိသာလျှင် စိုးပိုင်သည်ဟူသော ရဲရဲတောက် အာဇာနည် စိတ်ဓာတ်တို့ဖြင့် သိဒ္ဓိတင်ပေးခဲ့လေသည်။”



ကိုအောင်ဆန်းနှင့် ကျောင်းသား သမဂ္ဂအဖွဲ့ဝင်များ မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဗိုလ်ချုပ်အောင်ဆန်းသည် သူကိုယ်တိုင် ဘာသာပြန်ဆိုရန် မဟုတ်ဘဲ "အနိုင်မခံ" ကဗျာနှင့် ပတ်သက်၍ ဘာသာပြန်ဆိုပုံ၊ ဝေါဟာရသုံးနှုန်းပုံတို့ကို ပါမောက္ခ ဦးချမ်းမြအား တိုင်ပင်ဆွေးနွေးလိမ့်မည် မဟုတ်ပေ။ ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းသည် အမှန်တကယ် သူ မရေးသားခဲ့ဘဲ အိုးဝေမဂ္ဂဇင်းတွင် သူရေးသားခဲ့ပါသည်ဟု ဒေါက်တာမောင်မောင်အား ပြောပြလိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် "အနိုင်မခံ" ကဗျာကို သူအမှန်တကယ် ဘာသာပြန်ဆို ရေးသားခဲ့၍သာ ဘာသာပြန်ဆိုပုံ၊ ဝေါဟာရသုံးနှုန်းပုံတို့ကို ဆရာဦးချမ်းမြအား တိုင်ပင်ဆွေးနွေးခဲ့ခြင်း ဖြစ်ပါသည်။ ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းသည် သူအမှန်တကယ် ဘာသာပြန်ပြီး အိုးဝေမဂ္ဂဇင်းတွင် ရေးသားခဲ့၍သာ ဒေါက်တာမောင်မောင်အား ပြန်လည်ပြောပြခဲ့ခြင်း ဖြစ်ပါသည်။

**ကမ္ဘာ့စာပေအညွှန်းတွင် မှတ်တမ်းတင် ဖော်ပြ**

ဆရာမောင်ထင်ကလည်း အိုးဝေမဂ္ဂဇင်းပါ "အနိုင်မခံ" ကဗျာကို ဗိုလ်ချုပ်အောင်ဆန်း အမှန်တကယ်ရေးသားခဲ့၍သာ ကမ္ဘာ့စာပေအညွှန်းစာအုပ်တွင် မှတ်တမ်းတင် ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ ဒေါက်တာ မောင်မောင်၏ တင်ပြချက်၊ ဆရာဦးချမ်းမြ၏ တင်ပြချက်၊ ဆရာမောင်ထင်၏ တင်ပြချက်များကို ထောက်ရှုကြည့်လျှင် "အနိုင်မခံ" ကဗျာကို ဗိုလ်ချုပ်အောင်ဆန်း အမှန်တကယ်ရေးသားခဲ့ကြောင်း ဖော်ပြသည့် အရင်းခံအထောက်အထားများဖြစ်ပါသည်။

"အနိုင်မခံ" ကဗျာကို ရေးသူမှာ ဗိုလ်ချုပ်အောင်ဆန်း မဟုတ်၊ ဆရာညိုမြဖြစ်သည်ဟု တင်ပြသူလည်း ရှိပါသေးသည်။ တင်ပြသူဆောင်းပါးရှင်က "အနိုင်မခံ" ကဗျာကို ဘာသာပြန်ရေးသားခဲ့သူမှာ ညိုမြဖြစ်သည်။ ညိုမြသည် ဒုတိယကောလိပ်သပိတ်ကြီးအပြီးတွင် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် တာဝန်ယူရလေသည်။ ထိုအခါ သူ တည်းဖြတ်ထုတ်ဝေသော အိုးဝေမဂ္ဂဇင်းကို "အထူး သပိတ်မှောက်စာစောင်"ဟူ၍ အမည်တပ်ခဲ့သည်။ ထိုအိုးဝေမဂ္ဂဇင်းခေါင်းကြီးကို အယ်ဒီတာဖြစ်သူ ညိုမြက ရေးသားခဲ့သည်။ ဤသို့ဖြင့် အိုးဝေမဂ္ဂဇင်းခေါင်းကြီးပိုင်းအဖြစ် "အနိုင်မခံ" ကဗျာကို ဖော်ပြခဲ့ခြင်းဖြစ်သည်။" ဟု တင်ပြထားပါသည်။


ဆောင်းပါးရှင်သည် ဆရာညိုမြက ဆရာတိုက်စိုးအား ရေးပေးခဲ့သည့် မှတ်စုတိုကလေးကို ရည်ညွှန်းထောက်ပြကာ "အနိုင်မခံ"ကဗျာကို ဆရာညိုမြရေးသားခဲ့သည်ဟု အထက်ဖော်ပြပါအတိုင်း တင်ပြခဲ့ခြင်းဖြစ်ပါသည်။ ဆရာညိုမြ ရေးပေးခဲ့သည်ဆိုသော မှတ်စုတို ကလေးတွင် -

> ၁၉၃၆ ခုနှစ်၊ တက္ကသိုလ်သပိတ်ကြီး အောင်မြင်စွာ ပြီးဆုံးပြီးနောက် ၁၉၃၇ ခုနှစ်တွင် ကျွန်တော်သည် တက္ကသိုလ်သမဂ္ဂမဂ္ဂဇင်း (အိုးဝေ) ကို တာဝန်ခံ အယ်ဒီတာအဖြစ် ကိုအောင်ဆန်း "ဗိုလ်ချုပ်" နေရာကို ဆက်ခံခဲ့ပါသည်။ ထိုနှစ်က အိုးဝေခေါင်းကြီးပိုင်းတွင် "အနိုင်မခံ" ဟူသော ခေါင်းစဉ်ဖြင့် ရေးသားပါရှိခဲ့ရာ ထိုစာမှ W.E Henley ခေါ် အင်္ဂလိပ်စာရေးဆရာ ရေးသားသည့် Invictus ဟူသော ကဗျာကိုမှီး၍ ရေးသားခဲ့ခြင်းဖြစ်သည်။" ဟု ဖော်ပြပါရှိပါသည်။

"အနိုင်မခံ" ကဗျာကို ရေးသားခဲ့သူမှာ ဗိုလ်ချုပ်အောင်ဆန်းမဟုတ်၊ ဆရာမင်းသုဝဏ်ဖြစ်သည်ဟု ဆရာ တက္ကသိုလ်စိန်တင်က ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့ထုတ် မြန်မာပို့စ်ဂလိုဘယ်ဂျာနယ်တွင် ရေးသားတင်ပြထားပါသည်။ ဆရာတက္ကသိုလ်စိန်တင်က သူ့ဆောင်းပါးတွင် "သည်အချိန်တွင် ကဗျာဆရာ W.E Henley ရေးသားသီဖွဲ့ထားသောကဗျာကို ကိုအောင်ဆန်း သတိရသည်။ ထိုအချိန်တွင် အိုးဝေမဂ္ဂဇင်း၏ အာဘော်ဖြစ်သည့် ကဗျာဘာသာပြန်ချက်ကို ဆက်ဆက်ကြီး ထည့်သွင်းဖော်ပြရန် ကိုအောင်ဆန်းအကြံရပါလိမ့်မည်။ သူငယ်ချင်း ညိုမြနှင့် တိုင်ပင်ပြီးလျှင် ထိုအချိန်က နာမည်ကျော်ကြားစပြုနေသော ကဗျာဆရာ မင်းသုဝဏ်ကို တာဝန်ပေးသည်။ ကိုအောင်ဆန်း၊ ကိုညိုမြ၊ ကိုဝန်(မင်းသုဝဏ်)တို့ သုံးဦး ခေါင်းချင်းဆိုင်ကြပြီး ကဗျာကို ဘာသာပြန်ရန်ကိစ္စ မင်းသုဝဏ်က တာဝန်ယူသည်။ စကားလုံး အသုံးအနှုန်း၊ အထားအသိုတို့ကို မျိုးချစ်ကျောင်းသား သုံးဦးတို့ တိုင်ပင်ညှိနှိုင်းပြီးသောအခါတွင် သမိုင်းဝင် "အိုးဝေမဂ္ဂဇင်း" ခေါင်းကြီးပိုင်းအာဘော်သည် နာမည်ကျော်ကြားလျက် ကျောင်းသား ကျောင်းသူများအတွင်း သက်ဆင်းလှုပ်ရှားသွားတော့သည်"ဟု ဖော်ပြထားပါသည်။



ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုအောင်ဆန်း။



University of Rangoon
Bachelor of Arts
This is to certify that
Aung San
has been admitted to the degree of Bachelor of Arts in this University.
Rangoon
The 13th July 1940
Vice-Chancellor

ကိုအောင်ဆန်း၏ ဘီအေအောင်လက်မှတ်။

**ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာ**

"အနိုင်မခံ" ကဗျာနှင့် ပတ်သက်၍ ယင်းကဲ့သို့ အလွဲလွဲ အမှားမှား မှတ်ယူကြကာ ရေးနေကြ၊ ပြောနေကြမည်ဆိုလျှင် နောင်းလူတို့ အမှတ်မှားကာ နောင်တစ်ချိန်တွင် အမှားကို အမှန်ဟု မှတ်ယူမည်ကို စိုးရပါသည်။ ဤနေရာတွင် ကျောင်းသားများသမဂ္ဂတွင် ဗိုလ်ချုပ်အောင်ဆန်း ပါဝင်ဆောင်ရွက်ခဲ့သည့် အခန်းကဏ္ဍအား တင်ပြမှသာ "အနိုင်မခံ" ကဗျာသည် ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာတစ်ပုဒ်ဖြစ်ကြောင်း သိနိုင်မည်ဖြစ်ပါသည်။

၁၉၃၅-၃၆ ခုနှစ်အတွက် တကသအမှုဆောင်ရွေးကောက်ပွဲကို ၁၉၃၅ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်ရာ ဗိုလ်ချုပ်အောင်ဆန်းသည် အမှုဆောင်အဖြစ် အရွေးခံရကာ အိုးဝေမဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ၁၉၃၆-၃၇ ခုနှစ် အတွက် တကသအမှုဆောင် ရွေးကောက်ပွဲကို ၁၉၃၆ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ရာ ဗိုလ်ချုပ်အောင်ဆန်းသည် တကသ ဒု-ဥက္ကဋ္ဌအဖြစ် အရွေးခံရပါသည်။ ထိုသို့ ဒု-ဥက္ကဋ္ဌအဖြစ် အရွေးခံရသဖြင့် သမဂ္ဂတာဝန်လည်း ပိုမိုများပြားလာကာ အိုးဝေမဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာ အလုပ်ကို မလုပ်ကိုင်နိုင်တော့ပေ။ ထိုအခါ အိုးဝေမဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ တာဝန်ကို ဆရာညိုမြက ပြောင်းလဲတာဝန်ယူခဲ့ရပါသည်။

ထို့ကြောင့် ဆရာညိုမြသည် ၁၉၃၆ ခုနှစ် စက်တင်ဘာလထုတ် အိုးဝေမဂ္ဂဇင်း အတွဲ-၆၊ အမှတ်-၁ ကို ထုတ်ဝေစဉ်အခါက အိုးဝေမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအဖြစ် မဆောင်ရွက်ခဲ့ရသေးပေ။ ထို့အတူ အိုးဝေမဂ္ဂဇင်းခေါင်းကြီးပိုင်းအဖြစ် ဖော်ပြခဲ့သော "အနိုင်မခံ" ကဗျာကိုလည်း ဆရာ ညိုမြ ရေးသားခြင်း မဟုတ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ဆရာညိုမြကိုယ်တိုင် ဆရာတိုက်စိုးအား ရေးပေးခဲ့သည့်မှတ်စုတိုတွင် ဖော်ပြထားချက်အရ သူသည် ၁၉၃၇ ခုနှစ်တွင် အိုးဝေမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအဖြစ်ကို ကိုအောင်ဆန်း "ဗိုလ်ချုပ်"နေရာကို ဆက်ခံရပါသည်ဟု ရေးထားသောကြောင့် ဖြစ်ပါသည်။

အထက်ဖော်ပြပါ အချက်များကို ထောက်ရှုကြည့်လျှင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၃၆ခုနှစ် ဒီဇင်ဘာလတွင် တကသဒု-ဥက္ကဋ္ဌအဖြစ် အရွေးခံရသည်ဆိုသောစကားနှင့် ကျွန်တော်သည် ၁၉၃၇ ခုနှစ်တွင် အိုးဝေမဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာအဖြစ် ကိုအောင်ဆန်း "ဗိုလ်ချုပ်"နေရာကို ဆက်ခံခဲ့ပါသည်ဆိုသော ဆရာညိုမြ၏ စကားတို့ကို ဆက်စပ်နှိုင်းယှဉ်ကြည့်သည့်အခါ ၁၉၃၆ခုနှစ် စက်တင်ဘာလထုတ် အိုးဝေမဂ္ဂဇင်းပါ "အနိုင်မခံ" ကဗျာကို ရေးသားသူမှာ ဗိုလ်ချုပ်အောင်ဆန်းသာဖြစ်ပါသည်။ဆရာညိုမြ မဟုတ်ပေ။ တစ်ခုတော့ရှိပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် "အနိုင်မခံ" ကဗျာအား ဘာသာပြန်ဆိုပုံ၊ ဝေါဟာရသုံးနှုန်းပုံတို့နှင့် ပတ်သက်၍ ဆရာဦးချမ်းမြနှင့်ဆွေးနွေးတိုင်ပင်ခဲ့သလို ဆရာညိုမြနှင့်လည်း "အနိုင်မခံ" ကဗျာအား ဘာသာပြန်ဆိုပုံ၊ ဝေါဟာရသုံးနှုန်းပုံနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ကောင်း ဆွေးနွေးတိုင်ပင်ပါလိမ့်မည်။ ထိုအခါဆရာညိုမြသည် "အနိုင်မခံ" ကဗျာနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းအား အကူအညီပေးလိမ့်မည်ဟု ယူဆရပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် "အနိုင်မခံ"ကဗျာသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာတစ်ပုဒ်ဖြစ်ကြောင်း အရင်းခံအထောက်အထားများဖြင့် တင်ပြရင်း ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် (၇၃) ခုနှစ်မြောက် အာဇာနည်နေ့နှင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ဤ ဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်ရပါသည်။

အနိုင်မခံကဗျာကို နှောင်းခေတ်တက္ကသိုလ်ဘဝမှတ်တမ်းများစာအုပ်မှရယူပါသည်။ ။

**"အနိုင်မခံ"**

- ❖ ငါ့အား ဖုံးလွှမ်းထားသော လကွယ်
  သန်းခေါင် ဤမှောင်မိုက်တွင်းမှနေ၍
  အနိုင်မခံအရှုံးမပေးတတ်သော
  ငါ၏ စိတ်ဓာတ်ကို ဖန်ဆင်းပေးသည့်
  နတ် သိကြားတို့အား ငါကျေးဇူးတင်၏။
- ❖ လောကဓံတရားတို့၏ ရက်စက်
  ကြမ်းကြုတ်သော လက်ဆုပ်တွင်းသို့
  ကျရောက်နေရပြားသော်လည်း ငါကား
  မတုန်လှုပ်၊ မငိုကြွေး၊ ကံတရား၏
  ရိုက်ပုတ်ခြင်းဒဏ်ချက်တို့ကြောင့်
  ငါ၏ ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီ၏။
  ညွတ်ကားမညွတ်။
- ❖ ဤလောဘ၊ ဒေါသတို့ကြီးစိုးရာဌာန၏
  အခြားမဲ့၌ကား သေခြင်းတရားသည်
  ကြောက်မက်ဖွယ်ရာ ငံ့လင့်လျက်ရှိ၏။
  သို့သော် ငါ့အား မတုန်လှုပ်သည်ကိုသာ
  တွေ့ရအံ့။
- ❖ နောင်ကိုလည်း ဘယ်တော့မှမကြောက်
  သည်ကိုသာတွေ့ရအံ့။ သုဂတိသို့သွားရာ
  တံခါးဝသည် မည်မျှကျဉ်းမြောင်းသည်
  ဖြစ်စေ၊ ယမမင်း၏ ခွေးရေပုရပိုက်၌
  ငါ့အပြစ်တို့ကို မည်မျှပင်များစွာမှတ်သား
  ထားသည်ဖြစ်စေ၊ ငါကား ဂရုမပြု။
- ❖ ငါသာလျှင် ငါ့ကံ၏ အရှင်သခင်ဖြစ်၍
  ငါသာလျှင် ငါ့စိတ်၏ အကြီးအကဲ
  ဖြစ်သတည်း။ ။

# တို့အမျိုး အာဇာနည်

- ဆယ့်ကိုးဇူလိုင် မိုးဖြိုင်ဖြိုင်ဝယ်
  ခွေယိုင်တမ်းတ လွမ်းမောရသည်
  မြန်မာ့ပြည်သား သွေးချင်းများ၏
  အားထားရသူ ပြည်ချစ်သူတို့
  ထိုသူလက်ချက် မြန်မျိုးဖျက်ကြောင့်
  အသက်ကိုးဖြာ ကြွေလွင့်ရှာသည်
  လမှာဇူလိုင် လွမ်းမိုးလှိုင်၏။
- မြန်မျိုးသာကီ ဘာမထီဘု
  ဇာနည်နွယ်ဖွား မျိုးချစ်တို့ကား
  ကြိုးအားထုတ်ကာ ပြည်မြန်မာကို
  ညီညာပေါင်းစု တိုင်းကျိုးပြုရင်း
  လက်ချင်းယှက်ထား စွမ်းဆောင်အားကို
  ဆိုးရွားယုတ်မာ လူမိုက်စွာတို့
  ဖွေရှာပက်စက် သေနတ်ချက်ကြောင့်
  အသက်ပေးကာ စွန့်လွှတ်ရှာကြ
  ကိုးဖြာသာကီ မျိုးဇာနည်ကား
  ပြည်မြန်မာ၏ အာဇာနည်တည်း။ ။

ရွှေတိုင်လွင်

# ဇူလိုင်မိုးနဲ့ လွမ်းဆဲကို

- ❖ မျက်ရည်စတို့
  လျှံကျစွန်းပေ၊ မိုးနယ်ဓွေ၍
  ခွေယိုင်နွမ်းညှိုး၊ နှောင်းဖြစ်ဆိုးဖြင့်
  ဆယ့်ကိုးဇူလိုင် တိုင်ပြန်ပါကော။
- ❖ နံ့ချာရှိုကြောက်၊ သူ့ဓားအောက်ဝယ်
  ဒူးထောက်မိန့်သံ၊ နာခံညှိုးလျ
  နိမ့်ပါးကျကာ၊ မြန်မာတို့ဘုန်း
  နွမ်းပျက်သုဉ်းစဉ်၊ မျက်လုံးကိုဖွင့်
  နားကိုစွင့်လျက်၊ လူ့ခွင့်အရေး
  လွတ်လပ်ရေးကို၊ သွေးသောက်ဆိုခဲ့
  ဗိုလ်ချုပ်ဖခင် ကျေးဇူးရှင်။
- ❖ သူစိမ်းသွေးခွဲ၊ စိတ်ဝမ်းကွဲတော့
  မိုက်ပွဲဇာတ်ခင်း၊ မိရင်းဖရင်း
  ညီနောင်ရင်းချာ၊ ရက်စက်ပါခဲ့
  မြန်မာတို့မျိုး၊ ကြွေလွင့်ညှိုးခဲ့
  ဆယ့်ကိုးဇူလိုင် ပန်းကိုးခိုင်။
- ❖ ဩော်… ခုချိန်ခါမှ
  ဘယ်သူဖျက်ဖျက်၊ မပျက်လေအောင်
  ကြံဆောင်မသွေ၊ သွေးစည်းလေပြီ
  ရီဝေမျက်ဝန်း၊ မျက်ရည်စွန်းမင့်
  ပန်းလှုခိုင်ခိုင်၊ ပွင့်ဝေလှိုင်မြဲ
  ဇူလိုင်မိုးနှင့် လွမ်းဆဲကို။ ။

အောင်လံမြေ - နေညိုညို

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေး၊ ယာယီတိုက်ပွဲရှောင်စခန်းများတွင် ပံ့ပိုးကူညီရေးနှင့် ကိုဗစ် - ၁၉ လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး



**စစ်တွေ ဇူလိုင် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေး၊ ယာယီတိုက်ပွဲရှောင်စခန်းများတွင် ပံ့ပိုးကူညီရေးနှင့် ကိုဗစ်-၁၉ လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(ယာအပေါ်ပုံ)**

ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီအောက်ရှိ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ရခိုင်ပြည်နယ်အတွင်း ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီတို့က ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများ၊ UEHRD ကော်မတီက မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်များတွင် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားခြင်းမရှိဘဲ ဒေသတွင်း ပြောင်းရွှေ့နေထိုင်ရသူများအား ပြန်လည်နေရာချထားရေး ပူးပေါင်းဆောင်ရွက်နေမှုများ၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDP စခန်း ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ ဒေသဖွံ့ဖြိုးရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်အတွင်း လတ်တလောပဋိပက္ခဖြစ်စဉ်များကြောင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ယာယီခိုလှုံရာစခန်းများတည်ဆောက်ခြင်း၊ ထောက်ပံ့ကူညီမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှုများ၊ ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် Quarantine Center များ ထားရှိဆောင်ရွက်မှု အခြေအနေများနှင့် လိုအပ်ချက်များ၊ တိုက်ပွဲရှောင်စခန်းများနှင့် IDP စခန်းများတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးအတွက် ပံ့ပိုးကူညီပေးမှုများ၊ နိုင်ငံတော်၏ ကိုဗစ်-၁၉ စီးပွားရေး ပြန်လည်ကုစားရေး အစီအစဉ်တွင် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်မည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညီပု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမရှိစေရေး လိုက်နာရန်ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# “ဖော”ငမြှောင်တောင် ကာကွယ်နှိမ်နင်းရေးအတွက် ထောက်ပံ့ပစ္စည်းပေးအပ်ခြင်းနှင့် မိုးစပါးပေါင်စနစ်ဖြင့် ပျိုးထောင်နည်းလက်တွေ့ပြသပွဲများကျင်းပ



**တောင်ကြီး ဇူလိုင် ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ရွှေညောင်မြို့မကျေးရွာအုပ်စု ကွမ်းဘုံကျေးရွာရှိ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြစိုက်ခင်းကြီးများအတွက် သဘာဝမြေဩဇာ ထောက်ပံ့ပေးအပ်ခြင်း၊ “ဖော”ငမြှောင်တောင် (FAW) ကာကွယ်နှိမ်နင်းရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့် မိုးစပါးပေါင်စနစ်(Raised Bed)ဖြင့် ပျိုးထောင်နည်း လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကွမ်းဘုံဘက်စုံ အဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်က အမှာစကားပြောကြားပြီး ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်ဝမ်းက ရှမ်းပြည်နယ်အတွင်း ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် အစေ့ထုတ်ပြောင်းသီးနှံတွင် ကျရောက်သော “ဖော”ငမြှောင်တောင်ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်နေမှုများ၊ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့် မိုးစပါးပေါင်စနစ်ဖြင့် ပျိုးထောင်နည်းလက်တွေ့ပြသပွဲ ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကွမ်းဘုံဘက်စုံ အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ စံပြစိုက်ခင်းကြီးများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တောင်သူ ၁၄ ဦး၏ စံပြစိုက်ခင်းဧက ၁၀၀ အတွက် ရွှေတောင်တန်းသဘာဝ အော်ဂဲနစ် ကြက်ချေးမြေဩဇာ တစ်ဧကလျှင် တစ်အိတ်နှုန်းဖြင့် အိတ် ၁၀၀ တန်ဖိုး ငွေကျပ် ၁၅ သိန်း၊ တောင်ကြီးမြို့နယ်အတွင်း အစေ့ထုတ် ပြောင်းစိုက်တောင်သူများအတွက် “ဖော” ငမြှောင်တောင် ကာကွယ်နှိမ်နင်းရန် ဧက ၅၀၀ အတွက် အလန်းပိုးသတ်ဆေး ၁၈၅ ထုပ်၊ ဆိုင်ကလုံးပိုးသတ်ဆေးဘူး ၁၅၀၊ တမာပိုးသတ်ဆေး ၁၂ ဘူး တန်ဖိုးငွေကျပ် ၂၅ သိန်း၊ ဖီရိုမုန်းထောင်ချောက် အခု ၄၀ တန်ဖိုး ငွေကျပ် တစ်သိန်းခြောက်သောင်း၊ ဟော်မုန်းထုပ် ၈၀၊ စုစုပေါင်း ထောက်ပံ့ပစ္စည်း တန်ဖိုးငွေကျပ် ၄၁ သိန်း ခြောက်သောင်းတို့အား ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်ဝမ်းနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ပြီး**(အပေါ်ပုံ)** ခေတ်မီသိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် မိုးစပါးပျိုးထောင်ပွဲ ဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးသည်။

ထို့အတူ ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကျော့မောင်ငယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာတွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု(CERP) အစီအစဉ်အရ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းကြီးများအတွက်သဘာဝမြေဩဇာ ထောက်ပံ့ပေးအပ်ခြင်း၊ “ဖော”ငမြှောင်တောင် ကာကွယ် နှိမ်နင်းရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့် မိုးစပါးမျိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးနေမှု လှည့်လည်ကြည့်ရှုအားပေးခြင်းအခမ်းအနားကို နံနက် ၁၀ နာရီခွဲက ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကျော့မောင်ငယ်ဘက်စုံ အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၌ ကျင်းပရာ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်က အမှာစကားပြောကြားခြင်း၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်က အမှာစကားပြောကြားခြင်းနှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူး ဦးဇော်ဝမ်းက ရှမ်းပြည်နယ်အတွင်း ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း၊ အစေ့ထုတ်ပြောင်းသီးနှံတွင် ဖောငမြှောင် တောင်ကျရောက်မှုအား ကာကွယ်နှိမ်နင်းရန်အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့် မိုစပါးမျိုးစေ့ထုတ် စိုက်ခင်း ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျော့မောင်ငယ်ကျေးရွာ ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာရှိ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းကြီးများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တောင်သူ ၁၂ ဦး စိုက်ပျိုးထားသည့် မိုးစပါးမျိုးစေ့ထုတ် ဧက ၅၀အတွက် အော်ဂါဝေါလ်သဘာဝမြေဩဇာ တစ်ဧကလျှင် နှစ်အိတ်နှုန်းဖြင့် ဧက ၅၀ အတွက် အိတ် ၁၀၀ တန်ဖိုးငွေကျပ် ၂၅ သိန်း၊ ညောင်ရွှေမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းစိုက် တောင်သူများအတွက် “ဖော”ငမြှောင်တောင် ကာကွယ်နှိမ်နင်းရန် ဧက ၁၀၀ အတွက် အလန်းပိုးသတ်ဆေး ၁၈၅ ထုပ်၊ ဆိုင်ကလုံးပိုးသတ်ဆေးဘူး ၁၅၀၊ တမာပိုးသတ်ဆေး ၁၂ ဘူး တန်ဖိုးငွေကျပ် ၂၅ သိန်း၊ ဖီရိုမုန်းထောင်ချောက် အခု ၄၀၊ တန်ဖိုးငွေကျပ် ၁၆၀၀၀၀ စုစုပေါင်းထောက်ပံ့ပစ္စည်း တန်ဖိုးငွေကျပ် ၅၁ သိန်း ခြောက်သောင်းကို ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်ဝမ်းနှင့် တာဝန်ရှိသူများက ပေးအပ်ပြီး မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းစိုက်ပျိုးနေမှု ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စိုးညွှန့်ရွှေ**
**(ပြည်နယ် ပြန်/ဆက်)**

## လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခြင်း

- နိုင်ငံတော်သမ္မတရုံး၏ (၇.၁.၂၀၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉/ ၂၀၁၉ ဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။
- ကော်မတီ၏ဥက္ကဋ္ဌမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့အား လည်းကောင်း၊ အတွင်းရေးမှူးမှာ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား လည်းကောင်း ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မတီဝင်စုစုပေါင်း (၁၈) ဦး ရှိပါသည်။
- ကော်မတီ၏ ပုံမှန်ညှိနှိုင်းအစည်းအဝေးများအား (၄) ကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပြီး (၂၁.၁. ၂၀၁၉) ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီအား ဖွဲ့စည်းရန် သဘောတူခဲ့ကြပါသည်။
- အဆိုပါဆုံးဖြတ်ချက်အရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ သဘောထားမှတ်ချက်များရယူပြီးနောက် နိုင်ငံတော်သမ္မတရုံး၏ (၉.၁၁.၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၁၁၂ (၂)/ ၈/ သမ္မတရုံးဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီအား စုစုပေါင်းအဖွဲ့ဝင် (၁၆)ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်အား လည်းကောင်း၊ အတွင်းရေးမှူးမှာ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား လည်းကောင်း ဖွဲ့စည်းပေးခဲ့ပါသည်။
- လုပ်ငန်းကော်မတီ၏ ပုံမှန်ညှိနှိုင်းအစည်းအဝေးများအား (၅) ကြိမ် ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးများ၏ ဆုံးဖြတ်ချက်များအရ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အတည်ပြု ရေးဆွဲခဲ့ပါသည်။
- လုပ်ငန်းကော်မတီသည် Country Task Force on Monitoring and Reporting (UNCTFMR) နှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံညှိနှိုင်းခြင်း၊ လုပ်ငန်းကော်မတီ (Core Group) နှင့် UNCTFMR (Small Group)တို့ တွေ့ဆုံညှိနှိုင်းခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲရာတွင်လည်း UNCTFMR ၏ နည်းပညာပိုင်းဆိုင်ရာ အကြံပြုချက်များကို ရယူရေးဆွဲခဲ့ပါသည်။
- ရေးဆွဲပြီးခဲ့သည့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်မူကြမ်းအား (၂၄.၁.၂၀၂၀) ရက်နေ့ ကျင်းပသည့် ကော်မတီအစည်းအဝေးတွင် တင်ပြခဲ့ရာ ကော်မတီမှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **စီမံကိန်းနှင့် ဘဏ္ဍာရေးကဏ္ဍ** | |
| ၂၁ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| **လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၄ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | နာရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့် လျှပ်စစ်ကဏ္ဍ** | |
| ၂၇ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိကအသေးစားလျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၃၀ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၁ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၂ | ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၃ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူ့အခွင့်အရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

( င ) ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( စ ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အဦ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အဦ ဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကိုလည်း ခံစားခွင့်ရှိစေရမည်။

(ဆ) ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှ တင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့ တင်ပို့စဉ် ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့် မရှိစေရ။

(ဇ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်လည်ပေးဆောင်စေရမည်။

၁၅။ (က) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

( ခ ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ –

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်းကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန် ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံး တန်ဖိုးသတ်မှတ်ချက် (de minimis value threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့်လ အပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လအတွင်းရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ဆိုသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရှိမည့်သူ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့် ခံစားလိုသူ မည်သူမဆို မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

( ဂ ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့်လစာ ဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကိုတောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

( ခ ) သို့ရာတွင် လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန် ထမ်းဆောင်ရမည်။

( ဂ ) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည် –

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၃၀,၀၀၀,၀၀၁နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

( င ) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့် နုတ်ပယ်ပြီး နောက် ပုဒ်မခွဲ (ဂ) ဇယားပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ထမ်းဆောင်ရမည်။

( စ ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပါတစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှနုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည်–

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

( ခ ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

( ဂ ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆–က တို့အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

(၉၄) **ရောင်းဝယ်ရန် ကုန်စည်များ** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်–

(ကက) လုပ်ငန်းတစ်ခုမှ စည်းကြပ်ထိုက်သောဝင်ငွေရရှိစေရေးအတွက် ထုတ်လုပ်ရန်၊ ရောင်းချရန်၊ သို့မဟုတ် ဖလှယ်ရန် ရည်ရွယ်လျက် စိုက်ပျိုးသော၊ ထုတ်လုပ်သော၊ ဝယ်ယူသော၊ သို့မဟုတ် အခြားနည်းဖြင့် ရယူသော မည်သည့်အရာမဆို၊

( ခခ ) ပုဒ်မခွဲငယ်စိတ် (ကက)တွင် ဖော်ပြထားသည့် ထုတ်လုပ်မှု သို့မဟုတ် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် အသုံးပြုသည့် မည်သည့် ကုန်ကြမ်း သို့မဟုတ် ကုန်လွယ်သော အရာမဆို၊

( ဂဂ ) လုပ်ငန်းတစ်ခုမှ စည်းကြပ်ထိုက်သောဝင်ငွေရရှိရန် ဆောင်ရွက်သည့် ယင်းလုပ်ငန်း၏ မွေးမြူရေးတိရစ္ဆာန်များ၊ သို့ရာတွင် ယင်းစကားရပ်တွင် ဝန်တင်နှင့် လုပ်ငန်းသုံး တိရစ္ဆာန်များ မပါဝင်။

(၉၅) **ယုံကြည်အပ်နှံမှု** ဆိုရာတွင် သေဆုံးသွားသည့် တစ်ဦးချင်းပုဂ္ဂိုလ်၏ အမွေပုံပစ္စည်း မပါဝင်။

(၉၆) **ကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်း၍မမြင်သာသည့်ပိုင်ဆိုင်မှု (underlying ownership)** ဆိုသည်မှာ တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ၊ အဆုံးတွင် တစ်ဦးချင်းပုဂ္ဂိုလ်များက ပိုင်ဆိုင်ထားခြင်း မဟုတ်သည့် ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ကြားခံတရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်များမှတစ်ဆင့် သွယ်ဝိုက်၍သော်လည်းကောင်း ရယူပိုင်ဆိုင်ထားသည့် ယင်းကုမ္ပဏီရှိ အဖွဲ့ဝင်အကျိုးစီးပွားကို ဆိုသည်။

(၉၇) ရရန်ပိုင်ခွင့်တစ်ခုနှင့်စပ်လျဉ်း၍ **အသုံးပြုခြင်း** ဆိုရာတွင် အသုံးပြုရန်ရရှိနိုင်ခြင်း သို့မဟုတ် ထိန်းချုပ်ထားခြင်းလည်း ပါဝင်သည်။

(၉၈) **နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ် (with-holding agent)** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးက ပြုလုပ်သည့် ပေးချေမှုမှ အခန်း(၉) အရ ငွေကြေးပမာဏတစ်ရပ်ကို နုတ်ယူထားရန် လိုအပ်သည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(၉၉) **နုတ်ယူရန်ဝင်ငွေ** ဆိုသည်မှာ နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ်က အခန်း(၉)အရ ငွေကြေးပမာဏတစ်ရပ်ကို နုတ်ယူထားရန် လိုအပ်သည့် ဝင်ငွေကို ဆိုသည်။

( ခ ) ဤဥပဒေ၌ အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်း မရှိလျှင် ဤဥပဒေတွင် ဖော်ပြထားသည့် ရက်များသည် တစ်ဆက်တည်းဖြစ်သည့် ရက်များကို ဆိုလိုခြင်းဖြစ်သည်။

## တွဲဖက်လုပ်ကိုင်သူ

၄။ (က) ပုဒ်မခွဲ(ခ)နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်နှစ်ဦးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တွဲဖက်လုပ်ကိုင်သူ ဖြစ်ကြသည်–

(၁) ယင်းတို့နှစ်ဦးကြား ဆက်ဆံရေးသည် ပုဂ္ဂိုလ်တစ်ဦးက ကျန်ပုဂ္ဂိုလ်တစ်ဦး၏ ညွှန်ကြားချက်၊ မေတ္တာရပ်ခံချက်၊ အကြံပြုချက် သို့မဟုတ် ဆန္ဒနှင့်အညီ ပြုမူမည်ဟု ကြောင်းကျိုးဆီလျော်စွာ ယူဆနိုင်သည့် ဆက်ဆံရေးမျိုးဖြစ်ခြင်း၊

(၂) ပုဂ္ဂိုလ်နှစ်ဦးလုံးက တတိယပုဂ္ဂိုလ်၏ ညွှန်ကြားချက်၊ မေတ္တာရပ်ခံချက်၊ အကြံပြုချက် သို့မဟုတ် ဆန္ဒနှင့်အညီ ပြုမူမည်ဟု ကြောင်းကျိုးဆီလျော်စွာ ယူဆနိုင်ခြင်း။

( ခ ) ပုဂ္ဂိုလ်နှစ်ဦးအနက် တစ်ဦးသည် ကျန်တစ်ဦး၏ ဝန်ထမ်း သို့မဟုတ် လုပ်ငန်းအပ်နှံသူ (client) ဖြစ်ခြင်း၊ သို့မဟုတ် ယင်းတို့နှစ်ဦးလုံးသည် တတိယပုဂ္ဂိုလ်၏ ဝန်ထမ်းများ သို့မဟုတ် လုပ်ငန်းအပ်နှံသူများဖြစ်ခြင်းဟူသော အကြောင်းတစ်ခုတည်းကြောင့် ယင်းပုဂ္ဂိုလ်နှစ်ဦးကို တွဲဖက်လုပ်ကိုင်သူများဟု သတ်မှတ်နိုင်ခြင်း မရှိစေရ။

( ဂ ) ပုဒ်မခွဲ(က)၏ ယေဘုယျဖြစ်မှုအပေါ် ကန့်သတ်ခြင်း မဖြစ်စေဘဲ အောက်ပါပုဂ္ဂိုလ်များကို တွဲဖက်လုပ်ကိုင်သူများအဖြစ် မှတ်ယူရမည် –

(၁) တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးနှင့် ယင်း၏ ဆွေမျိုးတစ်ဦး၊

(၂) ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အစုဝင်တစ်ဦးသည် ယင်းတစ်ဦးတည်း ဖြစ်စေ၊ ဤပုဒ်မကို သီးခြားကျင့်သုံးမှုအရ တွဲဖက်လုပ်ကိုင်သူတစ်ဦး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူများနှင့် ပူးတွဲလျက်ဖြစ်စေ ယင်းပညာသည် အစုစပ် လုပ်ငန်း၏ဝင်ငွေ သို့မဟုတ် မတည်ငွေရင်းကို သက်ဆိုင်ပိုင်ခွင့်၏ (၅၀)ရာခိုင်နှုန်းနှင့် အထက်ကို ထိန်းချုပ်ထားလျှင် ယင်းအစုဝင်နှင့် ယင်းပညာသည် အစုစပ်လုပ်ငန်း၊

(၃) ယုံကြည်အပ်နှံမှုတစ်ခုနှင့် ခန့်အပ်ခြင်းဆိုင်ရာအခွင့်အာဏာ ကျင့်သုံးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ယင်းယုံကြည်အပ်နှံမှုမှ အကျိုးခံစားခွင့်ရှိသည့် သို့မဟုတ် အကျိုးခံစားခွင့်ရရှိနိုင်သည့် ပုဂ္ဂိုလ်တစ်ဦး၊

(၄) ကုမ္ပဏီတစ်ခု၏ အဖွဲ့ဝင်တစ်ဦးသည် ယင်းတစ်ဦးတည်းဖြစ်စေ၊ ဤပုဒ်မကို သီးခြားကျင့်သုံးမှုအရ တွဲဖက်လုပ်ကိုင်သူတစ်ဦး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူများနှင့် ပူးတွဲလျက်ဖြစ်စေ ကုမ္ပဏီကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ကြားခံတရားဝင် ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်များမှ တစ်ဆင့်သော်လည်းကောင်း အောက်ပါအတိုင်းအတာ တစ်ရပ်ရပ်အထိ ထိန်းချုပ်ထားလျှင် ယင်းအဖွဲ့ဝင်နှင့်ယင်းကုမ္ပဏီ–

(ကက) ကုမ္ပဏီတွင် မဲပေးနိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့်အထက်၊

( ခခ ) အမြတ်ဝေစုများကို ရရှိပိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့်အထက်၊

( ဂဂ ) မတည်ငွေရင်းကို သက်ဆိုင်ပိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့် အထက်။

(၅) ပုဂ္ဂိုလ်တစ်ဦးသည် ယင်းတစ်ဦးတည်းဖြစ်စေ၊ ဤပုဒ်မကို သီးခြားကျင့်သုံးမှုအရ တွဲဖက်လုပ်ကိုင်သူတစ်ဦး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူများနှင့် ပူးတွဲလျက်ဖြစ်စေ ကုမ္ပဏီနှစ်ခုကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် ကြားခံတရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်များမှ တစ်ဆင့်သော်လည်းကောင်း အောက်ပါအတိုင်းအတာ တစ်ရပ်ရပ်အထိ ထိန်းချုပ်ထားလျှင် ယင်းကုမ္ပဏီနှစ်ခု –

(ကက) ကုမ္ပဏီနှစ်ခုလုံးတွင် မဲပေးနိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့်အထက်၊

( ခခ ) ကုမ္ပဏီနှစ်ခုလုံးတွင် အမြတ်ဝေစုများကို ရရှိပိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့်အထက်၊

( ဂဂ ) ကုမ္ပဏီနှစ်ခုလုံးတွင် မတည်ငွေရင်းကို သက်ဆိုင်ပိုင်ခွင့်၏ ၂၅ ရာခိုင်နှုန်းနှင့် အထက်။

(ဃ) ပုဒ်မခွဲ (ဂ) ၏ ပုဒ်မခွဲငယ် (၂)၊ (၄) သို့မဟုတ် ပုဒ်မခွဲငယ်(၅) တို့ကို ကျင့်သုံးရာ၌ ပုဂ္ဂိုလ်တစ်ဦး၏ ပိုင်ဆိုင်မှုများအဖြစ် တွဲဖက်လုပ်ကိုင်သူတစ်ဦးမှ ရည်ညွှန်းထားသည့် အရာများကို ယင်းပုဂ္ဂိုလ်၏ အခြားတွဲဖက်လုပ်ကိုင်သူတစ်ဦး၏ ပိုင်ဆိုင်မှုများအဖြစ် ထပ်မံရည်ညွှန်းခြင်း မပြုရ။

## အကျိုးအမြတ်မယူသည့် အဖွဲ့အစည်း

၅။ (က) **အကျိုးအမြတ်မယူသည့်အဖွဲ့အစည်း** ဆိုသည်မှာ အောက်ပါအခြေအနေများနှင့် ကိုက်ညီသည့် ကုမ္ပဏီတစ်ခုကို ဆိုသည်–

(၁) အောက်ပါရည်ရွယ်ချက်တစ်ခုခုအတွက် သီးသန့်တည်ထောင်ထားသော ကုမ္ပဏီဖြစ်ခြင်း –

(ကက) ဆင်းရဲနွမ်းပါးမှု၊ ဒုက္ခဖိစီးမှု၊ သို့မဟုတ် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကို ခံစားနေရသူများအား သက်သာမှုရရှိစေရန် သို့မဟုတ် ပညာရေးတွင် တိုးတက်ဖြစ်ထွန်းစေရန်၊

( ခခ ) ဘာသာရေး ထွန်းကားပြန့်ပွားစေရန်၊

( ဂဂ ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်ဖြန့်ဖြူးခြင်း သို့မဟုတ် သုတေသနပြုလုပ်ခြင်းတို့ အပါအဝင် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ရန်။

(၂) ကုမ္ပဏီ၏ ဝင်ငွေ သို့မဟုတ် အခြားရန်ပုံငွေများ၊ သို့မဟုတ် ရရန်ပိုင်ခွင့်များ၏ မည်သည့်အစိတ်အပိုင်းကိုမျှ ကုမ္ပဏီ၏ အဖွဲ့ဝင်တစ်ဦး သို့မဟုတ် ယင်းအဖွဲ့ဝင်၏ တွဲဖက်လုပ်ကိုင်သူတစ်ဦး၏ ပုဂ္ဂလိက အကျိုးခံစားခွင့်အတွက် အသုံးမပြုခြင်း၊ သို့မဟုတ် အသုံးပြုရန် မရရှိနိုင်ခြင်းနှင့်

(၃) ညွှန်ကြားရေးမှူးချုပ်က ယင်းကုမ္ပဏီကို အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းအဖြစ် စာဖြင့်ရေးသားအကြောင်းကြားလျက် အသိအမှတ်ပြုထားခြင်း။

( ခ ) ကုမ္ပဏီသည် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုပေးရန် သတ်မှတ်ထားသည့်ပုံစံဖြင့် ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားနိုင်သည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ လျှောက်ထားလာသည့် ကုမ္ပဏီသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့ပါ အခြေအနေများနှင့် ကိုက်ညီပါက ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားချက်ကို ခွင့်ပြုပေးရမည်။

(ဃ) ကုမ္ပဏီတစ်ခုအား အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုခြင်းသည် အသိအမှတ်ပြုကြောင်း အကြောင်းကြားစာတွင် ဖော်ပြထားသည့်နေ့မှ စတင်သက်ရောက်ပြီး ကုမ္ပဏီသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) ပါ အခြေအနေများနှင့် ကိုက်ညီခြင်းမရှိတော့သည့်နေ့မတိုင်မီနေ့အထိ သို့မဟုတ် အသိအမှတ်ပြုခြင်းကို ရပ်စဲကြောင်း ညွှန်ကြားရေးမှူးချုပ်က ကုမ္ပဏီထံ ရေးသားသည့် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ယင်းထက် နောက်ကျသောနေ့အထိ အကျိုးသက်ရောက်စေရမည်။

( င ) အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုခြင်းခံရသည့် ကုမ္ပဏီသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့ပါ အခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီခြင်း မရှိတော့ပါက ညွှန်ကြားရေးမှူးချုပ်ထံသို့ စာဖြင့်ရေးသားလျက် ချက်ချင်းအသိပေးရမည်။

## ပြင်ပဈေးကွက်ပေါက်ဈေး

၆။ (က) ပုဒ်မ ၅၀ နှင့် မဆန့်ကျင်စေဘဲ ကာလတစ်ရပ်တွင်ရှိသည့် ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်တစ်ခု၏ ပြင်ပဈေးကွက်ပေါက်ဈေးသည် ယင်းရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်၏ ယင်းကာလ၌ သာမန်ပြင်ပဈေးကွက်တွင်ရှိသည့် တန်ဖိုးဖြစ်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ကာလတစ်ရပ်တွင်ရှိသည့် ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခု၏ ပြင်ပဈေးကွက်ပေါက်ဈေးကို ဆုံးဖြတ်ရန် မဖြစ်နိုင်ပါက ပြင်ပဈေးကွက်ပေါက်ဈေးသည် အလားတူ ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုက ယင်းကာလ၌ သာမန်အားဖြင့် ရရှိနိုင်သည့် အဖိုးစားနားဖြစ်သည်။ ယင်းအဖိုးစားနားသည် အလားတူ ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုနှင့် အမှန်တကယ် ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုတို့အကြား ခြားနားချက်များကို ထည့်သွင်းစဉ်းစား ကိုက်ညှိထားသည့် အဖိုးစားနားဖြစ်သည်။

( ဂ ) ပုဒ်မခွဲ(ခ)၏ ရည်ရွယ်ချက်များအလို့ငှာ ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုသည် အခြားရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုနှင့် လက္ခဏာ၊ အရည်အသွေး၊ ပမာဏ၊ လုပ်ဆောင်ချက်၊ အသုံးပြုပစ္စည်းနှင့် ဂုဏ်သတင်းတို့တွင် တူညီနေလျှင်၊ သို့မဟုတ် နီးနီးစပ်စပ် ဆင်တူမှုရှိလျှင် ယင်းရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်သည် ကျန်ရရန် ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်နှင့် အလားတူဖြစ်သည်။

(ဃ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ(ခ) အရ ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခု၏ ပြင်ပဈေးကွက်ပေါက်ဈေးကို မဆုံးဖြတ်နိုင်ပါက ယင်းပြင်ပဈေးကွက်ပေါက်ဈေးသည် ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်သည့် ငွေကြေးပမာဏဖြစ်သည်။ သို့ရာတွင် ယင်းသို့ ပေါက်ဈေးသတ်မှတ်ခြင်းသည် ယေဘုယျအားဖြင့် လက်ခံထားသည့် တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ အခြေခံမူများ (generally accepted valuation principles) နှင့် ညီညွတ်မှုရှိစေရမည်။

( င ) ဤဥပဒေတွင် အခြားနည်းဖြင့် ဖော်ပြထားခြင်းမရှိလျှင် ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်တစ်ခု၏ ကာလတစ်ရပ်တွင်ရှိသည့် တန်ဖိုးသည် ယင်းရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု၊ သို့မဟုတ် အကျိုးခံစားခွင့်၏ ယင်းကာလရှိ ပြင်ပဈေးကွက်ပေါက်ဈေး ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ဝါးတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး(ဟောင်း) ဦးဇော်မိုး အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် စစ်တောင်းမြစ်ဝအတွင်း သောင်တင်နေသော စက်လှေကြီးပေါ်ရှိ တရားမဝင်ကျွန်းသစ်များ သယ်ဆောင်မှုနှင့် ပတ်သက်၍ ငွေကြေးတောင်းခံ၍ လွှတ်ပေးပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက ခွဲဝေယူခဲ့ကြခြင်းအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ စစ်တောင်းမြစ်ဝအတွင်း သစ်တင်စက်လှေကြီး သောင်တင်နေသည့်သတင်းအရ နယ်မြေခံတပ်နှင့် ကဝမြို့နယ် ဝါးတောကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မိုးသည် ရွာသားအချို့နှင့်အတူ စက်လှေပေါ်သို့ တက်ရောက်ခဲ့ကြပြီး တရားမဝင်သစ်များအား ဖမ်းဆီးခြင်းမပြုဘဲ သစ်ပိုင်ရှင်ထံမှ ငွေကြေးတောင်းခံရယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ဦးဇော်မိုးသည် တာဝန်ရှိသူအဆင့်ဆင့်အား ဆက်လက်တင်ပြခြင်းမရှိဘဲ ငွေကျပ် ၂၄၅ သိန်းကို လက်ခံရယူခဲ့ခြင်းဖြင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ ပဲခူးတိုင်းဒေသကြီး ကဝမြို့မရဲစခန်းတွင် ဇူလိုင် ၁၇ ရက်၌ ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကိစ္စတွင် ပါဝင်ပတ်သက်ခဲ့သော စစ်မှုထမ်းနှစ်ဦးအား ကော်မရှင်၏ ညှိနှိုင်းအကြောင်းကြားချက်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ အကျဉ်းစစ်တရားရုံးချုပ်ဖြင့် စစ်ဆေးခဲ့ပြီး တပ်မတော်အက်ဥပဒေပုဒ်မ ၅၁(စ) အရ အပြစ်ဒဏ်အား မတ် ၃၁ ရက်တွင် ချမှတ်ခဲ့ကြောင်းနှင့် သစ်ပိုင်ရှင် ဦးမင်းမင်း ဆိုသူမှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ကွယ်လွန်ပြီးဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအား အမှုတွင် ထည့်သွင်းစွဲဆို၍ မရနိုင်တော့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

**သတင်းစဉ်**

## အသိပေး ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၈**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် လက်ရှိအသုံးပြုနေသော အီးမေးလ်လိပ်စာ myanmaracc 2014@gmail.com အစား accm@accm.gov.mm အား ၂၂-၆-၂၀၂၀ ရက်နေ့မှ စတင်၍ ပြောင်းလဲအသုံးပြုလျက်ရှိကြောင်း အသိပေးထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

တိုင်ကြားချက်အပေါ် စုံစမ်းစစ်ဆေးချက်အရ အဂတိလိုက်စားကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် ကော်မရှင်သည် ဘက်လိုက်ခြင်းကင်းစွာဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်။



# သံတောင်ကြီး၊ ပုသိမ်ကြီးနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၈**

သံတောင်ကြီးမြို့နယ် ယာဒိုရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက သံတောင်ကြီးမြို့နယ် ယာဒိုရဲကင်းစခန်းရှေ့ တောင်ငူ - လွိုင်ကော်သွားကားလမ်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ခရီးသည် အောင်မျိုးထက် (ခ) ဖိုးငို (ခ) အလီထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၅၀ နှင့် ငွေကျပ် ၃၉၇၀၀ တို့ကိုလည်းကောင်း။

အလားတူ ဇူလိုင် ၁၆ ရက် ည ၁၁ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆) မိုင်စစ်ဆေးရေးစခန်းတွင် ဖိုးလပြည့် မောင်းနှင်ပြီး သက်အောင်သူ လိုက်ပါလာသည့် ဒေါင်ဖန်း အမျိုးအစားတွဲယာဉ်ကို ရှာဖွေရာ ငွေကျပ်သိန်း ၁၄၁၀ တန်ဖိုးရှိ ဆိုဒီယမ်ဆိုင်ယာနိုက် ၂၃၅၀၀ ကီလိုကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၇ နာရီခွဲက တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ ဟိုတယ်အနီးတွင် တွေ့ရှိသူ ငြိမ်းချမ်း (ခ) သားငယ် ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရွှေဘိုမြို့နယ်၌ တရားမဝင်ကျွန်းခွဲသားများ ဖမ်းမိ

**ရွှေဘို ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဇူလိုင် ၁၇ ရက်က ခြောက်ဘီးယာဉ်ဖြင့် သယ်ဆောင်လာသော တရားမဝင်ကျွန်းခွဲသားများ ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆန်းဦးထံမှ သိရသည်။

ရွှေဘိုမြို့တွင် ဇူလိုင် ၁၇ ရက် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်က ရွှေဘိုမြို့နယ် မြင်းကသာရဲကင်းရဲစခန်းမှ ခေတ္တရဲကင်းမှူး ဒုရဲအုပ် သိန်းနိုင်ဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ရွှေဘို-မြစ်ကြီးနားကားလမ်းနှင့် ကိုးပင်ဆည်လမ်းခွဲ လမ်းဆုံနေရာတွင် ယာဉ်မောင်း ဝင်းလှိုင်ထွန်း (၂၀ နှစ်) မြို့သစ်(၁) ရပ်ကွက် ဝန်းသိုမြို့နေသူ မောင်းနှင်လာသော ခြောက်ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ တရားမဝင်ကျွန်းခွဲသား ၁၄၉ ချောင်း၊ တန်အားဖြင့် ၂ ဒသမ ၄၃၉၈ တန်အား ဖမ်းဆီးရမိသဖြင့် ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

# သပိတ်ကျင်းမြို့နယ်အတွင်း ရေဝတီမြစ်ရေဝင်ရောက်သည့်ကျေးရွာသို့ ကူညီရွှေ့ပြောင်းပေးကာ ရေသန့်နှင့်ကြက်ဥများ ထောက်ပံ့

**သပိတ်ကျင်း ဇူလိုင် ၁၈**

ရေဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် သပိတ်ကျင်းမြို့ပေါ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ မြစ်ရေဝင်ရောက်လာခဲ့ပြီး တွင်းငယ်ကျေးရွာရှိ အနိမ့်ပိုင်းတွင်နေထိုင်သည့် အိမ်ထောင်စုများကို သပိတ်ကျင်းမြို့နယ် နယ်မြေခံတပ်မတော်သား



များက ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့၍ ယနေ့ နံနက်ပိုင်းတွင် ရေဘေးသင့်ပြည်သူများအား ကြက်ဥနှင့် သောက်ရေသန့်များ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

သပိတ်ကျင်းမြို့ပေါ်ရှိ အနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝတီမြစ်ရေ အနည်းငယ် စတင်ဝင်ရောက်ခဲ့ကာ တွင်းငယ်ကျေးရွာရှိ ရေဝင်ရောက်သည့် အိမ်ထောင်စုများအား ဘုရားကုန်းနှင့် ဘုန်းကြီးကျောင်း ရေလွတ်သည့်နေရာများတွင် သပိတ်ကျင်းမြို့နယ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကူညီရွှေ့ပြောင်းပေးခဲ့ပြီး ယနေ့ နံနက်တွင် သပိတ်ကျင်းတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် အောင်အောင် ဦးစီး၍ ရေဘေးသင့်အိမ်ထောင်စု ၁၆၁ စုအား ကြက်ဥနှင့်သောက်ရေသန့်များ သွားရောက်ထောက်ပံ့ လှူဒါန်းခဲ့ကြောင်း သိရသည်။

သပိတ်ကျင်းမြို့၏ ရေဝတီမြစ်ရေ စိုးရိမ်ရေအမှတ်မှာ ၁၄၈၀ စင်တီမီတာဖြစ်ပြီး ယနေ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ နံနက် (၆:၃၀) နှင့် နေ့လယ် (၁၂:၃၀) အချိန် တိုင်းတာချက်များအရ ၁၄၀၁ စင်တီမီတာသို့ ရောက်ရှိနေကြောင်း သိရသည်။ **စိုးနိုင်ဝင်း (သပိတ်ကျင်း)**

# ကလေးဝမြို့တွင် ချင်းတွင်းမြစ်ကမ်းပြိုကျမှုကြောင့် ပြောင်းရွှေ့နေအိမ်များကို ထောက်ပံ့ငွေပေးအပ်

**ကလေးဝ ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ချင်းတွင်းမြစ်ကမ်းပြိုကျမှုကြောင့် ပြောင်းရွှေ့နေအိမ်များအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ပြုလုပ်သည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အကြီးတန်းစာရေး ဦးသန်းထွန်းအောင်က ထောက်ပံ့ငွေပေးအပ်ရခြင်း ရှင်းလင်းပြောကြားပြီး ဇွန် ၁၇ ရက်က ချင်းတွင်းမြစ်ကမ်းပြိုကျမှုကြောင့် ပြောင်းရွှေ့ခဲ့ရသော ကိုင်းကျေးရွာအုပ်စု ဇီးဒေါင့်ကျေးရွာနေ ဦးပေါစံ၏နေအိမ်နှင့် တုန်နန်းအုပ်စု တုန်နန်းရွှေတောင်ကျေးရွာနေ ဒေါ်အဲခင်၏နေအိမ်တို့အတွက် တစ်ဦးလျှင် ပြောင်းရွှေ့စရိတ် ငွေကျပ်တစ်သိန်းနှင့် စားစရိတ် ငွေကျပ် ၆၃၀၀ စုစုပေါင်း ငွေကျပ် ၂၁၂၆၀၀ ကို ထောက်ပံ့ပေးကြောင်း သိရသည်။

**သက်ဟန် (ကလေးဝ)**

# မင်းဘူး (စကု) မြို့နယ်ရှိ ကမ်းပြိုဘေးသင့် အိမ်ထောင်စုများကို စားသောက်ကုန်များလှူဒါန်း

**မင်းဘူး ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် နိဗ္ဗာန်ကျွန်းကျေးရွာရှိ ကမ်းပြိုဘေးသင့် အိမ်ထောင်စုများကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက အခြေခံစားသောက်ကုန်ငါးမျိုး လှူဒါန်းခြင်းကို ယမန်နေ့ နံနက်က နိဗ္ဗာန်ကျွန်းကျေးရွာ ဘုန်းကြီးကျောင်း၌ လှူဒါန်းပေးအပ်သည်။

ငွေကျပ် ၂၃ သိန်းကျော်တန်ဖိုးရှိ အဆိုပါ စားသောက်ကုန်ပစ္စည်းများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးကျော်စွမ်းရည်နှင့် ဦးကျော်ငွေတို့ ဦးဆောင်၍ လူမှုရေးအဖွဲ့အစည်းများက မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်ပြောင်းရွှေ့ရသော အိမ်ထောင်စု ၆၉ စုအတွက် တစ်အိမ်ထောင်လျှင် ဆန် ၂၄ ပြည်ဝင် တစ်အိတ်၊ ပဲဆီ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာ၊ အာလူးတစ်ပိဿာ၊ ပဲတစ်ပိဿာတို့ကို လက်ဝယ်အရောက် လှူဒါန်းပေးအပ်ကြောင်း သိရသည်။

**မောင်မောင် (မင်းဘူး)**

❒ *ကျောဖုံးမှ*

ခံစစ်အကောင်းဆုံးအသင်းဟု မှတ်ယူရပေမည်။ လိဒ်စ်အသင်းအတွက် ဂိုးအများဆုံးသွင်းယူထားသူစာရင်းတွင် ပက်ထရစ် ဘန်းဖို့ဒ်က ၁၆ ဂိုး သွင်းယူပေးထားနိုင်ပြီး ပါဘလို ဟာနန်ဒက်ဇ်က ရှစ်ဂိုး သွင်းယူပေးထားနိုင်သည်။

လက်ရှိအချိန်အထိ ၂၀၁၉-၂၀၂၀ ချန်ပီယံရှစ်တွင် ဂိုးအများဆုံးသွင်းယူထားသူအဖြစ် ဘရန့်ဖို့ဒ်အသင်းမှ အိုလီဝတ်ကင်းစ်က ၂၅ ဂိုးဖြင့် ဦးဆောင်ထားကာ ဒုတိယနေရာတွင် ဖူလ်ဟမ်အသင်းမှ မီထရိုဗစ်က ၂၄ ဂိုးဖြင့် ရပ်တည်နေသည်။ ဂိုးအပြတ်ဆုံး အဝေးကွင်းနိုင်ပွဲအဖြစ် ဇန်နဝါရီ ၁၈ ရက်တွင် ရှက်ဖီးဝမ်နက်စ်ဒေးကို ဘလက်ဘန်းက ငါးဂိုးပြတ် အနိုင်ရရှိခဲ့သောပွဲစဉ်နှင့် ဇူလိုင် ၄ ရက်တွင် ရီးဒင်းအသင်းက လူတန်တောင်းကို ငါးဂိုးပြတ် အနိုင်ရရှိခဲ့သောပွဲစဉ်အဖြစ် မှတ်တမ်းတင်ထားသည်။ ဂိုးအပြတ်ဆုံး အိမ်ကွင်းနိုင်ပွဲအဖြစ် ဇူလိုင် ၁၄ ရက်တွင် ဝီဂန်က ဟူးလ်အသင်းကို ရှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သောပွဲစဉ်အဖြစ် မှတ်တမ်းတင်ထားသည်။ အရှည်ကြာဆုံး ရှုံးပွဲမရှိမှုအသင်းအဖြစ် ဝက်စ်ဘရွန်းအသင်းက ၁၄ ပွဲဖြင့် စံချိန်တင်ထားနိုင်သကဲ့သို့ အရှည်ကြာဆုံး နိုင်ပွဲပျောက်မှုအသင်းအဖြစ် ဘန်စလေအသင်းက ၁၇ ပွဲဖြင့် စံချိန်တင်ထားသည်။ ရှုံးပွဲဆက်မှု အများဆုံးအသင်းအဖြစ် ဟက်ဒါဖီးလ်အသင်းက ခြောက်ပွဲဖြင့် စံချိန်တင်ထားသည်။

ပရီမီယာလိဂ်မှ ချန်ပီယံရှစ်သို့ တန်းဆင်းရမည့်အသင်းတစ်သင်း ပေါ်ထွက်ထားပြီဖြစ်သည်။ ထိုအသင်းမှာ ပြီးခဲ့သည့်နှစ် ချန်ပီယံရှစ်တွင် အမှတ်ပေးဖလားကို ဆွတ်ခူးပြီး တန်းတက်ခွင့်ရရှိခဲ့သည့် နော့ဝှစ်အသင်းပင် ဖြစ်သည်။ နော့ဝှစ်အသင်းသည် ပရီမီယာလိဂ် ပွဲစဉ် ၃၆ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၂၁ မှတ်သာ ရရှိသည့်အတွက် ယခုလို ချန်ပီယံရှစ်သို့ ဆောလျင်စွာ တန်းဆင်းခဲ့ရခြင်း ဖြစ်သည်။

လိဒ်စ်အသင်းသည် လာမည့်ချန်ပီယံရှစ်ပွဲစဉ် (၄၅) အဖြစ် ဇူလိုင် ၁၉ ရက် (ယနေ့) တွင် ဒါဘီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**အောင်ဇော်**

# တောင်ကိုရီးယားတွင်ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို လျှော့ချရန် သမ္မတထရမ့်စဉ်းစားနေ

ဆိုးလ် ဇူလိုင် ၁၈

**အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အစိုးရအဖွဲ့က တောင်ကိုရီးယားနိုင်ငံတွင် ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်ကို လျှော့ချရန် ကြိုးပမ်းနေကြောင်း သိရသည်။**

တောင်ကိုရီးယားနှင့်အမေရိကန်တို့သည် တောင်ကိုရီးယားနိုင်ငံတွင် ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ အထွေထွေကုန်ကျစရိတ်ကို မည်သို့မည်ပုံ အတူခွဲဝေကျခံကြရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့်စက်တင်ဘာလ နှောင်းပိုင်းမှ စတင်ကာ ဆွေးနွေးခဲ့ကြသည်။

တပ်ဖွဲ့ဝင်များ၏ ကုန်ကျစရိတ်အများစုကို တောင်ကိုရီးယားက ပိုမိုတာဝန်ယူရန် သမ္မတထရမ့်က တောင်းဆိုခဲ့မှုနှင့်ပတ်သက်၍ နှစ်နိုင်ငံသဘောထား ကွဲလွဲလျက်ရှိကြောင်း အမေရိကန်အာဏာပိုင်များက ပြောကြားခဲ့မှုကို မီဒီယာများက ကိုးကားဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံတွင် ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို လျှော့ချရန် ပင်တဂွန်က အိမ်ဖြူတော်သို့ တင်ပြခဲ့ကြောင်း ဝေါစထရီဂျာနယ်က ဇူလိုင် ၁၇ ရက်တွင် ဖော်ပြခဲ့သည်။ လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံ၌ ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက် ၂၈၅၀၀ ရှိသည်။

တပ်ဖွဲ့ဝင်အရေအတွက် မည်မျှလျှော့ချသွားမည်နှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြခြင်း မရှိကြောင်းနှင့် ယင်းကိစ္စအပေါ် ဆုံးဖြတ်ချက်ချရသေးခြင်းမရှိကြောင်း ဝေါစထရီဂျာနယ်က ဖော်ပြထားသည်။

ပြီးခဲ့သည့်လအတွင်းက သမ္မတထရမ့်သည် ဂျာမနီနိုင်ငံ၌ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက် ၃၄၅၀၀ မှ ၂၄၅၀၀ အထိ လျှော့ချသွားရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

# အမေရိကန်ရေတပ်က လေယာဉ်တင်သင်္ဘောနှစ်စင်းကို တောင်တရုတ်ပင်လယ်အတွင်းထပ်မံစေလွှတ်

**ဝါရှင်တန် ဇူလိုင် ၁၈**

အမေရိကန်ရေတပ်ဖွဲ့သည် လေယာဉ်တင်သင်္ဘောနှစ်စင်းကို ယခုလအတွင်း ဒုတိယအကြိမ်အဖြစ် တောင်တရုတ်ပင်လယ်အတွင်းသို့ ထပ်မံစေလွှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်ရေတပ်မှ လေယာဉ်တင်သင်္ဘောနှစ်စင်း ဖြစ်သည့် ယူအက်စ်အက်စ်နီမစ်နှင့် ယူအက်စ်အက်စ် ရော်နယ်ရေဂင်သင်္ဘောတို့သည် ဇူလိုင် ၁၇ ရက်က တောင်တရုတ်ပင်လယ်အတွင်း၌ စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခဲ့ကြသည်။

လေယာဉ်တင်သင်္ဘော နှစ်စင်းသည် မဟာဗျူဟာမြောက် လေကြောင်းကာကွယ်ရေး လေ့ကျင့်မှုများဆောင်ရွက်ခဲ့ပြီး တပ်ဖွဲ့ဝင် ၁၂၀၀၀ ကျော်တို့ ပါဝင်ခဲ့ကြကာ Aegis ဖျက်သင်္ဘောများက လိုက်ပါစောင့်ကြပ်ခဲ့ကြောင်း သိရသည်။

ယူအက်စ်အက်စ်နီမစ်သင်္ဘော၏ အုပ်ချုပ်မှုအကြီးအကဲ ဂျင်ကာ့က လေယာဉ်တင်သင်္ဘောများပါဝင်သည့် တိုက်ခိုက်ရေးအုပ်စုများသည် တောင်တရုတ်ပင်လယ်အတွင်း၌ စစ်ရေးလေ့ကျင့်လျက်ရှိပြီး လွတ်လပ်ပွင့်လင်းသည့် အင်ဒိုပစိဖိတ်ဒေသဖြစ်ရေးနှင့် ဒေသတွင်းရှိ မဟာမိတ်များနှင့် လုပ်ဖော်ကိုင်ဖက်များကို ပေးအပ်ထားသည့် ကတိအတိုင်း နိုင်ငံတကာဥပဒေက ခွင့်ပြုထားသည့် မည်သည့်နေရာတွင်မဆို လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်ကို ဆက်လက်ထုတ်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုလ အစောပိုင်းကလည်း အမေရိကန်လေယာဉ်တင် သင်္ဘောနှစ်စင်းသည် တောင်တရုတ်ပင်လယ်အတွင်းရှိ တရုတ်နိုင်ငံကစစ်ရေးလေ့ကျင့်နေသည့်ဧရိယာ၌ပင် စစ်ရေးလေ့ကျင့်မှုတစ်ကြိမ် လုပ်ဆောင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**




လောင်စာဆီဖြည့်နေသည့် ယူအက်စ်အက်စ်နီမစ်သင်္ဘောကို တွေ့ရစဉ်။

## မွန်ဂိုလီးယား၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၅ ဦးထပ်တိုး

**အူလန်ဘာတာ ဇူလိုင် ၁၈**

မွန်ဂိုလီးယားနိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၅ ဦးထပ်တိုးလာကြောင်း သိရသည်။ သို့ဖြစ်ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူအရေအတွက်စုစုပေါင်းမှာ ၂၈၇ ဦး ရှိပြီဖြစ်ကြောင်း မွန်ဂိုလီးယား ကူးစက်ရောဂါဆိုင်ရာ အမျိုးသားစင်တာက ဇူလိုင် ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

**စစ်ဆေးမှုပေါင်း ၅၅၅ ခု ဆောင်ရွက်ခဲ့**

မွန်ဂိုလီးယား နိုင်ငံတစ်ဝန်းတွင် ဇူလိုင် ၁၇ ရက်က ဗိုင်းရပ်စ်စစ်ဆေးမှုပေါင်း ၅၅၅ ခု ဆောင်ရွက်ခဲ့ရာ ၎င်းတို့ထဲတွင် ၂၅ ဦးမှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံထားရသည်ကို တွေ့ရှိရကြောင်း ကူးစက်ရောဂါဆိုင်ရာ အမျိုးသားဌာနအကြီးအကဲ ဒူလ်မာ နမ်ခူက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**ပြည်ပမှ ကူးစက်ခံလာရခြင်းဖြစ်**

ရောဂါကူးစက်ခံရသူများအားလုံးမှာ ပြည်ပမှ ရောဂါကူးစက်ခံလာရခြင်းဖြစ်ပြီး အများစုမှာ ရုရှားနိုင်ငံတွင် ကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**သေဆုံးမှု မရှိသေး**

ရောဂါကူးစက်ခံရသူများအနက် ၂၁၁ ဦးမှာ ပြန်လည်သက်သာကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ဒေသခံပြည်သူအချင်းချင်းကြားကူးစက်ဖြစ်ပွားမှုနှင့် ရောဂါကြောင့် သေဆုံးမှု မရှိသေးကြောင်း ကူးစက်ရောဂါဆိုင်ရာ အမျိုးသားဌာနက ပြောကြားသည်။

**ဆင်ဟွာ**

## ရောဂါကူးစက်မှုအလွန်မြင့်တက်နေသော်လည်း နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရန် အမိန့်ထုတ်မည်မဟုတ်ကြောင်း ထရမ့်ပြော

**ဝါရှင်တန် ဇူလိုင် ၁၈**

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ကူးစက်မှုနှုန်းသည် တစ်ရက်အတွင်းမှာပင် စံချိန်တင်အဆိုးဆုံးအထိ မြင့်တက်နေသော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်းအနေဖြင့် နှာခေါင်းစည်းတပ်ဆင်ခြင်းကို မဖြစ်မနေလုပ်ဆောင်ကြရန် နိုင်ငံတော်အဆင့်အမိန့်ထုတ်ပြန်မည် မဟုတ်ကြောင်း ယမန်နေ့က ပြောကြားလိုက်သည်။

ဖောက်စ်နယူးစ်သတင်းနှင့် အမေးအဖြေပြုလုပ်ခဲ့မှုအတွက် သမ္မတထရမ့်အနေဖြင့် အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန်အတွက် တစ်နိုင်ငံလုံး နှာခေါင်းစည်းမတပ်မနေရ အမိန့်ထုတ်ရန် ရှိ မရှိ မေးမြန်းခဲ့ရာတွင် သမ္မတထရမ့်က ယင်းအမိန့်မျိုး ထုတ်ပြန်လိမ့်မည်မဟုတ်ကြောင်း။

၎င်းအနေဖြင့် အမေရိကန်ပြည်သူများကို ကိုယ်ပိုင်လွတ်လပ်ခွင့်အချို့ရှိစေလိုကြောင်း၊ ထို့ပြင်လူတိုင်းက နှာခေါင်းစည်းတပ်ဆင်လိုက်သည်နှင့် အရာရာပျောက်ကွယ်သွားနိုင်သည်ဆိုသောအချက်ကို လက်မခံနိုင်ကြောင်း သမ္မတထရမ့်က ဖြေကြားခဲ့သည်။

သမ္မတထရမ့်သည် အမေရိကန်၌ ကိုဗစ်- ၁၉ ကပ်ရောဂါစတင်ဖြစ်ပွားချိန်ကတည်းက ၎င်း၏ကျန်းမာရေးကောင်းမွန်မှုနှင့် ဗိုင်းရပ်စ်စစ်ဆေးမှုရလဒ်ကောင်းတို့ကို အကြောင်းပြကာ ၎င်းကိုယ်တိုင်လည်း နှာခေါင်းစည်းတပ်ဆင်ရန် ငြင်းဆန်ခဲ့သူဖြစ်သည်။

**အေအက်ဖ်ပီ**

# ဘရာဇီးအိုလံပစ်ကစားသမားများကို ပေါ်တူဂီ၌ လေ့ကျင့်မည်

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၈**

ဘရာဇီးနိုင်ငံမှ အိုလံပစ်ကစားသမားများကို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနိုင်သည့် အန္တရာယ်လျှော့နည်းစေရန်အတွက် ပေါ်တူဂီနိုင်ငံ၌ လေ့ကျင့်ပေးရန် စတင်စေလွှတ်နေပြီဖြစ်ကြောင်း ဘရာဇီးအိုလံပစ်ကော်မတီက ပြောကြားခဲ့သည်။

ဂျူဒိုနှင့် ရေကူးအားကစားအဖွဲ့ဝင်များအပါအဝင် ကစားသမား၂၀၀ ကျော်ပါဝင်သည့်ပထမအသုတ်သည် ဇူလိုင် ၁၇ ရက်တွင် ဆော်ပိုလိုမြို့မှ ထွက်ခွာခဲ့သည်။

အဆိုပါကစားသမားများသည် ပေါ်တူဂီသို့ စရောက်သည်နှင့် တစ်ပြိုင်နက် ကိုဗစ်- ၁၉ စစ်ဆေးခြင်းခံယူရမည်ဖြစ်ပြီး ရက်သတ္တနှစ်ပတ်ကြာ ကန့်သတ်စောင့်ကြည့်မှု ခံယူပြီးနောက်တွင် အားကစားလေ့ကျင့်မှုများ စတင်လုပ်ဆောင်ရမည်ဖြစ်သည်။

ဘရာဇီးနိုင်ငံ ကိုယ်စားပြု အိုလံပစ်ကစားသမားများ အနေဖြင့် လာမည့်နှစ်တွင်ကျင်းပမည့် တိုကျိုအိုလံပစ် အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ရန် ပေါ်တူဂီ၌ သုံးလထက်မနည်း လေ့ကျင့်နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

ဘရာဇီး အားကစားသမားများ အနေဖြင့် ဘရာဇီးနိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု အခြေအနေကို စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးမှသာလျှင် မိမိနိုင်ငံဆီသို့ မည်သည့်အချိန် ပြန်မည်ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ဘရာဇီးနိုင်ငံမှ ရေကူးအားကစားသမားများ လေ့ကျင့်နေစဉ်။

# ဆူပူအုံကြွမှုများဖြစ်နေသော မာလီနိုင်ငံ၌ အတိုက်အခံများက သမ္မတနုတ်ထွက်ပေးရန် တောင်းဆို

ဘာမာကို ဇူလိုင် ၁၈

**နိုင်ငံတကာညှိနှိုင်းသူများက ဆူပူအုံကြွမှုများဖြစ်နေသော မာလီနိုင်ငံတွင် အကျပ်အတည်းများကို ဝိုင်းဝန်းထိန်းသိမ်းရန် ကြိုးစားနေစဉ် မာလီအတိုက်အခံလှုပ်ရှားသူများက ပြဿနာများဝိုင်းဝိုင်းလည်နေသော သမ္မတ အီဘရာဟင် ဘိုဘာကာကီတာကို နုတ်ထွက်ပေးရန် တောင်းဆိုလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။**

မာလီနိုင်ငံမြို့တော် ဘာမာကိုတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဇွန် ၅ ရက် လှုပ်ရှားမှုကို ဦးဆောင်သူများက အနောက်အာဖရိကန်လွှတ်တော်ကို ဖျက်သိမ်းပေးရန်လည်း တောင်းဆိုလိုက်ပြီး လက်ရှိအစိုးရစနစ်မှ စစ်မှန်သော ရီပတ်ဘလစ်ကန် (သမ္မတစနစ်) ကူးပြောင်းကျင့်သုံးရန်လည်း တိုက်တွန်းလိုက်သည်။

မာလီနိုင်ငံတွင် နိုင်ငံရေးတင်းမာမှုများ မြင့်တက်နေစဉ်တွင် အဆိုပါ လှုပ်ရှားမှုများ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဇွန် ၅ ရက် လှုပ်ရှားမှုက နိုင်ငံ၏စီးပွားရေးနှင့် ဂျီဟတ် ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းမှုနှင့်ပတ်သက်ပြီး အောင်မြင်မှုမရှိခဲ့သည့် လက်ရှိ သမ္မတ ကီတာကို နုတ်ထွက်ပေးရန် တောင်းဆိုလိုက်သည်။

လွန်ခဲ့သောလက ကီတာ ဦးဆောင်သော လက်ရှိအစိုးရအပေါ် ဆန့်ကျင်လှုပ်ရှားမှုများက အကြမ်းဖက်မှုနှင့် နိုင်ငံရေးမငြိမ်သက်မှု အသွင်ကို ပြောင်းလဲဖြစ်ပေါ်စေခဲ့သည်။

ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များကြား သုံးရက်ကြာ ပဋိပက္ခဖြစ်ပွားမှုကြောင့် ၁၁ ဦးသေဆုံးခဲ့ပြီး ၁၅၈ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ပဋိပက္ခသည် နှစ်ပေါင်းများစွာအတွင်း မာလီနိုင်ငံ၏ သွေးထွက်သံယိုအဖြစ်ဆုံး ပဋိပက္ခတစ်ခု ဖြစ်ခဲ့သည်။

**အေအက်ဖ်ပီ**



မာလီမြို့တော် ဘာမာကို၌ ဆန္ဒပြနေသူများကို တွေ့ရစဉ်။

# အမေရိကန်၏ အရေးယူပိတ်ဆို့မှု မူဝါဒကို အီးယူပြစ်တင်

**ဘရပ်ဆဲလ် ဇူလိုင် ၁၈**

အမေရိကန်က ရုရှားနိုင်ငံ၏ အငြင်းပွားဖွယ် နော့ဒ်စထရမ်း-၂ ဓာတ်ငွေ့ပိုက်လိုင်းအပေါ် အရေးယူဆောင်ရွက်မှုပြုလုပ်ရန် လမ်းဖွင့်ပေးလိုက်ပြီးနောက် အီးယူသံတမန်အကြီးအကဲက ဇူလိုင် ၁၇ ရက်က အမေရိကန်၏ စီးပွားရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများအပေါ် ဝေဖန်တိုက်ခိုက်လိုက်သည်။



အီးယူနိုင်ငံခြားရေးရာ အဆင့်မြင့်ကိုယ်စားလှယ် ဂျိုးဆက်ဘောရယ်

**ထိခိုက်နစ်နာစေကြောင်းပြော**

အီးယူ၏ နိုင်ငံခြားရေးရာအဆင့်မြင့်ကိုယ်စားလှယ် ဂျိုးဆက်ဘောရယ်က အမေရိကန်နိုင်ငံသည် ၎င်း၏ ရန်သူတော်များနှင့်ပတ်သက်သော စီးပွားရေးဆောင်ရွက်မှုများအပေါ် အရေးယူဆောင်ရွက်မှုများပြုလုပ်ခြင်းသည် တရားဝင်စီးပွားရေးများ လုပ်ကိုင်ဆောင်ရွက်နေသော အီးယူကုမ္ပဏီများကို ထိခိုက်နစ်နာစေကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် အမေရိကန်နိုင်ငံက အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ၊ ကျူးဘားနှင့် နိုင်ငံတကာရာဇဝတ်ခုံရုံးတို့အပေါ် အရေးယူပိတ်ဆို့မှုများကိုလည်း ၎င်းက ထောက်ပြလိုက်သည်။

အမေရိကန်နိုင်ငံ၏ ကမ္ဘာအနှံ့ရှိ ကုမ္ပဏီများနှင့် တစ်ဦး တစ်ယောက်ချင်းစီအပေါ် ချမှတ်ကျင့်သုံးလျက်ရှိသော အရေးယူပိတ်ဆို့မှုများကိုလည်း အီးယူက ဆန့်ကျင်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

**အရေးယူပိတ်ဆို့မှုများ မြင့်တက်**

အီးယူကုမ္ပဏီများနှင့် ၎င်းတို့၏အကျိုးစီးပွားများအပေါ် ဆန့်ကျင်သည့် အမေရိကန်ပြည်ထောင်စု၏ အရေးယူကန့်သတ်ပိတ်ဆို့မှုများအား ကျင့်သုံးမှု မြင့်တက်လာသည့်အပေါ် သို့မဟုတ် အရေးယူမည်ဟု ခြိမ်းခြောက်မှုများ မြင့်တက်လာသည့်အပေါ် မိမိအနေဖြင့် စိုးရိမ်ကြောင်း ဘောရယ်က ပြောကြားလိုက်သည်။

**ပူးပေါင်းဆောင်ရွက်ခြင်း၏တန်ဖိုးဖြစ်**

အများသဘောတူ နိုင်ငံခြားရေးနှင့်လုံခြုံရေး မူဝါဒရည်မှန်းချက်များကို ခွဲဝေကျင့်သုံးခြင်းသည် မိတ်ဖက်အဖွဲ့များနှင့် သတ်မှတ်အရေးယူပိတ်ဆို့မှုများကို ပူးပေါင်းဆောင်ရွက်ခြင်း၏ ကြီးမားသည့် တန်ဖိုးတစ်ခုပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အကယ်၍မူဝါဒများမတူညီပါကလည်း အီးယူအနေဖြင့် ညှိနှိုင်းတိုင်ပင်ရန် အမြဲလမ်းဖွင့်ထားကြောင်း ၎င်းက ဆက်ပြောသည်။ **အေအက်ဖ်ပီ**

## ဂျပန်နိုင်ငံရှိ ခရီးသွားလုပ်ငန်းအဖွဲ့များက ဗိုင်းရပ်စ်တိုက်ဖျက်ရေးကို လုပ်ဆောင်ရန် ကတိပြု

**တိုကျို ဇူလိုင် ၁၈**

ဂျပန်နိုင်ငံရှိ ခရီးသွားလုပ်ငန်းဆိုင်ရာအဖွဲ့များက ဂျပန်အစိုးရ၏ ခရီးသွားရေးလှုံ့ဆော်အားပေးမှုအစီအစဉ် မစတင်မီ ကိုဗစ်-၁၉ တိုက်ဖျက် နှိမ်နင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ဆောင်မည်ဖြစ်ကြောင်း ကတိပြုပြောကြားလိုက်သည်။

ဂျပန်ပြည်တွင်းခရီးသွားလာမှုအတွက် ကုန်ကျစရိတ်လျှော့ပေါ့ပေးသည့် " ခရီးသွားကြစို့" ဟူသော လှုံ့ဆော်အားပေးသည့်အစီအစဉ်ကို ဇူလိုင် ၂၂ ရက်တွင် စတင်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

သို့သော် မြို့တော်တိုကျိုတွင် ဗိုင်းရပ်စ်ကူးစက်ခံရသည့် အရေအတွက် မြင့်တက်လာနေသည့်အတွက် တိုကျိုသို့ ခရီးသွားရောက်ရေးနှင့် တိုကျိုမှ ထွက်ခွာရေးခရီးစဉ်များ မပါဝင်တော့ကြောင်း သိရသည်။

ဟိုတယ်နှင့် တည်းခိုရေးလုပ်ငန်းလုပ်ကိုင်နေသူများ၊ ခရီးသွားအေဂျင်စီနှင့် တခြားလုပ်ငန်းနယ်ပယ်က အဖွဲ့ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်များသည် သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ဝန်ကြီး အာကာ့ဘာ့ခါဇုယိုရှိနှင့် ဇူလိုင် ၁၇ ရက်က တွေ့ဆုံခဲ့ကြသည်။

အဆိုပါ ကိုယ်စားလှယ်များသည် ၎င်းတို့ဆောင်ရွက်သွားမည့် ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု တားဆီးရေးဆောင်ရွက်ချက်များပါဝင်သည့် စာရွက်စာတမ်းများကို ဝန်ကြီး အာကာ့ဘာ့ကို ပေးအပ်ခဲ့ကြသည်။

အဆိုပါတားဆီးရေးဆောင်ရွက်ချက်များတွင် ဟိုတယ်နှင့်တည်းခိုခန်းသို့ လာရောက်မည့် ဧည့်သည်များ၏ ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် တည်းခိုမည့်သူများကို စစ်ဆေးမှုများလုပ်ဆောင်မည့် အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

ထို့အပြင် ခရီးသွားများသည် အသွားအလာကန့်သတ်သည့်နေရာများ၊ လူများပြည့်ကျပ်နေသော နေရာများ၊ လူချင်းနီးကပ်ဆက်သွယ်ပြောဆိုမှုများ စသည့်အချက်သုံးချက်နှင့် မငြိစွန်းစေရေးကို တားဆီးနိုင်ရန် အသေးစိတ်လုပ်ဆောင်မည်ဖြစ်ကြောင်း ကတိပြုထားသည်။

**အင်န်အိတ်ချ်ကေ**

# အမေဇုန်မိုးသစ်တောကာကွယ်ရေးနှင့်ပတ်သက်ပြီး ဘရာဇီးသမ္မတ ဖိအားများနှင့် ရင်ဆိုင်နေရ

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၈**

အမေဇုန်သစ်တော ပြုန်းတီးလာခြင်းကို တိုက်ဖျက်ရာတွင် မည်သည့်ရလဒ် ထွက်ပေါ်လာပြီလဲဆိုသည့် ရင်းနှီးမြှုပ်နှံသူများ၏ တောင်းဆိုမှုကို ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရို ရင်ဆိုင်နေရကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇူလိုင် ၁၈ ရက်က ဖော်ပြလိုက်သည်။

ဒုတိယသမ္မတ ဟယ်မီလ်တန် မော်ရိုက သစ်တောပြုန်းတီးမှုများနှင့် တောမီးလောင်မှုများကို လက်ခံနိုင်သည့် အနည်းဆုံးအဆင့်အထိ လျှော့ချမည်ဖြစ်ကြောင်း မကြာသေးမီက ပြောကြားလိုက်သည်။

ယင်းကိစ္စသည် ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရို အစိုးရအဖွဲ့အတွင်း ကိုင်တွယ်ဖြေရှင်းရခက်ခဲသည့် ပြဿနာတစ်ခုဖြစ်နေသည်။

၂၀၁၃ ခုနှစ်မှစကာ အမေဇုန်မိုးသစ်တောအတွင်း တောမီးလောင်မှုများသည် အမြင့်ဆုံးဖြစ်ခဲ့သောကြောင့် လွန်ခဲ့သော တစ်နှစ်မပြည့်မီ အချိန်ကတည်းက နိုင်ငံတကာ အသိုင်းအဝိုင်းသည် ထိတ်လန့်ကြောက်ရွံ့မှုများဖြင့် အခြေအနေများကို စောင့်ကြည့်ခဲ့သည်။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ဘုံအကျိုးစီးပွားအတွက်ဖော်ပြခဲ့သော အချက်များကို မကာကွယ်ပါက ဘရာဇီးနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော မာကာဆောအဖွဲ့ (တောင်အမေရိကကုန်သွယ်ရေးအဖွဲ့)နှင့် ဥရောပသမဂ္ဂတို့ကြား ကုန်သွယ်ရေးသဘောတူညီချက်ကို ဖျက်သိမ်းမည်ဟု အိုင်ယာလန်နှင့် ပြင်သစ်နိုင်ငံတို့က ဘရာဇီးနိုင်ငံကို ခြိမ်းခြောက်ထားသည်။

အမေဇုန်သစ်တော မီးလောင်မှုကို မက်ခရွန်က အပြည်ပြည်ဆိုင်ရာ ဘေးဒုက္ခအဖြစ် ပြောကြားလိုက်သည်။ ယင်းအပေါ် ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရိုက ကိုလိုနီစနစ် စိတ်နေစိတ်ထားအဖြစ် ပြန်လည်လက်တုံ့ပြန် ပြောကြားလိုက်သည်။

ဥရောပသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွဲလမ်းယုံကြည်မှုရှိနေကြောင်း ဘော်ဆွန်နာရိုက လွန်ခဲ့သောရက်က ဖေ့စ်ဘွတ်ခ်ပေါ်တွင် ရေးသားဖော်ပြလိုက်သည်။

၎င်းတို့သည် ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်ကို မထိန်းသိမ်းဘဲ မိမိတို့ကိုအချိန်တိုင်း တိုက်ခိုက်နေပြီး အဆိုပါကိစ္စသည် မတရားဟု ဘော်ဆွန်နာရိုက ဆက်လက်ပြောကြားလိုက်သည်။ ဘရာဇီးနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် မိမိတို့တွင်လည်း ပြဿနာများရှိကြောင်း ဘော်ဆွန်နာရိုက ဆက်လက်ပြောကြားသည်။ **အေအက်ဖ်ပီ**



အမေဇုန်မိုးသစ်တော မီးလောင်နေသည်ကို တွေ့ရစဉ်။

# ဦးတည်ချက်အမှားတွေကြောင့် ဗိုင်းရပ်စ်ကို ဖိတ်ခေါ်ရာ မရောက်စေချင်

## ကလျာမိုးမြင့်

**ကိုဗစ်-၁၉ ကပ်ရောဂါအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းတဲ့နေရာမှာ တကယ်လို့ အစိုးရတွေကသာ အခုထက်ပိုပြီး တိကျခိုင်မာပြတ်သားတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ဆောင်ရွက်ခြင်းမရှိဘူးဆိုရင် ကပ်ရောဂါကြီးဟာ ဆိုးသည့်ထက်ပိုဆိုးလာတော့မယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဒေါက်တာ တက်ဒရော့စ်အက်ဒဟာနွန်ဂီဘရီယက်ဆုစ်က သတိပေးလျက်ရှိပါတယ်။**

### မှားယွင်းတဲ့လမ်းကြောင်းဆီဦးတည်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အထွေထွေဒါရိုက်တာ ဒေါက်တာ တက်ဒရော့စ်က နိုင်ငံအများစုဟာ မှားယွင်းတဲ့လမ်းကြောင်းဆီ ဦးတည်နေကြတာကိုတွေ့ရတယ်လို့လည်း ၎င်းက ပြောပါတယ်။ ယုံကြည်စိတ်ချရပြီလို့ သက်သေပြနိုင်တဲ့ အစီအမံဆောင်ရွက်ချက်တွေကိုသာ မပြနိုင်သေးတာ၊ ရောဂါဖြစ်ပွားတဲ့သူ အရေအတွက်ကတော့ တစ်စက်မှ လျော့ကျမသွားတဲ့အပြင် ပိုပြီးတော့ မြင့်တက်လာတယ်လို့ ၎င်းက ပြောပါတယ်။

အမေရိကဟာ လတ်တလောအချိန်မှာတော့ ရောဂါကူးစက်ပြန့်ပွားမှုတွေ အားလုံးရဲ့ ဗဟိုချက်မတစ်ခု ဖြစ်နေပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ဆတိုးမြင့်တက်လာနေတဲ့အပြင် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတွေနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့အကြားမှာ တင်းမာမှုတွေလည်းမြင့်တက်နေတာကို တွေ့ရပါတယ်။ ရောဂါကူးစက်ဖြစ်ပွားမှု အဆိုးဆုံးခံစားရတဲ့ အမေရိကန်မှာ ကိုဗစ် - ၁၉ ကူးစက်ခံရသူအရေအတွက် ၃ ဒသမ ၃ သန်းကျော်ဖြစ်ပြီး သေဆုံးသူအရေအတွက် ၁၃၅၀၀၀ ကျော် ရှိနေပါပြီ။

### ပြည်သူလူထုယုံကြည်မှု ပျက်ပြယ်လာ

ဇူလိုင် ၁၃ ရက်က ဂျီနီဗာမှာပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း ဒေါက်တာတက်ဒရော့စ်က ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်ဖို့ ကြိုးပမ်းတဲ့နေရာမှာ နိုင်ငံ့ခေါင်းဆောင်တွေဆီက အမျိုးမျိုးရောပြွမ်းနေတဲ့ သတင်းစကားမျိုးစုံဟာ ပြည်သူလူထုရဲ့ယုံကြည်အားထားမှုကို ပျက်ပြယ်လာစေတယ်လို့ ဆိုပါတယ်။

ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ဟာ ပြည်သူလူထုရဲ့ နံပါတ်တစ် ရန်သူတော်အဖြစ် ဆက်ရှိနေပေမယ့် အစိုးရ အများအပြားရဲ့ပြုမူဆောင်ရွက်ပုံတွေက ဒီအချက်ကို သိပ်ပြီး ထင်ဟပ်ဖော်ပြရာ မရောက်ဘူး။ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ဆက်ဆံခြင်း၊ လက်ဆေးခြင်း၊ အကာအကွယ် နှာခေါင်းစည်းတပ်ဆင်ခြင်းတွေကို သင့်လျော်တဲ့အခြေအနေတွေမှာ ထိထိရောက်ရောက် လိုက်နာဆောင်ရွက်ဖို့ လိုအပ်နေသေးတယ်လို့ ၎င်းကထောက်ပြခဲ့ပါတယ်။

### ရောဂါကူးစက်မှုတွေ ပြင်းထန်လာစေ

အကယ်၍ အခြေခံကျတဲ့အချက်တွေကို လိုက်နာမှု မရှိဘူးဆိုရင် တစ်ခုတည်းသောဖြစ်လာနိုင်တဲ့အရာကတော့ ဆိုးသည့်ထက်ဆိုးလာတဲ့ အခြေအနေကိုထိုင်ကြည့်နေဖို့ပဲရှိတော့တယ်လို့ ဒေါက်တာတက်ဒရော့စ်က ပြောကြားခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အရေးပေါ် ဒါရိုက်တာ ဒေါက်တာမိုက်ရန်က အမေရိက တစ်လွှားမှာ အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးပြီး နေရာအချို့ကို ပြန်လည်ဖွင့်လှစ်ပေးလိုက်တာက ရောဂါကူးစက်မှုတွေ ပြင်းပြင်းထန်ထန်ဖြစ်လာဖို့ ဦးတည်လာစေတယ်လို့ သတိပေးနေပါတယ်။

လက်တင်အမေရိကမှာ ကိုဗစ်-၁၉ နဲ့ ဆက်နွှယ်တဲ့ သေဆုံးမှု ၁၄၅၀၀၀ ကျော်ရှိပြီး ဗိုင်းရပ်စ် စစ်ဆေးမှုကို လုံလောက်စွာ လုပ်ဆောင်နိုင်ခြင်းမရှိတဲ့ အခြေအနေတွေလည်း ရှိတာကြောင့် ရောဂါကူးစက်ဖြစ်ပွားမှုအရေအတွက်ဟာ ဒီထက်ပိုပြီး မြင့်မားနိုင်တယ်လို့ သိရပါတယ်။သေဆုံးတဲ့အရေအတွက် ထက်ဝက်လောက်ဟာ ဘရာဇီးနိုင်ငံကပါ။ ဘရာဇီးသမ္မတဖြစ်တဲ့ ဂျာဘော်ဆွန်နာရိုဆိုတာကလည်း နိုင်ငံအတွင်းမှာ ဗိုင်းရပ်စ် ထိန်းချုပ်ရေးလုပ်ဖို့ တင်းတင်းကျပ်ကျပ် စည်းကမ်းချမှတ်ဆောင်ရွက်တာမျိုးတွေကို လက်မခံတဲ့သူတစ်ယောက်ဖြစ်နေပြန်ပါတယ်။

> **"အကယ်၍ အခြေခံကျတဲ့အချက်တွေကို လိုက်နာမှု မရှိဘူးဆိုရင် တစ်ခုတည်းသောဖြစ်လာနိုင်တဲ့အရာကတော့ ဆိုးသည့်ထက်ဆိုးလာတဲ့ အခြေအနေကို ထိုင်ကြည့်နေဖို့ပဲရှိတော့တယ်လို့ ဒေါက်တာ တက်ဒရော့စ်က ပြောကြားခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အရေးပေါ် ဒါရိုက်တာ ဒေါက်တာမိုက်ရန်က အမေရိကတစ်လွှားမှာ အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးပြီး နေရာအချို့ကို ပြန်လည်ဖွင့်လှစ်ပေးလိုက်တာဟာ ရောဂါကူးစက်မှုတွေ ပြင်းပြင်းထန်ထန်ဖြစ်လာဖို့ ဦးတည်လာစေတယ်လို့ သတိပေးနေပါတယ်"**



ကိုဗစ် -၁၉ တိုက်ဖျက်ရေးတွင် ပါဝင်လှုပ်ရှားနေကြသည့် ကျန်းမာရေးဝန်ထမ်းများ။

### ပိတ်ဆို့မှုတွေ မဖြစ်မနေလိုအပ်

ပိတ်ဆို့မှုတွေနဲ့ပတ်သက်ပြီး ဒေါက်တာမိုက်ရန်က ဘယ်လိုပြောသလဲဆိုတော့ ဒေသကြီးတွေမှာ အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုတွေ လုပ်ဆောင်လိုက်တဲ့အတွက် စီးပွားရေးအရ နောက်ဆက်တွဲ ထိခိုက်နစ်နာမှုတွေရှိတယ်ဆိုတာ မှန်တယ်။ ဒါပေမယ့် တချို့နေရာတွေမှာ ဗိုင်းရပ်စ်ကို ပျံ့နှံ့မှုလျော့ပါးစေဖို့ ဒေသဆိုင်ရာ အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုတွေ မဖြစ်မနေ လုပ်ဆောင်ဖို့ လိုအပ်တယ်လို့ ၎င်းက ဆိုပါတယ်။

အစိုးရတွေအနေနဲ့ တိကျပြတ်သားပြီး ခိုင်မာမှုရှိတဲ့ နည်းဗျူဟာတွေ ချမှတ်အကောင်အထည်ဖော်ဆောင်ဖို့ တိုက်တွန်းလိုတယ်။ ဒါ့အပြင် မြို့နေဒေသခံပြည်သူတွေကလည်း ဒါကိုနားလည်သဘောပေါက်ဖို့လိုသလို ၎င်းတို့အတွက်လည်း လိုက်နာဆောင်ရွက်ဖို့ လွယ်ကူတဲ့ နည်းလမ်းတွေဖြစ်ရမယ်လို့ ဒေါက်တာမိုက်ရန်က အကြံပြုခဲ့ပါတယ်။

### သတင်းစကား အမျိုးမျိုး

ကိုဗစ်-၁၉ ဗိုင်းရပ်စ်နဲ့ပတ်သက်လို့ ကောလာဟလသတင်းစကားတွေက အမျိုးမျိုးပေါ်ထွက်နေပါတယ်။ ဗိုင်းရပ်စ်ကို အမြစ်ပြတ်အောင်သုတ်သင်လို့ရတယ်ဆိုတာတွေ၊ လအနည်းငယ်အတွင်းမှာ ထိရောက်တဲ့ကာကွယ်ဆေးရဖို့ အဆင်သင့်ဖြစ်နေပြီဆိုပြီး ကြိုတင်ဟောကိန်းထုတ်နေကြတာတွေဟာ သဘာဝမကျတဲ့ ရမ်းသန်းပြောဆိုမှုတွေဖြစ်တယ်။ တကယ်တမ်းက ကျွန်ုပ်တို့အားလုံး ကိုဗစ် - ၁၉ ဗိုင်းရပ်စ်နဲ့ နေသားကျအောင် ဆက်လက်နေထိုင်သွားနိုင်ဖို့ ကြိုးပမ်းရမှာဖြစ်တယ်လို့ ၎င်းကရှင်းပြခဲ့ပါတယ်။

### ဗိုင်းရပ်စ်ကိုဘယ်လောက်ကြာကြာခုခံနိုင်

ပြီးတော့ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ခံရပြီး ပြန်ကောင်းလာတဲ့လူနာတွေ ဒီရောဂါကို ခုခံနိုင်စွမ်းရှိမလား၊ ဒါမှမဟုတ် အဲဒီခံနိုင်ရည်ရှိမှုက ဘယ်လောက်ကြာကြာခံမလဲဆိုတာကိုလည်း အခုအချိန်အထိ တပ်အပ်သိရသေးတာမဟုတ်ဘူးလို့ ဒေါက်တာမိုက်ရန်က ပြောပါတယ်။ ဆေးပညာရှင်တစ်စုကတော့ ဗိုင်းရပ်စ်ကို ခံနိုင်ရည်ရှိမှုဟာ အချိန်တိုတောင်းတယ်လို့ ဆိုထားတဲ့ လေ့လာမှုရလဒ်တစ်ခုကို ဇူလိုင် ၁၃ ရက်က ထုတ်ပြန်ခဲ့ပါတယ်။

King's College London က ဆေးပညာရှင်တစ်စုက လူတွေမှာ ပဋိဇီဝပစ္စည်းတွေ ပြုလုပ်ခြင်းအားဖြင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို သဘာဝနည်းအရ ဘယ်လိုတိုက်ခိုက်တယ်ဆိုတာနဲ့ ရောဂါကူးစက်ခံရသူတွေ နေပြန်ကောင်းလာပြီးတဲ့နောက် အဲဒီခုခံအားစနစ်က ရက်သတ္တအနည်းငယ်အတွင်း သို့မဟုတ် လအနည်းငယ်အတွင်း ဘယ်လောက်ကြာကြာခံတယ်ဆိုတာကို သိရှိဖို့ လူ ၉၆ ဦးကို လေ့လာခဲ့ကြပါတယ်။

စမ်းသပ်မှုအတွင်း ပါဝင်ခဲ့တဲ့သူတွေထဲက အားလုံးနီးပါးမှာ ခုခံနိုင်စွမ်းရှိတဲ့ ပဋိပစ္စည်းဟာ ကိုဗစ် - ၁၉ ကို စွမ်းအားကျဆင်းပြီး ရပ်တန့်စေတာမှန်ပေမယ့်လည်း အဲဒီခုခံနိုင်စွမ်းဟာ သုံးလကျော်လောက်အကြာမှာ ပြန်ပြီး အားနည်းဆုတ်ယုတ်သွားတယ်လို့ သိရပါတယ်။ အသက် ၁၀ နှစ်အောက်ကလေးငယ်တွေမှာဆိုရင် ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုကိုမဆိုစလောက်လေးသာ ခံစားရပြီး ၁၀ နှစ်အထက် ကလေးတွေမှာ အရွယ်ရောက်ပြီးလူငယ်တွေနဲ့ ရောဂါလက္ခဏာခံစားရပုံခြင်း ဆင်တူသလိုရှိတယ်လို့ ဖော်ပြထားပါတယ်။ ။

**ကိုးကား- ဆင်ဟွာ၊ ဘီဘီစီ**

## နိုင်ငံတကာသတင်းတိုထွာ

### တရုတ်နိုင်ငံတောင်ပိုင်းတွင် ရေကြီးမှုများဆက်လက်ဖြစ်ပွားနိုင်

**ပေကျင်း ဇူလိုင် ၁၈**

မိုးသည်းထန်စွာ ရွာသွန်းမှုများသည် တရုတ်နိုင်ငံတောင်ပိုင်းရှိ ပြည်နယ်များတွင် ဖြစ်ပွားနိုင်ကြောင်း ခန့်မှန်းမှုနှင့်အတူ တရုတ်အာဏာပိုင်များက တရုတ်နိုင်ငံ ယန်စီမြစ်ရေလျှံမှုကြောင့် ရေကြီးမှုများ ဆက်လက်ဖြစ်ပွားနိုင်ခြေရှိကြောင်း သတိပေးချက်များ ထုတ်ပြန်ထားသည်။

ဇွန်လကတည်းက မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် လူပေါင်း ၁၄၁ ဦး သေဆုံးခဲ့သလို ပျောက်ဆုံးသူများလည်း ရှိခဲ့သည်။ ထို့အတူ ဇူလိုင်လ တစ်လတည်းတွင် လူပေါင်း ၁၅ သန်းခန့်မှာ ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ရသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် စီးပွားရေးတွင် အမေရိကန်ဒေါ်လာ ဘီလီယံချီဆုံးရှုံးခဲ့ကြောင်း အစိုးရ၏သတင်းရင်းမြစ်များအရ သိရသည်။

မြစ်ချောင်းပေါင်း ၄၀၀ ကျော်တွင် စိုးရိမ်ရေမှတ်ထက်ကျော်လွန်ခဲ့သည်။ တချို့မြစ်ချောင်းများသည် စိုးရိမ်ရေမှတ်ကို ကျော်လွန်ကာ သမိုင်းတွင် စံချိန်သစ်တင်ခဲ့သည်။

ယန်စီမြစ်အလယ်ပိုင်းနှင့် အောက်ပိုင်းတွင် ရေမျက်နှာပြင် ဆက်လက်မြင့်တက်လာနိုင်ကြောင်း ရေအရင်းမြစ်အသုံးချရေးဝန်ကြီး အီဂျင်ပင်း၏ ပြောကြားချက်ကို ဆင်ဟွာသတင်းအေဂျင်စီက ကိုးကားဖော်ပြထားသည်။

**ဆင်ဟွာ**

### အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်း ရုတ်တရက်ရေကြီးမြေပြိုမှုဖြစ်ပွားရာ ၃၆ ဦးသေဆုံး

**ဂျကာတာ ဇူလိုင် ၁၈**

အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်း ဆူလာဝေစီပြည်နယ်တွင် ရုတ်တရက်ရေကြီးမြေပြိုမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၃၆ ဦးသေဆုံးခဲ့ကြောင်းနှင့် အဆောက်အအုံများနှင့် လူနေအိမ်များပျက်စီးခဲ့ကြောင်း၊ ထို့အတူ လူပေါင်း ၃၀၀၀ အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ကြကြောင်း အရေးပေါ်အေဂျင်စီက ဇူလိုင် ၁၇ ရက်တွင် ဖော်ပြလိုက်သည်။

ယခုသီတင်းပတ်အစောပိုင်းက သဘာဝဘေးဒုက္ခကြောင့် လူဝူးယူတရာဒေသတွင် လူပေါင်း ၃၆ ဦး သေဆုံးခဲ့ကြောင်းနှင့် အခြား ၁၆ ဦး ပျောက်ဆုံးနေကြောင်း အမျိုးသားသဘာဝဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲမှုအေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ရာဒီရာဂျာဒစ်က ပြောကြားလိုက်သည်။

ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ကယ်ဆယ်ရေးသမားများက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားလိုက်သည်။ အဆိုပါ ကယ်ဆယ်ရေး လုပ်ငန်းတွင် ကယ်ဆယ်ရေးသမားပေါင်း ၃၅၉ ဦး ပါဝင်ကြောင်း သိရသည်။

ပြင်းထန်သော ရေစီးကြောင်းများက ရွှံ့နွံများနှင့် သဲများကို သယ်ဆောင်လာခဲ့ရာ အဆိုပါ အညစ်အကြေးများက လူများနေထိုင်ရာ အိမ်ပေါင်း ၄၀၀၀ ခန့်ကို ဖုံးလွှမ်းခဲ့သောကြောင့် လူပေါင်း ၃၀၀၀ ကျော် လုံခြုံစိတ်ချရသည့် နေရာများသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ရကြောင်း အမျိုးသားသဘာဝဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲမှုအေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ရာဒီရာဂျာဒစ်က ပြောကြားသည်။

**ဆင်ဟွာ**

## Covid ကနေ ရတဲ့ တန်ဖိုးအရှိဆုံး သင်ခန်းစာ

**Covid ကြောင့် စဉ်းစားသင်ယူစရာတွေကို နေ့စဉ်နဲ့အမျှ တွေ့နေရပါတယ်။ လွန်ကဲတယ်လို့ မရှိနိုင်တဲ့ 'သတိ'အား ကောင်းအောင်လေ့ကျင့်ရခြင်းကတော့ Covid ကနေရတဲ့ တန်ဖိုး အရှိဆုံး သင်ခန်းစာပါပဲ။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၀–၆–၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသား ဖော်ပြချက်မှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုများအား လက်ခံ

**ရန်ကုန် ဇူလိုင် ၁၈**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီအတွင်းရေးမှူး(၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းရှိ ပြည်ထောင်စုခန်းမ၌ အလှူရှင်များက Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ထံသို့ လှူဒါန်းမှုများအား လက်ခံသည်။ **(ယာပုံ)**




ရှေးဦးစွာ ကိုဗစ်–၁၉ ခါတ်ခွဲနမူနာကောက်ယူသည့်ယာဉ် (mobile swab van) များ၏ အလှူရှင်များက လှူဒါန်းရသည့် အကြောင်းရင်းများကို ရှင်းလင်း ပြောကြားထားသည့် ရုပ်သံဗီဒီယိုကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးဇော်မိုးခိုင်က လှူဒါန်းမှုအကြောင်း အရင်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်တို့က လှူဒါန်းမှုများအား လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုများအပေါ် ကျေးဇူးတင်စကား ပြောကြားခဲ့ရာတွင် ယခုအချိန်၌ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ ကို အတိုင်းအတာ တစ်ခုအထိ ရောဂါထိန်းချုပ်ထားနိုင်သော်လည်း မိမိတို့အနေဖြင့် ပေါ့ဆ၍ မရဘဲ လုပ်ဆောင်ရန်ရှိသည်များအား အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက် ရမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့သော လှူဒါန်းမှုများသည် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများအတွက် များစွာအထောက်အကူပြုပြီး ရေရှည် ကာလအတွက်လည်း အကျိုးရှိမည်ဖြစ်သဖြင့် စေတနာအလှူရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ ဖြစ်ပွားမှုများကို ဆက်လက် ကာကွယ်တားဆီးနိုင်ရန်အတွက် ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာ ဆောင်ရွက်ကြစေလိုပါကြောင်း၊ အလှူရှင်များအနေဖြင့် မိမိတို့၏ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေများအား COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအတိုင်း နေထိုင်ကြပါရန် တိုက်တွန်းပြောကြားကြစေလို ပါကြောင်း ပြောကြားသည်။

ယနေ့ အခမ်းအနားတွင် လှူဒါန်းမှုများအနေဖြင့် ဆရာတော်ဘဒ္ဒန္တဥတ္တမ မဟာထေရ် (ဇောဓိကုန်းကျောင်းတိုက်၊ သံလွင်လမ်း) က Mobile Swab Van တစ်စီး၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ ဦးဇော်မိုးခိုင်နှင့် ဒေါက်တာစောနေနွယ် (Pacific AA Foundation, AA medical Products Ltd, Success & Success Int'L Ltd) က အမေရိကန်ဒေါ်လာ ၄၀၂၀၀၀ တန်ဖိုးရှိ SARs–COV–2 Reagent ဆက်စပ်ပစ္စည်း ၁၁ မျိုးနှင့် အမေရိကန်ဒေါ်လာ (၁၂၅၂၀၈ ဒသမ ၆၄) တန်ဖိုးရှိ Anti SARs–COV–2 test၊ လွယ်ဟိန်းကုမ္ပဏီလီမိတက်က (Alpine and Life သောက်ရေသန့်) ငွေကျပ် ၂၆၇၀၀၀၀၀၀ တန်ဖိုးရှိ Alpine and Life သောက်ရေသန့်ဘူး (၁ ဒသမ ၅) သန်း၊ Sea Rangers (Myanmar Seafarer Donation Group) က ကျပ် ၂၃၅ သိန်းတန်ဖိုးရှိ Ventilator with humidifier (VG 70) တစ်လုံး၊ သုဇာတာ ဖောင်ဒေးရှင်းက Mobile Swab Van တစ်စီး၊ ဦးသမာဓိ International Services Co.,Ltd က Sojen အမှတ်တံဆိပ် Logistic Truck တစ်စီး၊ ဆေးတက္ကသိုလ် (၁)၊ (၁၉၈၆) ခုနှစ် ကျောင်းဆင်းဆရာဝန်များက ငွေကျပ် ၁၁၃၄၀၀၀၀ တန်ဖိုးရှိ AED machine ၊ တစ်ကိုယ်ရေ သုံးကာကွယ်ရေးပစ္စည်း များနှင့် ငွေကျပ် ၅၄၇၃၀၀၀ ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (YUE) ၊ EMBA (14th) Batch ကျောင်းသား ကျောင်းသူများက အမေရိကန်ဒေါ်လာ ၇၂၀၀ တန်ဖိုးရှိ SARs–COV–2 Reagent များ၊ မြင့်မြတ်ဖြူစင်ကုသိုလ်ဖြစ် အထူးကု ဆေးခန်းက Mobile Swab Van တစ်စီးဝယ်ယူရန် မတည်ငွေကျပ် သိန်း၁၀၀၊ ဦးမြင့်ဌေးနှင့် ဒေါ်ယဉ်သီတာအေးက ငွေကျပ်သိန်း ၁၀၀ ၊ Progress Biochem Co.,Ltd က ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ Ethanol (75%) ၂၂၀ ပုံး၊ ဦးကျော်နန္ဒ (Managing Director, Techmation MYANMAR Co.,Ltd) က ငွေကျပ် ၁၇၅၀၀၀၀ တန်ဖိုးရှိ Automatic Temperature Scanner ငါးလုံးနှင့် ဦးတင့်လှိုင် နှင့် ဒေါက်တာလှမြသွေးဉာဏ္ဍာ မိသားစုက Mobile Swab Van ဝယ်ယူရန် မတည်ငွေကျပ် ၁၀ သိန်းတို့ကို အသီးသီး လှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နောင်မွန်မြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေနှင့် ကိုဗစ်–၁၉ ပံ့ပိုးချေးငွေများပေးအပ်

**နောင်မွန် ဇူလိုင် ၁၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်၌ ယမန်နေ့က တောင်သူများထံသို့ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ ပေးအပ်သည်။

အဆိုပါချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်၊ မြစ်ကြီးနားဘဏ်ခွဲမှ ဘဏ်မန်နေဂျာ ဒေါ်မြတ်နွဲ့သန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစကျော်သက်ထွေးတို့က ၂၀၂၀ မိုးစပါးစိုက်ပျိုး ချေးငွေများကို မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ရှစ်အုပ်စုရှိ တောင်သူ ၂၃၇ ဦးပိုင် မြေဧက ၄၀၃ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းနှင့် COVID–19 Spical Relief Loan ပံ့ပိုးချေးငွေကို ရပ်ကွက်ငါးရပ်ကွက်နှင့် ကျေးရွာ အုပ်စု ခြောက်အုပ်စုရှိ တောင်သူ ၁၀၃ ဦးပိုင် မြေဧက ၁၆၇ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် နောင်မွန်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အခြေပြု၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများ အလိုက် တောင်သူတစ်ဦးချင်း၏ လက်ဝယ်သို့ ထုတ်ပေး ခဲ့ကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**

*❖ ကျောဖုံးမှ*

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် မြို့နယ်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာအောင်သူထက်တို့က နမ္မတူမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း ခြောက်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း စုစုပေါင်း ခုနစ်ကျောင်းတို့အတွက် နှာခေါင်းစည်း အခု ၂၀၀၀၊ လက်အိတ် အစုံ ၁၄၀၀ ၊ လက်သန့်ဆေးရည်ဘူးများနှင့် အရေးပေါ်သီးသန့် အသုံးပြုရန်အတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၁၄ စုံနှင့် ပိုးသတ်ဆေးဘူး ၁၄ ဘူးတို့ကို မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝင်းမြင့် လက်ဝယ်သို့ အရောက်ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲ နမူနာ (၅၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ -

  COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၁၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၃၉) ဦးရှိပါသည်။

၃။ (၁၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမ + ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၉၈၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၃၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL, Mandalay) မှ ဓာတ်ခွဲနမူနာ (၁၈၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL, Mawlamyine) မှ ဓာတ်ခွဲနမူနာ (၂၈၀) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၃၅) ခု၊
- စုစုပေါင်း (၁,၇၂၄)ခု အားစစ်ဆေးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ |
|---|---|
| (၁၇-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ဒုတိယအသုတ်) | (၅၅၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၀) ဦး |

(၁၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၉၈၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၃၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL, Mandalay) မှ ဓာတ်ခွဲနမူနာ (၁၈၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL, Mawlamyine) မှ ဓာတ်ခွဲနမူနာ (၂၈၀) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၃၅) ခု၊
- စုစုပေါင်း (၁,၇၂၄)ခု အားစစ်ဆေးခဲ့ပါသည်။

❊ *ကျော့ဖုံးမှ*

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက်ပိုးမတွေ့ရှိသူ (၂) ဦး (Case- 312, 313) တွေ့ရှိရသဖြင့် စုစုပေါင်း (၂၇၃) ဦး ရှိပါသည်။ ၎င်းတို့အနက် (၂၆၁) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၇-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၈-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၉) ဦး ရှိပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၄၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၂၇၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၁၈-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 340 | ၄၃ နှစ် | မ | အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မရမ်းကုန်းမြို့နယ်) |




## ထိုင်းနိုင်ငံမှ နေရပ်ပြန်ပြည်သူ ၃၁ ဦးအား ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ ထားရှိ

**ညောင်ရွှေ ဇူလိုင် ၁၈**

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၁ ဦးသည် ဇူလိုင် ၁၈ ရက် နံနက် ၉နာရီက ညောင်ရွှေမြို့သို့ ရောက်ရှိခဲ့ပြီး မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ကန့်သတ်စောင့်ကြည့်ထားကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်ပြည်သူများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်၊ စစ်ဆေး၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကြီးကြပ်မှုကော်မတီဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပရဟိတလူငယ်များက သတ်မှတ်အဆောင်များ၌ နေရာချထားခြင်း၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ နေရပ်ပြန်ပြည်သူများသည် မြဝတီမြို့ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ ဝင်ရောက်လာပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်လည်ရောက်ရှိလာသူများဖြစ်ကာ နေရပ်ပြန်ပြည်သူများတွင် ရှမ်းပြည်နယ်တောင်ပိုင်းမှ ၂၈ ဦး၊ ရှမ်းပြည်နယ် မြောက်ပိုင်းမှ သုံးဦးဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

## ရောဝတီတိုင်းဒေသကြီးရှိ ကမ်းခြေခရီးသွားလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ရန်စီစဉ်

**ပုသိမ် ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိသော ကမ်းခြေအပန်းဖြေစခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဇူလိုင် ၁၆ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြုလုပ်သည့် အစိုးရအဖွဲ့ အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ကမ်းခြေဒေသများမှ ဟိုတယ်များနှင့် တည်းခိုခန်းများ၊ ကမ်းခြေတစ်လျှောက် သတ်မှတ်နေရာတို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ မရှိကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းထားသည့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များမှ စစ်ဆေးကာ သတ်မှတ်စည်းကမ်းချက်များ ပြည့်စုံမှုရှိမှသာ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအပြင် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထပ်ဆင့်ထုတ်ပြန်သည့် ညွှန်ကြားချက်များလည်းရှိကြောင်း၊ ကမ်းခြေရှိ ဟိုတယ်နှင့် တည်းခိုခန်းများ သတ်မှတ်စည်းကမ်းများ လိုက်နာမှုရှိရေး၊ ကမ်းခြေတွင်အုန်းရည်ရောင်းသည့်လုပ်ငန်း၊ ဖောကွင်းငှားသည့်လုပ်ငန်း၊ စပိဘုတ်များငှားရမ်းခြင်း၊ စက်ဘီးများ ငှားရမ်းခြင်းနှင့် ကမ်းခြေတွင် ဈေးရောင်းချသူများ လိုက်နာရမည့် စည်းကမ်းချက်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးဝန်ကြီးက ဆက်လက်ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း အထင်ကရ အပန်းဖြေစခန်းများဖြစ်သည့် ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ ဂေါ်ရန်ဂျီကမ်းခြေ၊ ရွှေသောင်ယံနှင့် ရခိုင်ပြည်နယ်သို့ ဆက်သွယ်သည့် ကမ်းခြေပတ်လမ်းများသို့ သွားရောက်လေ့လာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဟန် (ပြန်/ဆက်)**

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကိုဗစ် -၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ စုစုပေါင်းဦးရေ ၃၄၀ ရှိသွားပြီ

နေပြည်တော် ဇူလိုင် ၁၈

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်းဦးရေ ၃၄၀ ရှိပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူ တစ်ဦးမှာ ယူအေအီးမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း ၊ ရောဂါပိုးတွေ့ရှိသူ ၃၄၀ အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၂၇၃ ဦးရှိပြီး ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၂၆၁ ဦး ရှိကြောင်းနှင့် ဇူလိုင် ၁၇ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၁၈ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၃၉ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၉၉၃၀၂ | ၃၄၀ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၂၇၃ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၄၅၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၆၁ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၃ | ၅ |
| ၂ | ရခိုင် | ၁၅ | |
| ၃ | ချင်း | ၁၁ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၄ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၄၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၈-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၁၈-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၇၇၁၁၀၁ | ၁၇၄၁၆၂၆ | ၁၄၂၀၈၀ |
| ၂။ | ဘရာဇီး | ၂၀၄၉၁၄၀ | ၁၃၆၆၇၇၅ | ၇၇၉၆၄ |
| ၃။ | အိန္ဒိယ | ၁၀၄၄၉၆၃ | ၆၅၅၆၆၇ | ၂၆၃၄၇ |
| ၄။ | ရုရှား | ၇၆၅၄၃၇ | ၅၄၆၈၆၃ | ၁၂၂၄၇ |
| ၅။ | ပီရူး | ၃၄၅၅၃၇ | ၂၃၃၉၈၂ | ၁၂၇၉၉ |
| ၆။ | တောင်အာဖရိက | ၃၃၇၅၉၄ | ၁၇၈၁၈၃ | ၄၈၀၄ |
| ၇။ | မက္ကဆီကို | ၃၃၁၂၉၈ | ၂၀၈၄၃၆ | ၃၈၃၁၀ |
| ၈။ | ချီလီ | ၃၂၆၅၃၉ | ၂၉၆၈၁၄ | ၈၃၄၇ |
| ၉။ | စပိန် | ၃၀၇၃၃၅ | စိစစ်ဆဲ | ၂၈၄၂၀ |
| ၁၀။ | ဗြိတိန် | ၂၉၃၂၃၉ | စိစစ်ဆဲ | ၄၅၂၃၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၈ – ၇ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၈၄၈၈၂ | ၄၃၂၆၈ | ၄၀၁၆ |
| ဖိလစ်ပိုင် | ၆၅၃၀၄ | ၂၂၀၆၇ | ၁၇၇၃ |
| စင်ကာပူ | ၄၇၆၅၅ | ၄၃၅၇၇ | ၂၇ |
| မလေးရှား | ၈၇၆၄ | ၈၅၄၆ | ၁၂၂ |
| ထိုင်း | ၃၂၄၆ | ၃၀၉၆ | ၅၈ |
| ဗီယက်နမ် | ၃၈၂ | ၃၅၆ | ၀ |
| မြန်မာ | ၃၄၀ | ၂၇၃ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၇၁ | ၁၃၃ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# မိုးနဲမြို့ နောင်ကျော့အင်းနှင့် နောင်အွန်အင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး လက်ကမ်းစာစောင်များဖြန့်ဝေ

မိုးနဲ ဇူလိုင် ၁၈

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ပြည်သူများ နေ့စဉ်စားသုံးနေသည့် ငါးမျိုးသယံဇာတပြန့်ပွားရန်၊ ဒေသအတွင်း ငါးစားသုံးမှုမြင့်မားလာစေရန်နှင့် ငါးမျိုးမပြုန်းတီးစေရန်ရည်ရွယ်၍ အင်းအိုင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို မိုးနဲမြို့ နောင်ကျော့အင်းနှင့် နောင်အွန်အင်းတို့၌ ယမန်နေ့က ဆောင်ရွက်ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ရာသို့ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန်၊ လင်းခေးခရိုင် ငါးလုပ်ငန်းဦးစီးအရာရှိ ဒေါ်သက်စုရည်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနီဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ပြီး နောင်ကျော့အင်းနှင့် နောင်အွန်အင်းအတွင်းသို့ ညောင်ရွှေ ငါးလုပ်ငန်းစခန်းမှ ရွှေဝါငါးကြင်း တစ်လက်မအရွယ်ရှိ သားပေါက်ကောင်ရေ ၇၅၀၀ ကို ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများသည် မိုးနဲမြို့ ညနေခင်းဈေးတွင် “ကိုဗစ်–၁၉ ကာကွယ်ရေး၊ ငါးရိက္ခာများ စားသုံးပေး” လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးကြောင်း သိရသည်။



သတင်းစဉ်

# COVID – 19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၁၈

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID – 19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်အတွင်း စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် ဂုဏ်ပြုလွှာများပေးအပ်

စစ်တွေ ဇူလိုင် ၁၈

**ရခိုင်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြုလွှာများပေးအပ်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်း၌ စစ်တွေမြို့တွင် ဆောင်ရွက်သည်။**

ထိုသို့ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ တိုင်းရင်းဆေး ဆေးရုံ၌ ကန့်သတ်စောင့်ကြည့်ရေးစခန်းအဖြစ် ဖွင့်လှစ်ထားရှိသောနေရာသို့ရောက်ရှိပြီး ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် ဂုဏ်ပြုလွှာများကို ပြည်နယ်ဝန်ကြီးချုပ်ထံပေးအပ်ပြီး ရင်ထိုးတံဆိပ်များ၊ နှာခေါင်းစည်းများနှင့်လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်းကိုယ်စားလှယ်တစ်ဦးနှင့် ပရဟိတအဖွဲ့ ကိုယ်စားလှယ်တစ်ဦးထံပေးအပ်ကာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများရှိ ကိုယ်ဝန်ဆောင်မိခင် ၁၄ ဦး၊ အသက်ငါးနှစ်အောက် ကလေး ၆၇ ဦး၊ အသက် ၆၀ နှင့် အထက်ဘိုးဘွား ၆၀ တို့အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းနှုန်း ဖြင့် စုစုပေါင်းငွေကျပ် ၄၂၃၀၀၀၀ (ကျပ်လေးဆယ့်နှစ်သိန်း သုံးသောင်းတိတိ)ကို ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံသို့ ပေးအပ်သည်။

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အနေဖြင့် ယနေ့စစ်တွေမြို့၌ ပေးအပ်သော စေတနာ့ဝန်ထမ်း ၃၆၄ ဦး၊ ပရဟိတအဖွဲ့ ၃၇ ဖွဲ့တို့အတွက် ဂုဏ်ပြုလွှာများကို ပြည်နယ်အစိုးရ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့်စိစစ်၍ လက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။

ယနေ့ ရခိုင်ပြည်နယ်အတွင်း ဂုဏ်ပြုလွှာများပေးအပ်ခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမရှိစေရေး လိုက်နာရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက စေတနာ့ဝန်ထမ်းကိုယ်စားလှယ်တစ်ဦးထံ ရင်ထိုးတံဆိပ်များ၊ နှာခေါင်းစည်းများနှင့်လက်သန့်ဆေးရည်များ ပေးအပ်စဉ်။

သတင်းစဉ်

# လယ်ဝေးမြို့နယ်တွင် မျိုးစေ့ထုတ်တောင်သူများအား မျိုးသန့်မျိုးစေ့များ ထောက်ပံ့

**နေပြည်တော် ဇူလိုင် ၁၈**

ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) အစီအစဉ်အရ မျိုးစေ့ထုတ်တောင်သူများအား မျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းဦးက စပါးမျိုးစေ့ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မျိုးစေ့အရည်အသွေးစစ်ဆေးခြင်း လုပ်ငန်းများ၊ စပါးမျိုးကောင်း မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းရာတွင် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တာဝန်ရှိသူများက မျိုးသန့်မျိုးစေ့များပေးအပ်ကြရာ မျိုးစေ့ထုတ်တောင်သူများကလက်ခံရယူခဲ့ကြပြီး တောင်သူကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီနှင့်အဖွဲ့သည် မျိုးစေ့ထုတ်စိုက်ကွင်းအတွင်း မျိုးကြဲပျိုးထောင်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) အစီအစဉ်အရ ယနေ့အခမ်းအနားတွင် နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်ရှိ မျိုးစေ့ထုတ် ၁၃၁၁ ဧကအတွက် မျိုးစေ့ထုပ်များထောက်ပံ့ပေးခြင်းဖြစ်ပြီး နေပြည်တော်အတွင်းရှိ မျိုးစေ့ထုတ်စိုက်ဧကစုစုပေါင်း ၄၉၆၂ ဧက ကိုလည်း မျိုးစေ့များ ဆက်လက်ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်သည့် နည်းပညာနှင့် အကူအညီများ လိုအပ်ပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနရုံးများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ကြသကဲ့သို့ စိုက်ပျိုးရေးဦးစီးဌာန Call Center ၀၁-၂၃၉၉၅၅၅ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ဇူလိုင်မိုး




# ကျောက်ဆည်ခရိုင် ဟန်မြင့်မိုရ်ကျေးရွာတွင် ငါးမျိုးများစိုက်ထည့်

**ကျောက်ဆည် ဇူလိုင် ၁၈** - ကျောက်ဆည်ခရိုင်ငါးဦးစီးနှင့် ကူမဲငါးလုပ်ငန်းစခန်းတို့ပူးပေါင်း၍ ယမန်နေ့က ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာရှိ နွားတက်မြောင်းအတွင်းသို့ ငါးမြစ်ချင်းသားပေါက် ကောင်ရေတစ်သိန်းကို မျိုးစိုက်ထည့်ပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်နှင့် ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်း၊ ခရိုင်/ မြို့နယ် အမျိုးသမီးကော်မတီဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ခိုင်ခိုင်ဝင်းနှင့်ဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် စခန်းဝန်ထမ်းများ စုပေါင်းပြီး အခမဲ့ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တောင်ကြီးမြို့ပေါ်ရှိ ပြည်သူများအား စားနပ်ရိက္ခာများ ဒုတိယအကြိမ် ထောက်ပံ့

**တောင်ကြီး ဇူလိုင် ၁၈**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီအနေဖြင့် ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း အခြေခံပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် စီမံဆောင်ရွက်ထားသည့် ရိက္ခာဆန်၊ ဆီ၊ ဆား၊ ကုလားပဲများကို ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့ပေါ် ရပ်ကွက်(၂)ရပ်ကွက်မှ အခြေခံပြည်သူများအား ဒုတိယအကြိမ် လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေလှူဒါန်းကြောင်း သိရသည်။

ယင်းသို့ ဖြန့်ဝေလှူဒါန်းရာသို့ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသူရစောသိန်းနှင့် တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ဝင်များက တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်၊ ကံကြီးရပ်ကွက်နှင့် ချမ်းသာရပ်ကွက် နှစ်ခုသို့ သွားရောက်၍ ရပ်ကွက်နေ အခြေခံပြည်သူအိမ်ထောင်စု ၅၁၅ စုတို့အား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ များ ပါဝင်သည့် ရိက္ခာထုပ် ၅၁၅ ထုပ်ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီအနေဖြင့်တောင်ကြီးမြို့ပေါ်ရပ်ကွက်များရှိ အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆား ကုလားပဲများ ပါဝင်သည့် စားနပ်ရိက္ခာထုပ်များ ဒုတိယအကြိမ် ဆက်လက်ဖြန့်ဝေသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယင်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးသူရစောသိန်းထံမှ သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

# နမ့်ခမ်းမြို့ အထက်တန်းကျောင်းများတွင် သွေးလွန်တုပ်ကွေးကာကွယ်ရေးဆေးဖျန်း

**နမ့်ခမ်း ဇူလိုင် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ မကြာမီဖွင့်လှစ်တော့မည့် အခြေခံပညာအထက်တန်းကျောင်းများတွင် သွေးလွန်တုပ်ကွေး ကာကွယ်ရန် ဇူလိုင် ၁၈ ရက်က ပိုးသတ်ဆေးများ ပက်ဖျန်းပေးကြောင်း သိရသည်။

အဆိုပါ ဆေးဖျန်းဆောင်ရွက်ရာတွင် အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်းရှိ စာသင်ခန်း များအတွင်းအပြင်ကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ဒေါက်တာစိုင်းလှတင်၊ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များ၊ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ ပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းဆောင်ရွက်ကြောင်း သိရသည်။

**ဥာဏ်မင်း(နမ့်ခမ်း)**

# မြိတ်မြို့တွင် ကိုဗစ်-၁၉ ကာလအတွင်း လုပ်ခလစာနစ်နာသည့် အလုပ်သမား ၁၂၉ ဦးအား ထောက်ပံ့ငွေများပေးအပ်

**မြိတ် ဇူလိုင် ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကိုဗစ်-၁၉ ကာလတွင် ရပ်နားခဲ့သော အလုပ်ဌာနများမှ လုပ်ခလစာနစ်နာသည့် အလုပ်သမား ၁၂၉ ဦးအား လူမှုရေးထောက်ပံ့ငွေများကို လူမှုဖူလုံရေးအဖွဲ့မှ ဇူလိုင် ၁၇ ရက်က လူမှုဖူလုံရေးရုံး၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ငွေလက်ငင်း အကျိုးခံစားခွင့်ဖြင့် ထောက်ပံ့ပေးခဲ့သည်။

"ကိုဗစ်-၁၉ကာလ (၂၀-၄-၂၀၂၀ မှ ၁၅-၅-၂၀၂၀ အထိ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်ဖြင့် ပိတ်ထားတဲ့အလုပ်ဌာနများမှ လုပ်ခလစာနစ်နာသည့် အလုပ်သမားများအတွက် တစ်ရက်လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို ပိတ်ထားတဲ့ရက် အပိုင်းအခြားအလိုက် စားဝတ်နေရေးအဆင်ပြေစေဖို့ လူမှုရေးထောက်ပံ့ကူညီမှု ဖြစ်ပါတယ်။ ယနေ့အထိ ခွင့်ပြုမိန့်ကျပြီး အလုပ်ဌာနကိုးခုက အလုပ်သမား ၁၂၉ ဦးအတွက် လူမှုရေးထောက်ပံ့ငွေကျပ် ၄၈ သိန်းကျော်ကို ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်" ဟု လူမှုဖူလုံရေးအဖွဲ့ဦးစီးအရာရှိ ဦးဇော်မြင့်သောင်းက ပြောသည်။

ထောက်ပံ့ငွေ ပေးအပ်ရာတွင် အလုပ်ဌာနကိုးခုမှ အလုပ်သမားကိုယ်စားလှယ်များကို လူမှုဖူလုံရေးအဖွဲ့ ဦးစီးအရာရှိ ဦးဇော်မြင့်သောင်းက လူမှုရေးထောက်ပံ့ငွေပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ထောက်ပံ့ငွေများကို ချက်လက်မှတ်ဖြင့် အလုပ်ဌာန ကိုယ်စားလှယ်များအား ထုတ်ပေးခဲ့ပြီး လုပ်ခလစာနစ်နာသည့် အလုပ်သမားများအား လူမှုရေးထောက်ပံ့ငွေများပေးအပ်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလုပ်ဌာနကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ် ပြန်/ဆက်)**

# ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၄၉ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဇူလိုင် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျစီစဉ်လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ ဇူလိုင် ၁၇ ရက် ညနေ ၆ နာရီက ၂၂ ဦးနှင့် ယနေ့ မွန်းလွဲ ၂ နာရီခွဲက ၂၇ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၄၉ ဦးတို့အား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်း ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၄၉ ဦးမှာ အမျိုးသား ၃၀ ၊ အမျိုးသမီး ၁၉ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ငါးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ တစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ နှစ်ဦး၊ နေပြည်တော်မှ ငါးဦးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ၂၂ ဦးတို့ဖြစ်ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၃၈၈ ဦးနှင့် အမျိုးသမီး ၅၉၆၇ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၃၃၅၅ ဦးတို့ကို လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဇူလိုင် ၈ ရက်မှ ၁၅ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | ခရီးသွားလက်ဆောင်နှင့်အခြားကဗျာများ | အေးမျိုးကြည် | နိုင်ငံဂုဏ်ရည် စာပေတိုက် | ၂၀၀၀ |
| ၂ | အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု “စံ” သတ်မှတ်ချက်များအပေါ် အခြေခံသော လေ့ကျင့်သင်ကြားမှုနှင့်စစ်ဆေးအကဲဖြတ်မှု မိတ်ဆက် | ကျော်ဝင်း | ကျော်ဝင်းစာပေ | ၂၀၀၀ |
| ၃ | အကောင်းဆုံးပန်းချီကား | Happy Time စာတည်းအဖွဲ့ | ဆုပြည့်စုံထွန်းစာပေ | ၁၅၀၀ |
| ၄ | တောတွင်းပုံပြင်(၁) | Happy Time စာတည်းအဖွဲ့ | ဆုပြည့်စုံထွန်းစာပေ | ၂၀၀၀ |
| ၅ | Health Education(၁) | Happy Time စာတည်းအဖွဲ့ | ဆုပြည့်စုံထွန်းစာပေ | ၂၀၀၀ |
| ၆ | Health Education(၂) | Happy Time စာတည်းအဖွဲ့ | ဆုပြည့်စုံထွန်းစာပေ | ၂၀၀၀ |
| ၇ | Real Live Real Stories | the book house | ကလောင်စုံ | ၅၀၀၀ |
| ၈ | အချစ် ၁+၂ | သုမောင် | စိတ်ကူးချိုချို | ၅၀၀၀ |
| ၉ | အချစ်ရယ် ပြယ်တလွင့် | အေထူးအောင်(အဏ္ဏဝါ) | မဟာစာပေ | ၄၀၀၀ |
| ၁၀ | အပြန်လမ်းဘယ်မှာ လမ်းဘယ်မှာ နှင့်မဂ္ဂဇင်းဝတ္ထုတိုများ | စံပယ်ဖြူနု | မဟာစာပေ | ၃၅၀၀ |
| ၁၁ | Kissing in the Rain | ကလောင်စုံ | easy collection | ၃၀၀၀ |
| ၁၂ | မြန်မာ့ရေးရာခေတ်သစ် တရုတ် – မြန်မာဆက်ဆံရေး | ကလောင်စုံ | ရှုဝံစာပေ | ၃၀၀၀ |
| ၁၃ | အကျဉ်းစခန်း ၁၄ မှလွတ်မြောက်ခြင်း | သူရိန်ဝင်း | ရတနာပုံ | ၄၀၀၀ |
| ၁၄ | မိုမိုနှင့်အချိန်သူခိုးဂိုဏ်း | တင်ဦးခက် | the key collection | ၅၀၀၀ |
| ၁၅ | ချောင်္ဂဗားရား စာစဉ်(၁၄၂) | the key collection | the key collection | ၂၀၀၀ |
| ၁၆ | စစ်ကြောင့်အချစ်၊ အချစ်ကြောင့်စစ် | တင်မောင်မြင့် | လင်းလွန်းခင် | ၅၀၀၀ |
| ၁၇ | မိုးသည်းညကဇွန်းမမှာနှင့်အခြားဝတ္ထုတိုများ | မောင်မောင်လှမြင့် | မျိုးဆက်သစ် | ၂၅၀၀ |
| ၁၈ | ချိုးဖြူငှက်တစ်ကောင်ရဲ့မျှော်လင့်ခြင်း နိုင်ငံတော်ကဗျာများ | မောင်ရဲနွေ(ပလိပ်) | ဆိပ်ကမ်းသာ | ၁၅၀၀ |
| ၁၉ | မျှော်လင့်ချက်ဖြင့်အသက်ရှင်ပါ | ကောင်းသန့် | ကောင်းသန့်စာပေ | ၃၀၀၀ |
| ၂၀ | ကျွန်မချစ်တဲ့လင် | လရောင်ကျူးရင့် | ပတ္တမြားသိုက် | ၄၀၀၀ |
| ၂၁ | ကမ္ဘာ့ပညာရှင်တို့၏ အဆိုအမိန့်များ | မောင်ဖေဇော် | လမင်းသစ်စာပေ | ၂၀၀၀ |
| ၂၂ | ရင်သွေးပြုစုပျိုးထောင်နည်း | ယုဇနအောင် | မျက်ပွင့် | ၂၅၀၀ |
| ၂၃ | ကျွန်တော်ကြားဖူးသလိုပြောဆိုပါမည် | မင်းသိခ် | မျက်ပွင့် | ၃၅၀၀ |
| ၂၄ | ကိုင်းပြောလိုက်စမ်းမယ် သောင်းပြောင်းထွေလာ | ခင်မျိုးချစ် | ဇွန်ပွင့် | ၃၀၀၀ |
| ၂၅ | ဗိုလ်ချုပ်အောင်ဆန်း ပြည်ချစ်ပန်းကလေးကဗျာများ | မောင်မြင့်ထွန်း | အောင်သပြေစာပေ | ၇၀၀၀ |
| ၂၆ | အနာဂတ်နိုင်ငံတော်လုံးချင်းဝတ္ထုသစ် | ညီမင်းညို | စိတ်ကူးသစ် | ၃၀၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ – ၇ – ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၅၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၇၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၅၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၇၆၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ | ကျပ် | ၅၆၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၅ | ကျပ် | ၅၇၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၈၀ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၂ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၃ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၈ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၅ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၂၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၆၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၃ . ၃၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၅၀၀ | ၆၀၃ | ၆၃၁၀၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၁၂၉၁ | ၄၉၆၇၃၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁ | ၈၁၀၀ |
| FPB | ၂၂၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၇၅၀ | ၁၁၉၈ | ၃၂၇၈၈၅၀ |

ခင်ရတနာ – စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |


mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS


နေပြည်တော်–စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


HTOO
ဦးတင့်.. ကျွန်မ သား ပေတလူ ကို တွေ့မိ လား ဟင်...
မတွေ့မိပါ လား မကြည် ရယ်...
ဘယ်သွားမယ် ဘယ်လာမယ် ပြော မသွားဘူး... ထုံ ပေပေနဲ့.. မိဘတွေကို အလွန်ဒုက္ခပေးတဲ့ ကလေး.. အခုဆို နေတာ အသံတွေ တောင်နာနေပြီ...
အဲ.. သူ့အဖေနဲ့ လမ်း ထိပ်ကိုများ ပါသွားလား... ဖုန်းဆက်ကြည့်ဦးမှ.. ဖုန်း က အိမ်မှာကျန်ခဲ့တယ်
အိမ်ပြန် ပြီး ဖုန်း အ မြန်ဆက် ကြည့်စမ်း..
တွေ့ပြီ ဦးတင့်ရေ... ပေတလူ ကိုတွေ့ ပြီကော့..
အိမ်ခန်းထဲမှာ ငြိမ်ပြီး ကျွန်မ ဖုန်းကို ယူဆော့ နေတာလေ.. ဒီမှာ..
တွေ့လို့ တော်သေး တာပေါ့..
ဖုန်းကို ယူမကိုင်ဖို့ ပြောထားတာ မရဘူး.. အလုပ်လုပ်မယ်ကြံတော့ ဖုန်း တာလ မရှိတော့ဘူး..တယ် ခက်ပါလား
ဖုန်းနဲ့ ဘာအလုပ် တွေ လုပ်နေ တာလဲဟ
ဟင်းချက်ပြီး ဟင်းပွဲတွေကို အွန်လိုင်းမှာ တင်ရောင်းတဲ့ အလုပ်လေ.. အွန်လိုင်းက နေ မှာသူရှိရင် ဒလိဗာရီနဲ့ ပို့ပေးမယ်.. မှာသူ မရှိရင် ကိုယ့်အိမ်သားတွေ စားပစ်မယ်...
မကောင်းဘူးလား..
တို့လည်း ကူစား ပေးနိုင်ပါတယ် နော်... ဟီး..


ဖိုး သာ ထူး
တီဗွီကလာတဲ့ အစီအစဉ်တွေထဲမှာ..
သင်တို့ ဘယ်အစီအစဉ်ကို အကြိုက်ဆုံးလဲ
ငါကတော့ ကာတွန်းကားအစီအစဉ်ကို ကြိုက်တယ်..
ဟုတ်တယ် ငါရောပဲ
ငါကတော့ သီချင်းဆိုပြိုင်ပွဲတွေကို အကြိုက်ဆုံးပဲ
နိုးပါကွယ်..
ငါတော့ အစီအစဉ်တွေထဲ မှာ..
သွားမယ်စားမယ် အစီအစဉ်ကို.. အကြိုက်ဆုံးပဲ


နံ့ပြား ဝယ်လာ ပြီ-
ပဲပြုတ် ဆီဆမ်းထားဖြူး ယူလာပြီ-
ကန်စွန်းဥပြုတ်နဲ့ တို့စားဖို့-
ဆီနဲ့သား ရပါ ပြီ-
လက်ဖက်သုပ် စားကြမယ်-
ဆီနဲ့သား တည့်မယ် နော်-
ကောက်ညှင်းပေါင်း ဝယ်လာပြီ-
ဆီနဲ့သား အဆင်သင့် ပါဒယ်ဒီ-
တော်လိုက်တဲ့ သမီးလေး-
ထမင်းနဲ့စားဖို့ ငါးခြောက်ဖုတ်-
ငါးခြောက်ဖုတ်ကို ဆီဆမ်းထားဖြူး ယူလာပါပြီ ဒယ်ဒီ-




ငါးဥတွေ မကြော်ပါနဲ့ဆို..
ကိုကြီး မကြိုက်ဘူးလား၊ ပေး..ပေး.. မီးမီးကြိုက်တယ်၊ စား လိုက်မယ်၊
နေပါဦး၊ ညည်းကလည်း စားမယ်ဆိုတာချည်းပဲ၊ ကိုကြီး ကြိုက်ပါတယ်ဟ၊
ဒီရာသီက ငါးပုစွန်တွေ မျိုးပွားတဲ့ အချိန်၊ ဥတဲ့အချိန်၊ မဖမ်းရဘူး၊
ငါးဥကြော် တစ်ခု စားလိုက်ရင် တစ်ထိုင်တည်းနဲ့ ငါးလေးတွေ ထောင်သောင်းမက စားလိုက်တာပဲ
ဟုတ်သား၊
ဒါပေမယ့် ဝယ်ချက်တဲ့ ကြီးကြီးမှာ အပြစ်မရှိ၊ ရောင်းတဲ့ဈေးသည်မှာလည်း အပြစ်မရှိ၊
ဖမ်းတဲ့ တံငါသည်မှာပဲ အပြစ်ရှိတယ်၊
ဟုတ်ပါ့၊ ပြောလိုက်စမ်းပါ မီးမီးရယ်၊


ဗီဇော..ငါဒီမှာ ကွ...
လူတွေကို ကူညီရမယ် လေ...
ဟဲ..သွားပြီ ဟာ..ဟာ..
ဝှီး
ဖုန်း
အား သေပါပြီဗျ..

# ထွန်းအိန္ဒြာဗိုလ်နှင့် တင်ဇာမော်တို့၏ Makeup Room Concert ကျင်းပမည်



MPT နှင့် King 7 တို့ ပူးပေါင်းတင်ဆက်ပြီး နိုင်ငံကျော်အဆိုတော် ထွန်းအိန္ဒြာဗိုလ်နှင့် တင်ဇာမော်တို့ ဖျော်ဖြေကြမည့် အွန်လိုင်းဂီတဖျော်ဖြေပွဲကြီးကို ဇူလိုင် ၁၉ ရက် ည ၇ နာရီအချိန်တွင် MPT ၏ MPT 4U application မှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဟု သိရသည်။

" ဒီသီဆိုဖျော်ဖြေပွဲရဲ့ အဓိကရည်ရွယ်ချက်က ဂီတဖျော်ဖြေပွဲတွေရဲ့ နောက်ကွယ်မှာ Makeup Room ဆိုတာ ရှိကြတယ်။ စင်ပေါ်တက်ပြီး သီဆိုဖျော်ဖြေတာတွေ မလုပ်ခင် စတိတ်စင်ရဲ့ နောက်ကွယ် Makeup Room ထဲမှာ ပြင်ဆင်ပြီးတော့မှ စင်ပေါ်တက်ပြီး သီဆိုဖျော်ဖြေကြရတာလေ။ အဲဒီတော့ ဒီဖျော်ဖြေပွဲအစီအစဉ်ကို Makeup Room Concert ဆိုတဲ့ ခေါင်းစဉ်လေးပေးပြီး အွန်လိုင်းကနေတစ်ဆင့် ပရိသတ်ကို ဖျော်ဖြေသွားမှာပါ။ အခုလို ဖျော်ဖြေပွဲကြီးတွေ မကျင်းပနိုင်သေးခင်ကာလမှာ စတိတ်စင်ရဲ့နောက်ကွယ် Makeup Room ထဲကနေ ပရိသတ်ကို အွန်လိုင်းကတစ်ဆင့် Live တိုက်ရိုက်သီဆိုဖျော်ဖြေပေးသွားမယ်ဆိုပြီး စီစဉ်ဖြစ်ကြတာပါ။ ဇူလိုင် ၁၉ ရက်မှာ စတင်ကျင်းပမှာဖြစ်ပြီး ပထမဆုံး အစီအစဉ်မှာ ကျွန်မနဲ့ တင်ဇာမော်တို့က ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်" ဟု ထွန်းအိန္ဒြာဗိုလ်က ပြောသည်။

အဆိုပါ တိုက်ရိုက်သီဆိုဖျော်ဖြေမှုတွင် ထူးခြားချက်အနေဖြင့် ထွန်းအိန္ဒြာဗိုလ်က တင်ဇာမော်၏ သီချင်းများကို သီဆိုဖျော်ဖြေမည်ဖြစ်ပြီး တင်ဇာမော်က ထွန်းအိန္ဒြာဗိုလ်၏ သီချင်းများကို သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ စုစုပေါင်း သီချင်း ၁၅ ပုဒ်သီဆိုမည်ဖြစ်ပြီး တစ်ယောက်ချင်းသီဆိုမှုအပြင် အတွဲသီဆိုမှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

# ရန်ကုန် အသက်မွေးနည်းပညာကောလိပ်၏ Kindness Ambassador အဖြစ် အနုပညာရှင်နှင့် ထင်ရှားကျော်ကြားသူ ၁၀ ဦးအား ရွေးချယ်ခန့်အပ်

ရန်ကုန် အသက်မွေးနည်းပညာကောလိပ်၏ ပညာရေးမြှင့်တင်မှုတွင် အကူအညီပေးနိုင်ရန်အတွက် 'Myanmar Top Ten Online Celebrities' များအား 'Kindness Ambassador' အဖြစ် ခန့်အပ်သည့် အခမ်းအနားကို ဇူလိုင် ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မြခွာညို အိမ်ရာ (အောင်ကောင်းကျော်)ရှိ အဆိုပါကျောင်းတွင် ကျင်းပသည်။

" Kindness Ambassador ခန့်အပ်လိုက်တဲ့ အနုပညာရှင်တွေဟာ လူမှုကွန်ရက် စာမျက်နှာမှာလည်း ပရိသတ်တွေ အားပေးခြင်းခံရတဲ့ သူတွေပါ။ ဘယ်လိုပဲဖြစ်ဖြစ် ပညာရေးမြှင့်တင်မှုအပိုင်းမှာ ပါဝင်ပေးတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေး ပြုပြင်ပြောင်းလဲမှုမှာ တစ်တပ်တစ်အားပါဝင်ပေးတာဖြစ်လို့ ကျေးဇူးလည်းတင်မိတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အဆိုပါ အခမ်းအနားတွင် ပြောသည်။

" Kindness Ambassador များအဖြစ် သရုပ်ဆောင် ထက်ထက်ထွန်း၊ သရုပ်ဆောင် မုဏ်း၊ မော်ဒယ် ဟန်တီ၊ ဖြူဖြူထွေး၊ မော်ဒယ်နန်းမွေစံ၊ မော်ဒယ် Evelyn၊ အလှမယ် ခင်ယုလွင်၊ Motivational Speaker Dee Dee၊ Social Influencer အလင်းသခင်၊ တေးသံရှင် ဖိုးသောကြာနှင့် သရုပ်ဆောင် အံ့သစ်ကျော်တို့အား ခန့်အပ်ခဲ့ခြင်းဖြစ်သည်။



" အသက်မွေးနည်းပညာ ကောလိပ်ဆိုတာက လူတွေကို အလုပ်ပေးတဲ့ အသက်မွေးဝမ်းကျောင်းပညာတွေ သင်ပေးမယ်။ ပြီးရင် အလုပ်တွေလည်း ရှာပေးမယ်ဆိုရင် လူတွေအတွက် အများကြီး အကျိုးရှိစေတဲ့ကျောင်းဖြစ်ပါတယ်။ ကိုယ်တိုင်လည်း ပညာရေးကို မြှင့်တင်နေတဲ့သူတစ်ယောက်ဖြစ်တဲ့အတွက် ဒီလိုမျိုး Ambassador ခန့်အပ်ခံရတဲ့အပေါ် အလွန်ကို ဂုဏ်ယူပါတယ်။ ကိုယ့်အနေနဲ့လည်း တတ်နိုင်တဲ့ဘက်ကနေပြီး အကောင်းဆုံး ပံ့ပိုးပေးသွားမယ်လို့ ပြောချင်ပါတယ်" ဟု မော်ဒယ်ဟန်တီက ပြောသည်။

ကိုလင်း

# ဆရာရင်း ဦးကျော်ဟိန်းက အနုပညာလောကမှထွက်ရန် တိုက်တွန်းဖူးကြောင်း ခွန်းဆင့်နေခြည် ပြောကြား

အစောင့်အရှောက်၊ ဆန့်ကျင်ဘက်၊ သူကြီး၊ လိုအပ်နေတာဒါပဲ စသည့်ဇာတ်ကားများတွင် မင်းသားကြီးကျော်ဟိန်းနှင့်အတူ တွဲဖက်သရုပ်ဆောင်ခဲ့ပြီး သရုပ်ဆောင်ကျော်ဟိန်း၏ တပည့်အရင်းများထဲမှ တစ်ဦးဖြစ်သူ သရုပ်ဆောင် ခွန်းဆင့်နေခြည်က ဆရာဖြစ်သူ ကွယ်လွန်သွားသည့်အချိန်တွင် ဆရာနှင့်ပတ်သက်သော အမှတ်တရများကို ယခုလို ပြောကြားခဲ့သည်။

" ဆရာက အနုပညာနဲ့ပတ်သက်ရင် တကယ်ကို ဆရာကောင်းပါ။ အနုပညာသမားတစ်ယောက်အနေနဲ့ ထားရမယ့်စိတ်ကို သေချာသင်ပေးတယ်။ ကိုယ်မရတဲ့ ကာရိုက်တာတစ်ခုကို ပီပြင်အောင်၊ စိတ်ကိုနှစ်ပြီးလုပ်တတ်အောင် သင်ပေးတယ်။ ကျွန်မတို့လည်း ပထမစိတ်ကို မထားတတ်ဘူး။ ပတ်ဝန်းကျင်ကိုကြောက်နေတာပေါ့နော်။ အနုပညာနဲ့ပတ်သက်ပြီး ဆရာကပဲ အနုပညာလောကအကြောင်းတွေကို သေချာလမ်းညွှန်ပြသွားခဲ့တာ။ ဆရာက ၂၀၀၈ ခုနှစ်ကစပြီး အနုပညာလောကကနေ အနားယူသွားတယ်။ အဲဒီအချိန်မှာ ဆရာက ကျွန်မကိုလည်း သူ့လိုပဲ ဒီလောကကနေထွက်ဖို့ ပြောခဲ့တယ်။ ဘာလို့ထွက်ခိုင်းလဲဆိုတော့ အနုပညာလောကထဲမှာ စိတ်ထိခိုက်စရာတွေ၊ စိတ်ပျက်စရာတွေကြုံနေရတယ်၊ အတိုက်အခိုက်တွေ ကြုံရတာများလာတော့ စိတ်ပျက်လာတာလည်း ပါတယ်ပေါ့နော်။ အဲဒီလိုဒဏ်တွေ မခံစားနိုင်မှာစိုးလို့ သူ့တပည့်တွေကို ထွက်ခိုင်းတာပါ၊ ဒါပေမယ့် ကျွန်မက မစွန့်လွှတ်နိုင်ခဲ့ပါဘူး။ ဘယ်သူထွက်တယ်၊ ဘယ်သူကတော့ မထွက်ဘူးလားဆိုပြီး မေးတယ်လို့လည်း ပြန်ကြားရတယ်။ ကျွန်မကိုလည်း မထွက်ဘူးလားလို့ မေးတယ်။ ဒီလောကမှာ နင့်ကိုယ်နင် ဖြစ်နိုင်လား။ မဖြစ်နိုင်လားဆိုတာ ပြန်မေးတဲ့။ အဲဒီတုန်းက ကိုယ်လည်း သေချာမပြောတတ်ပေမယ့် အနုပညာလောကကိုချစ်တာဆိုတော့ မစွန့်လွှတ်နိုင်ခဲ့ပါဘူး။ အဲဒီတုန်းက စဉ်းစားမိတာကတော့ ကျွန်မက ဦးကျော်ဟိန်း မဟုတ်ဘူး။ သူက အနုပညာလောကမှာ နံပါတ်(၁) ဖြစ်ခဲ့တဲ့သူ၊ အဲဒီအချိန်တုန်းက သူ့လိုဖြစ်ချင်လည်း ဖြစ်မယ်။ မဖြစ်ချင်လည်းမဖြစ်ဘူး။ ဘယ်လိုမှစဉ်းစားလို့ မရခဲ့ပါဘူး။ အဲဒါကြောင့် အနုပညာအလုပ်ကို ဆက်ပြီး လုပ်ဖြစ်နေခဲ့တာပါ" ဟု ဆိုသည်။

ခွန်းဆင့်နေခြည်အနေဖြင့် ကျော်ဟိန်းနှင့်အတူ ပထမဆုံး လက်တွဲသရုပ်ဆောင်ဖြစ်သောဇာတ်ကားမှာ " လိုအပ်နေတာဒါပဲ" ဟု အမည်ရသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"အဲဒီတုန်းက ဘာတစ်ခုမှ ကောင်းကောင်းသရုပ်မဆောင်တတ်တဲ့ ကျွန်မကို အကောင်းဆုံးသရုပ်ဆောင်နိုင်အောင် ဆရာက သင်ပေးခဲ့သလို လက်တွဲခေါ်တယ်။ အခုတော့ ဆရာ ဆုံးပြီဆိုတော့ အင်မတန်ကို စိတ်ထိခိုက်ရပါတယ်။ ကျွန်မတင်မဟုတ်ပါဘူး။ အကုန်လုံး စိတ်ထိခိုက်ရပါတယ်။ ကျွန်မအပါအဝင် ဆရာ့ကိုချစ်တဲ့ တပည့်တွေ၊ ပရိသတ်တွေ အကုန်လုံး ခံစားရပါတယ်။ ဆရာ့ရဲ့ တပည့်ဖြစ်ခွင့်ရခဲ့လို့ ကျွန်မ ကုသိုလ်ထူးတယ်လို့ပဲ ခံယူထားပါတယ်။ တချို့ဆို ဆရာ့ရဲ့ တပည့်ဖြစ်ခွင့်မရခဲ့တဲ့သူတွေ အများကြီးရှိခဲ့ပါတယ်။ ကျွန်မအခုဆို ဦးကျော်ဟိန်း သင်ပေးခဲ့တဲ့ အနုပညာနဲ့ ဒီနေ့ ဒီအချိန်မှာ ဝမ်းစာတစ်ခုအနေနဲ့ ရှေ့ဆက်နေပါတယ်။ ကျွန်မလုပ်နိုင်တဲ့အင်အားနဲ့ လုပ်ခွင့်ရခဲ့တဲ့ ကာရိုက်တာတွေ အကုန်လုံးကို ကြိုးစားပြီးလုပ်ခဲ့ပါတယ်" ဟု ဆိုသည်။

ကိုလင်း

# လက်ရှိအခြေအနေကို အားမရသေးကြောင်း သရုပ်ဆောင် မေမီကိုကို ပြောကြား

MRTV- 4 ရုပ်သံဇာတ်လမ်းတွဲမှ တစ်ဆင့် မြိုင် ဆိုသည့် အမည်ဖြင့် ပရိသတ် သတိထားမိလာသူ မေမီကိုကိုက လက်ရှိထုတ်လွှင့် ပြသနေသော "ဂျီဟောသူ" ဇာတ်ကားတွင်လည်း ထွေးညိုဆိုသည့် ကျောင်းသူလေး တစ်ဦးအသွင်ဖြင့် ပါဝင်သရုပ်ဆောင်ထားသည်။

မေမီကိုကိုသည် လက်ရှိရောက်ရှိနေသည့် နေရာတစ်ခုကို မတင်းတိမ်နိုင်သေးဘဲ ယခုထက်များစွာ ခွန်အားထုတ်ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

"မေမီလက်ရှိရောက်နေတဲ့အနေအထားကို အားရကျေနပ်မှုတွေ မရှိသေးပါဘူး။ ကိုယ် ရောက်နေတဲ့နေရာတစ်ခုကို မတင်းတိမ်နိုင်သေးပါဘူး။ ဒီထက်အများကြီး ကြိုးစားရဦးမယ်။ ကိုယ့်ပရိသတ်တွေအတွက် အနုပညာတွေ အများကြီး ကြိုးစားလုပ်ချင်သေးပါတယ်" ဟုမေမီကိုကိုက ပြောသည်။

မေမီကိုကို ပါဝင်သရုပ်ဆောင်ထားသည့် ဂျီဟောသူ ရုပ်သံဇာတ်လမ်းတွဲကို လက်ရှိတွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်လျက်ရှိရာ အဆိုပါ ဇာတ်ဝင်ခန်းများနှင့်ပတ်သက်၍လည်း "ခုခေတ်လူငယ်တွေက စိတ်လှုပ်ရှားမှုတွေကိုပေးနိုင်တဲ့ ဇာတ်ရှိန်မြင့်လိုက်နိမ့်လိုက် ဇာတ်လမ်းကို ပိုကြိုက်ကြတယ်။ မေမီတို့ ဂျီဟောသူက ရသစုံတယ်။ ဝုန်းဒိုင်းကြဲပြီးခံစားချက်တွေ ထိပ်ဆုံးရောက်သွားတာမျိုးတော့ မဟုတ်ဘူး။ လွမ်းမောဖွယ်ရာ၊ ပျော်စရာလေးတွေ ပါတယ်။ တချို့အခန်းတွေမှာ အက်တင်ပိုင်း လိုအပ်တာတွေကို ပြန်တွေ့ရတယ်။ သုံးရက်လောက် နားပြီးရိုက်ပေမယ့် အသံဝင်နေတော့ အသံဝင်တာတွေ ပါလာတယ်။ ဆင်းန်တွေ ပြောင်းသွားပေမယ့်လည်း ကဗျာရွတ်တဲ့အခန်းတွေမှာ အသံထွက်မလာဘူး။ မေမီ လိုအပ်ချက်တွေရှိရင်လည်း ပရိသတ်တွေ နားလည်ပေးပါလို့ ပြောချင်ပါတယ်" ဟုလည်း ၎င်းက ဆက်ပြောသည်။

ကိုလင်း

# ညီမဖြစ်သူကို ခွေးဆိုးရန်မှကာကွယ်ပေးခဲ့သည့် ကလေးငယ်ကို Captain America ဒိုင်းလက်ဆောင်ပေး

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်ခင်မိ (CA-035571) အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြေတိုင်းအမှတ်(၁၁၅၅)၊ ကင်းဝန်(၁)လမ်း၊ (၄၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်ရှိ (ပေ၄၀x ပေ ၆၀)ရှိ ပါမစ်အမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်ကြီး၏ (ခေါင်းရင်းခြမ်း) (ပေ၂၅xပေ၆၀)ရှိ ပါမစ်မူရင်းခြမ်းမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ခင်မြတ်ထွေး ၁၂/ဥကမ(နိုင်)၀၃၇၀၈၉ ကဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်ဦးမြင့်စိုး ၁၂/အစန(နိုင်)၀၂၄၄၄၇ မှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမြင့်စိုး**
**၁၂/အစန(နိုင်)၀၂၄၄၄၇**
**ဖုန်း-၀၉-၇၈၆၂၁၂၂၀**

## အမှားပြင်ကြော်ငြာချက်

ဌာနမှူး၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ (၂.၃.၂၀၂၀)ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)၊ ကော်လံ (၃+၄)တွင် ဖော်ပြပါရှိသည့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ၌ GP-ဒေါ်ဝင်းဝင်း (၉/မမန(နိုင်) ၀၃၀၆၈၅)မှ အရောင်းမြေပုံကူးလျှောက်ထားသည့်မြေကွက်၏လိပ်စာအမှန်မှာ ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆/မြယမုံစမ်း)၊ မြေကွက်အမှတ်(၇၀)၊ မြေကွက်တည်နေရာအမှတ် (၇၀)၊ မြယမုံစမ်းရိပ်မြိုင်၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မြေကွက်ဖြစ်ကြောင်း အမှားပြင်ကြေငြာအပ်ပါသည်။

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း အမှတ်(၃၅-က/ခ) တတိယထပ်(ခြေရင်းခန်း)ကို ဦးအောင်ကျော်မင်း ၁၂/ဒဂန(နိုင်) ၀၁၆၂၆၅ နှင့် ဦးဆန်းဝင်းထွန်း ၁၂/ရကန(နိုင်)၀၆၃၆၄၅ တို့က ဦးကျော်သူ ၁၂/တမန(နိုင်)၀၃၄၆၇၂ ထံမှ ၂၂-၇-၂၀၁၅ တွင် အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းစာချုပ်မူရင်းများမှာ ယနေ့တိုင် ရှာဖွေမတွေ့ဘဲ ပျောက်ဆုံးနေပါသည်။ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်ကျော်လွန်ပါက ယင်းတိုက်ခန်းများကို အရောင်းအဝယ်လွှဲပြောင်းစာချုပ်အသစ် ပြောင်းလဲချုပ်ဆိုမည်ဖြစ်၍ ထိုစာချုပ်များ လက်ဝယ်ရှိသူတစ်ဦးဦးရှိပါက(၂)ပတ်အတွင်း ပြန်လည်ပေးအပ်ပါရန် ကြော်ငြာအပ်ပါသည်။ ထိုက်သင့်သလို ကျေးဇူးဆပ်ပါမည်။ စာချုပ်လက်ဝယ်ရှိသူသည် ဦးဆန်းဝင်းထွန်းနှင့် ဦးအောင်ကျော်မင်းတို့ထံ (သို့မဟုတ်)ကျွန်ုပ်ထံပေးအပ်ခြင်းမရှိဘဲ တစ်စုံတစ်ရာ ပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်လှိုင်(BA,H.G.P,RL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၀၁၈/၈၉)**
**အမှတ်-၅၀၊ အခန်း(အေ-၁၄)၊ ပထမထပ်၊ ဘဏ်လမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၁၇၁၈၇**

## အများသိစေရန်ကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ အိုင်၊ မြေကွက်အမှတ် ၅၄၊ မြေကွက် တည်နေရာအမှတ် ၁၂၈၊ ဗိုလ်ချုပ်လမ်း၊ (၉) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဦးထွန်းမြင့် (ပီပီအင်န်-၀၉၂၃၈၄) (ယူစီစီ-၅၉၂၂/၆၀)၊ ဒေါ်မြင့်မြင့်ဝင်း (စီအေ-၀၃၄၂၄၁) အမည်ပေါက်၊ နှစ် (၉၀)ဂရန် (သက်ကုန်) မြေကွက်အား အမည်ပေါက်များဖြစ်သော ဦးထွန်းမြင့် ၁၂/လမတ(နိုင်)၀၂၈၀၉၂ (ပီပီအင်န်-၀၉၂၃၈၄)၊ ဒေါ်မြင့်မြင့်ဝင်း ၁၂/လမတ(နိုင်)၀၂၈၀၉၃ (စီအေ-၀၃၄၂၄၁)တို့ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့ တင်ပြ၍ ဂရန်ပျောက်ဖြင့် ဂရန်သက်တမ်းတိုး လျှောက်ထားလာခြင်းအား ပုဇွန်တောင်မြို့နယ်၊ (၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ ပုဇွန်တောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သီးခြားသတင်းစာတို့တွင် ကန့်ကွက်ရန်ရှိ၊ မရှိကြော်ငြာခဲ့ရာ သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မှုမပေါ်ပေါက်သဖြင့် မြေငှားစာချုပ်(ဂရန်) သက်တမ်းတိုးခွင့်ပြုခဲ့ပြီးဖြစ်၍ အထက်ဖော်ပြပါ သက်ကုန်ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/0999 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်းသွယ်လမ်း၊ အမှတ်(၄၀၃အေ/၁၂)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၀-ဘီ)၊ မြေကွက်အမှတ်(၄၀၃အေ/၁၂)၊ မြေဧရိယာ ၀ဒသမ၀၆၈ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးစန္ဒာ ၉/မရမ(နိုင်)၀၁၁၉၃၈မှ တရားဝင်လက်ဝယ်ရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက်အပြီးအပိုင်ဝယ်ယူရန်ကျွန်ုပ်၏မိတ်ဆွေမှစရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက် တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးရီ(LL.B)** | **ဒေါ်လှလှခိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(၄၃၇၃)** | **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)** |

**ဒေါ်ဝသန်စည်သူ(LL.B)**
**အထက်တန်းရှေ့နေ(၅၃၀၀၃)**
**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၉၄)၊ ဒါးညီမ်းဘုရားမြောက်ကွင်း၊ ဦးပိုင်အမှတ်(၁၅/ထ)၊ အကျယ်အဝန်း (၈.၅၂)ဧက ရှိ ဦးတင်ဝင်း (၁၂/လကန (နိုင်) ၁၇၆၃၂၅) အမည်ပေါက် လယ်မြေများနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးတင်ဝင်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L, D.I.L, D.M.L,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)** |
| **Hein Htet San Law Firm** | **၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅** |

**အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးအုန်းညွန့်၏ သားသမီးများဖြစ်ကြသည့် ဦးမောင်မောင်ဦး ၁၂/ရကန(နိုင်)၀၁၄၈၇၇၊ ဒေါ်စန်းစန်းညွန့် ၁၂/ရကန(နိုင်)၀၁၅၅၉၁၊ ဦးရဲထွန်းညွန့် ၁၂/ရကန(နိုင်)၀၁၆၀၃၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမောင်နှမ(၃)ဦးတို့သည် မိမိတို့ကိုယ်စီ အမွေရရှိသောငွေဖြင့် စုပေါင်းထည့်ဝင်၍ (၂၀၁၅)ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က-(၃)လမ်း၊ အမှတ် ၁၂၂/က ဟုခေါ်တွင်သော အိမ်ခြံမြေအား ဝယ်ယူကာ သန်းခေါင်စာရင်းဖြင့် အတည်တကျနေထိုင်လာခဲ့ကြပါသည်။

အဆိုပါ အိမ်ခြံမြေအား ကျွန်ုပ်၏မိတ်ဆွေများအနေဖြင့် မည်သူတစ်ဦးတစ်ယောက်ထံတွင်မျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း ၊ လှူဒါန်းထားခြင်း၊ ပေးကမ်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိကြောင်း၊ လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နော်ယမင်းညို(LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၄၆)**
**အမှတ် ၁၃၅၊ နွယ်သာကီလမ်း၊ မြို့မ(၃)၊ ရွာသစ်ရပ်ကွက်၊ ညောင်လေးပင်မြို့၊**
**ဖုန်း-၀၉-၄၃၂၀၁၆၀၈**

## အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်(၄)၊ ပုလဲလမ်း၊ အမှတ်-၁၁၆တွင် တည်ထောင်ဖွင့်လှစ်ထားသော TWO ELEPHANT ASIA GROUP CO.,LTD. & TWO ELEPHANT TRADING CO.,LTD. တို့၏ Managing Director ဖြစ်သူ ဦးဟန်စိုးကျော် ၉/မနမ(နိုင်)၁၀၆၉၁၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၇)ရပ်ကွက်၊ ပင်လုံ၊ နှင်းဆီအိမ်ရာ၊ အမှတ်-၅၃(အေ)တွင် တည်ထောင်ဖွင့်လှစ်ထားသော JK Global Development Co.,Ltd. နှင့် ၎င်း၏ဒါရိုက်တာ ဒေါ်ခိုင်ဇာလွင် ၁၂/မရက(နိုင်)၁၄၃၇၀၈တို့ သိစေရန် အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်။

JK Global Development Co.,Ltd. သည် ယန္တရားငှားရမ်းခပေးချေရန် ကျန်ငွေ ၅၅၈၁၂၅၅၄/- (ငါးရာငါးဆယ့်ရှစ်သိန်းတစ်သောင်းနှစ်ထောင်ငါးရာငါးဆယ့်လေးကျပ်တိတိ)အနက်မှ ငွေကျပ်-၅၅၀၀၀၀၀/-(ငါးဆယ့်ငါးသိန်းတိတိ)အား ၁၀-၇-၂၀၁၉ရက်တွင် ပေးချေမည်ဖြစ်ကြောင်းနှင့် ပေးချေရန်ကျန်ငွေများအား မည်သို့မည်ပုံဆက်လက်ပေးချေမည်ဖြစ်ကြောင်း လူကြီးမင်း ဝန်ခံကတိပြုထားသည့် ၁၀-၇-၂၀၁၉ရက်စွဲပါ "ယန္တရားငှားရမ်းခကျန်ငွေပေးချေရန် နှစ်ဦးသဘောတူကတိစာချုပ်"နှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်၍ ကျွန်ုပ်အမှုသည်အား ၁၀-၇-၂၀၁၉ရက်စွဲပါ ယန္တရားငှားရမ်းခကျန်ငွေပေးချေရန် နှစ်ဦးသဘောတူကတိစာချုပ်အရ" ပေးချေရန်ကျန်ရှိသော ငွေများကို ကျွန်ုပ်အမှုသည် ကုမ္ပဏီသို့ ၃၁-၇-၂၀၂၀ရက်နောက်ဆုံးထားပြီး ပေးအပ်ရန်အကြောင်းကြား တောင်းဆိုလိုက်သည်။

ကျွန်ုပ်အမှုသည် တောင်းဆိုသည့်အတိုင်း လူကြီးမင်းမှ လိုက်နာဆောင်ရွက်ပေးခြင်းမရှိပါက လူကြီးမင်း ဝန်ခံကတိပြုထားသည့် ၁၀-၇-၂၀၁၉ရက်စွဲပါ ယန္တရားငှားရမ်းခကျန်ငွေ ပေးချေရန် နှစ်ဦးသဘောတူကတိစာချုပ်ပါအတိုင်း ကျွန်ုပ်အမှုသည်ရရန်ရှိသည့် ငွေများရရှိရန်အတွက် တည်ဆဲတရားဥပဒေများနှင့်အညီတရားစွဲဆိုဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခိုင်မြင့်ကျော် LL.B,D.B.L စဉ်-၁၅၄၀၀**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၄၆(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၀၆၃၉၃၂၄**

## ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်သက်သက်(ခ)မပိုးတီ (အိုးဘို)
### အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊အိုးဘိုရပ်ကွက်၊အိုးဘိုလမ်း၊ အမှတ်(၆၅)နေ (ဦးဘကြည် -ဒေါ်အေးကြည်)တို့၏သမီး၊ ဦးမောင်မောင် ၏ ချစ်လှစွာသောဇနီး၊ ဦးတင်မောင်ဌေး(ဒုတိယညွှန်ကြားရေးမှူး၊လမ်း/တံတား Y.C.D.C) -ဒေါ်ခင်နန်းဦး၊(ဦးမင်းမင်းဇော်)၊ ဦးညီညီဇော်တို့၏ ချစ်လှစွာသော မိခင်၊ မဝင့်ဝါထည် (မဟာပထမနှစ်၊ရှေး/သု(YU)၊ မအိမ်စည်ဝေ(ဒုတိယနှစ်၊သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ရန်ကုန်) တို့၏အဘွားသည်(၁၈.၇.၂၀၂၀)စနေ နေ့ နံနက်(၁း၀၀)နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့်ယင်းနေ့ မွန်းလွဲပိုင်းတွင် ထိန်ပင်သုသာန်၌ မီးသဂြိုလ်ပြီးဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေး မှ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်သက်သက်(ခ)မပိုးတီ (အိုးဘို)
### အသက် (၇၄)နှစ်

ရန်ကုန်မြို့ ၊ကြည့်မြင်တိုင်မြို့နယ်၊အိုးဘိုရပ်ကွက်၊အိုးဘိုလမ်း၊ အမှတ်(၆၅) နေ (ဦးဘကြည် -ဒေါ်အေးကြည်)တို့၏သမီး၊(ဦးစိန်ထွန်း)၊ဒေါ်စမ်းစမ်းထွန်း၊ ဒေါ်ခင်သန်းနွယ်၊(ဦးခင်မောင်ဖေ -ဒေါ်ခင်မျိုးဆင့်)၊ဒေါ်ခင်ချစ်ဆွေ တို့၏ညီမ၊ ဦးသိန်းဌေး -(ဒေါ်ခင်မာလာ)၊ ဦးမြင့်သိန်း တို့၏ အစ်မ သည် (၁၈.၇.၂၀၂၀) စနေနေ့ နံနက်(၁း၀၀)နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲပိုင်းတွင်ထိန်ပင်သုသာန်၌ မီးသဂြိုလ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မှ မိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးအောင်ကျော်ထွန်း(ခ)
### ကိုဘဲလေး
### အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ အခန်း ၄၀၄၊ တိုက်(L-3) နေ (ဦးကံထွန်း)-ဒေါ်ကြည်ကြည်တို့၏သား၊ ဦးမြတ်စံ-ဒေါ်ခင်စန်းရီတို့၏ သားသမက်၊ ဒေါ်အိသက်စံ(ကမ္ဘာ့ရတနာဘဏ်)၏ ခင်ပွန်း၊ မကျော့တင်ဇာထွန်း(TTC ကမာရွတ်, Grade-10)၊ မောင်ကောင်းခန့်ဟိန်း ( TTC ကမာရွတ် , Grade- 5 )တို့၏ဖခင်သည် ၁၇-၇-၂၀၂၀ရက် (သောကြာနေ့) ည ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။

ကျန်ရစ်သူမိသားစု

သစ်တောမှန်လျှင်

အသုံးဝင်၊

အစဉ်ထာဝရ

ထိန်းသိမ်းကြ

### ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး
### ဒေါ်စောကြည်
### အသက်(၈၀)

(ဦးစံလှိုင်-ဒေါ်ဖွားခိုင်)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်(မြောက်ပိုင်း)၊ အနော်ရထာလမ်း၊ အမှတ် ၁၂၃/ကနေ (ဦးမောင်ရင်)၏ဇနီး၊ မောင်စိုးလွင်-မဝင်းဝင်းခိုင်၊ မမြင့်မြင့်လွင်(လက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၊ (ကိုချစ်ကို ကို၊ စီးပွား/ကူးသန်း)-မငယ်ငယ်လွင်(ဒု-ညွှန်ကြားရေးမှူး၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွား/ကူးသန်း)၊မောင်ခင်မောင်ဆွေ၊ မောင်မျိုးလွင်(ဓာတ်ခွဲကျွမ်းကျင်၊ အထက-၃၊ သဃ်္ဃန်းကျွန်း)တို့၏မိခင်၊ မဇွန်ရွှန်းဝေ၊ မနန္ဒာအောင်၊ မဆုပန်ရတီတို့၏အဘွားသည် ၁၈-၇-၂၀၂၀ရက်(စနေနေ့) နံနက် ၃:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၂၀ရက် (သောကြာနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးသက်ထွန်း
### လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)သစ်တော
### အလောင်းတော်ကဿပအုပ်ချုပ်ရေးမှူး(ငြိမ်း)
### အသက်(၆၂)နှစ်

[ဦးသာမြ(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဌာန)-ဒေါ်မြစိန်] တို့၏သား၊ (ဦးဘုန်းကျော်-ဒေါ်နှင်းခင်)တို့၏သားသမက် ၊ ဒေါ်နှင်းနှင်းရီ၏ ခင်ပွန်း၊ မောင်ပြည့် ဖြိုးကျော်(တတိယနှစ်၊ ဥပဒေ)၊ မယမင်းသက်တို့၏ဖခင်သည် ၁၆-၇-၂၀၂၀ ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ တွင်ပင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေအုတ်ဂူ(၃)လမ်း၊ ကမာကြည်အိမ်ရာ၊ တိုက်အမှတ်(၃၁)၊ အခန်း(၂၀၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကျော့ကျော့ခိုင်
### လက်ထောက်ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)၊ လမ်းဦးစီးဌာန
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက်(၃၈)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသူရိန်ထွန်း၏ဇနီး လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဒေါ်ကျော့ကျော့ခိုင်သည် ၁၇-၇-၂၀၂၀ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး(အုပ်ချုပ်မှု)နှင့် ဝန်ထမ်းများ
လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
နေပြည်တော်

မီး သတိပြု

## ဒေါ်ဘိတီ
### ရေတာရှည်မြို့
### အသက်(၁၀၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးစူ)၏ဇနီး၊ ဦးဘိုးအောင်၊ ဒေါ်အေးညွန့်၊ ဦးသန်းညွန့်-ဒေါ်လှလှဝင်း၊ ဒေါက် တာထွန်းလှ-ဒေါ်ကြင်မြိုင်၊ ဦးချစ်လွင်-ဒေါ်သင်းသင်းနွယ်၊ ဒေါက်တာကြင်သိန်း-(ဒေါက်တာ မြင့်မြင့်စန်း)၊ ဒေါက်တာသစ်လွင်-ဒေါက်တာ မြင့်မြင့်ခိုင်၊ ဒေါက်တာမျိုးအောင်-ဒေါ်မြင့်မြင့်အေး၊ ဒေါက်တာမြင့်မြင့်ထွေး(တွဲဖက်ပါမောက္ခ-ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ ဒေါက်တာ မင်းမင်းနိုင်၊ ဦးဇေယျာထွန်း၊ ဒေါက်တာအောင်လင်းထက်၊ ဒေါက်တာ သက်စုဖြိုးဝေ၊ ဒေါက်တာ ဇာဖြူဝင်း၊ ဒေါက်တာနေလင်းဦး၊ မဇင်နွယ်ဦး၊ မလွင်လွင်ဦး၊ မစုရီခိုင်၊ မောင်ရဲထက်အောင်၊ မောင်မင်းခန့်မွန်တို့၏ အဘွားသည် ၁၈-၇-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၀ရက် မွန်းတည့် ၁၂ နာရီတွင် ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်သန်း
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၇)၊ တိုက် ၂၁၃၊ အခန်း ၃နေ (ဦးဘအေး-ဒေါ်ဖွားရှင်)တို့၏သား၊ (ဦးမောင်လှ)-ဒေါ်ခင်ဆွေရီ၊ (ဦးစိုးသန်း) -ဒေါ်စန်းကြည်တို့၏အစ်ကို၊ (ဒေါ်မြညွန့်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းလွင်ဦး-ဒေါ်နှင်းသီဂီ၊ (ဦးတေဇမြင့်)-ဒေါ်မေဦးခိုင်(Cosco Shipping Myanmar Ltd.)တို့၏ ဖခင်၊ မောင်ဝေယံဖြိုးဦး၊ မောင်ကောင်းခန့်၊ မောင်ကောင်းဆက်ဟိန်း၊ မောင်နေဒီဦးယံတို့၏ အဘိုးသည် ၁၈-၇-၂၀၂၀ရက်(စနေနေ့) ညနေ ၃:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၀ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီး သဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးချစ်ဦး(လော)
### အသက်(၈၀)

ပါမောက္ခဒေါက်တာ စံပယ်ဖြူ (အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၂)၏ ချစ်လှစွာသောဖခင် သည် ၁၅-၇-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သားဖွားမီးယပ်ပညာဌာန
ဆေးတက္ကသိုလ်-၂၊ ရန်ကုန်

## အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ရဲလွင်၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါက်တာလှမျိုးခင် အသက် (၆၅)နှစ်သည် ၁၇-၇-၂၀၂၀ရက်(သောကြာနေ့) နံနက် ၃:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့

## မောင်ဆန်းဝေ(စစ်တွေ)
### အသက်(၄၆)နှစ်

ရန်ကုန်မြို့နေ (ဦးဘညွန့်)-ဒေါ်ဦးစိန်လှတို့၏သား၊ မဆန်းဆန်းအေး၊ မသန်းသန်းအေးတို့၏အစ်ကို၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်၊ အကွက်(၂)နေ မခင်စန္ဒာထွန်း(ပြည်နယ်စာရင်းရုံး၊ စစ်တွေ)၏ခင်ပွန်း၊ မောင်ဉာဏ်လင်းထက်၏ ချစ်လှစွာသော ဖခင်သည် ၁၇-၇-၂၀၂၀ရက်(သောကြာနေ့) ည ၇နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းလမ်း၊ အမှတ် ၇၆နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ခင်(မြင်းခြံ)
### အသက် (၉၇)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အောင်သုခလမ်းသွယ် (၁)၊ သီရိရတနာရိပ်သာ၊ အမှတ် (၂၇)နေ (ဦးမောင်လေး-ဒေါ်ဇင်) တို့၏သမီးကြီး၊ (ဦးလှမောင်)၏ဇနီး၊ (ဦးအုန်းမောင်)၏ညီမ၊ ဦးသိန်းဇံ-ဒေါ်ခင်မမ၊ (ဒေါ်ခင်နီနီ)၊ ဒေါ်ခင်စီစီတို့၏အစ်မကြီး၊ ဒေါက်တာခင်မြတ်ဇံ၊ ဦးသာထင်အောင်-ဒေါ်ခင်လတ်ဇံ၊ ဒေါ်ခင်လေးဇံ၊ ဒေါ်ခင်မွှေးဇံတို့၏အဒေါ်၊ မောင်မင်းသက်ဇံ၊ မအိရွှန်းလဲ့သာ၊ မောင်ကောင်းမြတ်သိန်းတို့၏ချစ်လှစွာသောအဘွားသည် ၁၈-၇-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁:၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဌေးဌေးရီ
### အသက်(၇၉)နှစ်

ရွှေတောင်မြို့နေ (ဦးဘကျော်-ဒေါ်အုန်းတင့်)တို့၏သမီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးစံလုံးလမ်းနေ (ဦးလူဝ)၏ ဇနီး၊ ရဲမှူးကြီးဝင်းကိုကို(မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့)-ဒေါ်နီနီဝင်း(အလယ်တန်းကျောင်းအုပ်၊ အလက-၅၊ အင်းစိန်)တို့၏မိခင်၊ မောင်ထွဋ်အောင်ဝေ၊ မောင်နေဦးလွင်တို့၏အဘွားသည် ၁၇-၇-၂၀၂၀ရက်ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၂၀ရက် (စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၂၀ရက် (ကြာသပတေးနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခိုင်ဇာဦး
### ဒု-လက်ထောက်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန (မင်းကင်းမြို့)
### အသက် (၃၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့၊ အမှတ် (၂)ရပ်ကွက်၊ ဝန်ထမ်းအိမ်ရာနေ (ဦးလှထွဋ်)-ဒေါ်မြင့်မြင့်ဆွေ တို့၏သမီး၊ ဦးသာမြ-ဒေါ်ကြည်တင် တို့၏သမီးချွေးမ၊ ဦးဟိန်းမင်းထွေး(ဒု-လက်ထောက်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ မင်းကင်းမြို့) ၏ဇနီး၊ မောင်အောင်မျိုးဟိန်း၏မိခင်သည် ၁၇-၇-၂၀၂၀ ရက် (သောကြာနေ့) ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် မင်းကင်းမြို့သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခိုင်ဇာဦး
### ဒု-လက်ထောက်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန (မင်းကင်းမြို့)
### အသက် (၃၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့၊ အမှတ် (၂)ရပ်ကွက်၊ ဝန်ထမ်းအိမ်ရာနေ ဦးဟိန်းမင်းထွေး (ဒု-လက်ထောက် ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ မင်းကင်းမြို့) ၏ဇနီး၊ မောင်အောင်မျိုးဟိန်း ၏မိခင်သည် ၁၇-၇-၂၀၂၀ ရက် (သောကြာနေ့) ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာ ဒေါ်ထားထားနိုင်(ကင်းတား အဆောင်မှူး)နှင့်**
**OD-43-2019 ကျောင်းသား ကျောင်းသူများ**

## ဒေါ်လှခင်
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ် ၉၄၆နေ (ဦးစိန်လုံး)၏ဇနီး၊ ဦးဇော်မြင့်-ဒေါ်ချိုချိုဦး၊ ဦးမျိုးစိန်အောင်-ဒေါ်စံပယ်၊ ဦးကြည်ထွန်း-ဒေါ်မော်မော်စိန်၊ ဦးဝင်းလှကြည်-ဒေါ်သင်းသင်းအေးတို့၏ချစ်လှစွာသော မိခင်၊ မြေး ကိုးယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၄-၇-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၂၀ရက် (ကြာသပတေးနေ့) တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါက်တာလှမျိုးခင်
### အသက် (၆၅) နှစ်

မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာရဲလွင်၏ ချစ်လှစွာသော ဇနီး ဒေါက်တာလှမျိုးခင်သည် (၁၇. ၇. ၂၀၂၀) ရက် (သောကြာနေ့) နံနက် (၃း ၄၀) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်အေး + ဒေါက်တာအေးအေးမြင့် (မျက်စိအထူးကုဆရာဝန်ကြီး)
**Kyaw Thar Engineering & Construction Group Co., Ltd.**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၈-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၂၁)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၃၇) ခု၊
- ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲနမူနာ(၁၈၈)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀)မှ ဓာတ်ခွဲနမူနာ (၂၃၁) ခု၊ စုစုပေါင်း (၁,၀၇၇)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ-

• COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ (၁၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၄၀) ဦး ရှိပါသည်။

*စာမျက်နှာ ၁၆ ကော်လံ ၁* ❄

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၈-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၂၁) ခု |
| (၁၈-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၃၇) ခု |
| (၁၈-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| (၁၈-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ၄မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၃၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁) ဦး |

# ဖောင်းပြင်မြို့နယ်တွင် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

နေပြည်တော် ဇူလိုင် ၁၈

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း သတင်းရရှိသည်။

မြန်မာ့အလင်း

# နမ္မတူမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ ကိုဗစ် - ၁၉ ကာကွယ်ရေး ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့

နမ္မတူ ဇူလိုင် ၁၈

နမ္မတူမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြု ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နမ္မတူမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်သည်။ (အောက်ပုံ)

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြု ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ

*စာမျက်နှာ ၁၅ ကော်လံ ၅* ❖



# တောင်ကိုရီးယားတွင် ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်ကို လျှော့ချရန် သမ္မတထရမ့် စဉ်းစားနေ

*စာမျက်နှာ - ၁၂*

# ဂျပန်နိုင်ငံရှိ ခရီးသွားလုပ်ငန်းအဖွဲ့များက ဗိုင်းရပ်စ်တိုက်ဖျက်ရေးကို လုပ်ဆောင်ရန် ကတိပြု

*စာမျက်နှာ - ၁၃*

# ဦးတည်ချက်အမှားတွေကြောင့် ဗိုင်းရပ်စ်ကို ဖိတ်ခေါ်ရာ မရောက်စေချင်

*စာမျက်နှာ - ၁၄*

# ၁၆ နှစ်ကြာမှ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့သည့် လိဒ်စ်ယူနိုက်တက်

လိဒ်စ်ယူနိုက်တက်သည် ၁၆ နှစ် အကြာတွင် ပရီမီယာလိဂ်သို့ တန်းတက်ခွင့် ရရှိသွားပြီဖြစ်သည်။ ဇူလိုင် ၁၇ ရက် ညပိုင်းက အမှတ်ပေးဇယားဒုတိယနေရာမှ ဝက်စ်ဘရွန်းအသင်းအနေဖြင့် ချန်ပီယံရှစ်ပွဲစဉ် (၄၅) တွင် ပြိုင်ဘက် ဟက်ဒါဖီးလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် လိဒ်စ်အသင်းအနေဖြင့် ယခုလို တန်းတက်ခွင့်ရရှိခြင်းဖြစ်သည်။ လိဒ်စ်အသင်းသည် ယခုနှစ် ချန်ပီယံရှစ်ပြိုင်ပွဲများ မပြီးဆုံးမီ နှစ်ပွဲအလိုတွင် တန်းတက်ခွင့်ရရှိခြင်းလည်းဖြစ်သည်။

လိဒ်စ်အသင်းသည် ချန်ပီယံရှစ်တွင် ၄၄ ပွဲ ကစား ရမှတ် ၈၇ မှတ်ရရှိထားကာ ဒုတိယနေရာမှ ဝက်စ်ဘရွန်းအသင်းကို ငါးမှတ်အထိ ဖြတ်ထားလိုက်နိုင်သည်။ ဝက်စ်ဘရွန်းအသင်းက ၄၅ ပွဲ ကစား ရမှတ် ၈၂ မှတ်ရရှိထားပြီး အဆင့် (၃) နေရာတွင် ရပ်တည်နေသော ဘရန့်ဖို့ဒ်အသင်းက ၄၄ ပွဲကစား ရမှတ် ၈၁ မှတ် ရရှိထားခြင်းကြောင့် ပရီမီယာလိဂ်သို့ မည်သည့်အသင်း တိုက်ရိုက်တန်းတက်ခွင့်ရရှိမလဲ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

လက်ရှိတွင် လိဒ်စ်အသင်းကို အာဂျင်တီးနားလူမျိုးနည်းပြ မာဆယ်လိုဘီလ်ဆာက တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ ၎င်းသည် ၂၀၁၈ ခုနှစ်တွင် လိဒ်စ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာကာ အသင်းကို ၉၈ ပွဲ နည်းပြထားပြီး ၅၄ ပွဲနိုင်၊ ၁၈ ပွဲ သရေ၊ ၂၆ ပွဲ ရှုံးနိမ့်ထားသည်။ ထို့ကြောင့် နိုင်ပွဲရရှိမှု ရာခိုင်နှုန်းအနေဖြင့် ၅၅ ဒသမ ၁၀ ရာခိုင်နှုန်းရှိသည်။ ၎င်းသည် လိဒ်စ်အသင်းသို့ မပြောင်းရွှေ့မီတွင် အာဂျင်တီးနား၊ ချီလီ၊ အက်စ်ပန်ညို၊ ဘီလ်ဘာအို၊ မာဆေး၊ လာဇီယို၊ လိုင်လီစသည့်အသင်းများကိုလည်း နည်းပြခဲ့ဖူးသူဖြစ်သည်။

လိဒ်စ်အသင်းသည် ၁၉၉၂ ခုနှစ်တွင် ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့ပြီး ချန်ပီယံရှစ်သို့ ၂၀၀၄ ခုနှစ်တွင် တန်းဆင်းခဲ့ရကြောင်း သိရသည်။ ထို့အပြင် လိဒ်စ်အသင်းသည် ၂၀၀၇ ခုနှစ်တွင် လိဂ်ဝမ်းသို့ ထပ်မံတန်းဆင်းခဲ့ရပြန်သည်။ လိဂ်ဝမ်းမှ ချန်ပီယံရှစ်သို့ ၂၀၁၀ ပြည့်နှစ်တွင် တန်းတက်ခွင့် ပြန်လည်ရရှိခဲ့ပြီး ပရီမီယာလိဂ်သို့ ယခုနှစ်တွင်မှ တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

လိဒ်စ်အသင်းသည် ချန်ပီယံရှစ်တွင် ၄၄ ပွဲ ကစားပြီး ၂၆ ပွဲနိုင်၊ ကိုးပွဲသရေ၊ ကိုးပွဲ ရှုံးနိမ့်ထားသည်။ ဂိုးရရှိမှုတွင် ဂိုး ၇၀ အထိ ရရှိထားပြီး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့် ဂိုးအနေဖြင့် ၃၄ ဂိုးသာရှိသည့်အတွက်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❐



# မြန်မာ့အလင်း

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလကွယ်နေ့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁၉ ရက်၊ တနင်္ဂနွေနေ့



# ၇၃ နှစ်မြောက် အာဇာနည်နေ့

## အာဇာနည်စိတ်မျိုး မွေးမြူအပ်

မိမိတို့ယုံကြည်သော ဝါဒအတွက် အသက်ကိုပင် စွန့်သွားကြသော အာဇာနည်များအား မိမိသည် ချီးကျူးကြောင်း၊ ထိုစိတ်မျိုးကို ကျန်ခဲ့သူများက ထပ်တလဲလဲ မွေးမြူအပ်ကြောင်း၊ အမျိုးဘာသာနှင့် နိုင်ငံအတွက် အသက်စွန့်ရန် ကြောက်နေသော နိုင်ငံတိုင်းမှာ မကြီးပွားနိုင်ကြောင်း။


(ဗိုလ်ချုပ်အောင်ဆန်း၏ ၈-၁၂-၁၉၄၃ ရက်နေ့ အရှေ့အာရှတိုက်စစ်၊ တစ်နှစ်ပြည့်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်တွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)


သခင်မြ


ဒီးဒုတ်ဦးဘချို


ဦးဘဝင်း


စဝ်စံထွန်း


မန်းဘခိုင်


ဦးရာဇတ်


ဦးအုန်းမောင်


ရဲဘော်ကိုထွေး

# နိုင်ငံတည်ဆောက်ရေးတွင် လိုအပ်သော အာဇာနည်ခေါင်းဆောင်ကြီးများ၏ စိတ်ဓာတ်



သိန်းထွန်း (IR)

**အာဇာနည်နေ့**

**အာဇာနည်နေ့ဟု ဆိုလိုက်လျှင် မိမိတို့အားလုံးနားလည်လက်ခံထားကြသည်မှာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာအတွက်၊ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်သွားကြရသည့် အာဇာနည်ကြီးများနှင့် အာဇာနည်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုများပင်ဖြစ်သည်။ သို့ဖြစ်ရာ အာဇာနည်နေ့ကျင်းပရခြင်း ရည်ရွယ်ချက်များတွင် အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းဆွတ်သတိရခြင်း၊ နောင်လာနောက်သားများတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြစ်ပေါ်စေလိုခြင်း၊ နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာထိန်းသိမ်းစောင့်ရှောက်စေလိုခြင်းတို့ ပါဝင်နေပါ၏။**

မိမိတို့သည် ငယ်စဉ်ကတည်းကပင် အာဇာနည်နေ့ကို ရင်းနှီးခဲ့ကြပြီးဖြစ်သည်။ အာဇာနည်နေ့ရောက်တိုင်း အာဇာနည်ခေါင်းဆောင်ကြီးများကို ဂုဏ်ပြုသောအားဖြင့် သွားရောက်ဂါရဝပြုခဲ့ကြသည်။ ရေဒီယိုမှ အာဇာနည်ခေါင်းဆောင်ကြီးများကို ဂုဏ်ပြုသည့်သီချင်း၊ ဝမ်းနည်းဖွယ်သီချင်းများ ထုတ်လွှင့်ခဲ့သည်ကို နားထောင်ခဲ့ကြရသည်။ သို့ဖြစ်ရာ အာဇာနည်နေ့ဆိုသည်က မြန်မာနိုင်ငံသားတိုင်းအတွက်၊ နိုင်ငံကို ချစ်မြတ်နိုးသူတိုင်းအတွက်၊ လွတ်လပ်ရေးကိုချစ်မြတ်နိုးသူတိုင်းအတွက် ယနေ့ထက်တိုင် ဝမ်းနည်းဖွယ်နေ့တစ်နေ့ ဖြစ်နေဆဲပင်။

အာဇာနည်နေ့ မည်သည့်ရည်ရွယ်ချက်ဖြင့် ကျင်းပကြသနည်းဆိုသည်ကိုလည်း စောကြောလိုလှသည်။ အာဇာနည်နေ့ကို ကျင်းပခြင်းသည် ဝမ်းနည်းမှု၊ အောက်မေ့မှုတို့အပြင် နောင်လာနောက်သား အနာဂတ်မျိုးဆက်သစ်တို့အတွက် အတုယူဖွယ်၊ လိုက်နာဖွယ်၊ သင်ခန်းစာယူဖွယ်တို့အပြင် ရှောင်ကြဉ်ဖွယ် အသိတရားတို့နှင့်လည်း သက်ဆိုင်နေပါလိမ့်မည်။ အကာနှင့်အနှစ် မည်သည်က ပိုအရေးကြီးသနည်းဆိုသည့် ဆင်ခြင်ဖွယ်နှစ်ခုအနက် တစ်ခုဆိုသည့် တစ်ဖက်ရွေးချယ်မှုပုံစံထက် အပေါ်ယံအကာသည် အကာဖြစ်သည့်အလျောက် အရေးကြီးသကဲ့သို့ လိုရင်းအနှစ်သာရသည်လည်း အဓိကအစိတ်အပိုင်းဖြစ်သည်ကို သတိပြုကြရပါမည်။ ဆိုလိုသည်မှာ အာဇာနည်နေ့ဆိုသည်က နိုင်ငံ့သမိုင်းအတွက်၊ နိုင်ငံတစ်နိုင်ငံလုံးအတွက်၊ နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီအတွက် အဓိပ္ပာယ်အနှစ်သာရများ ရှိနေသည်ကို ဖော်ညွှန်းလိုခြင်းဖြစ်သည်။

## သူ့ကျွန်လက်အောက်ဘဝများ

ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် မိမိတို့နိုင်ငံ သူတစ်ပါး လက်အောက် သူ့ကျွန်ဘဝ ရောက်ရှိနေချိန် နိုင်ငံနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ဘဝများ၊ အနာဂတ်များ၊ အမျိုးသားရေးလက္ခဏာများ၊ ယဉ်ကျေးမှုများ၊ အမျိုးဘာသာ သာသနာ၊ စာပေ အားလုံးနိမ့်ကျခဲ့ရသည်မှာ သမိုင်းသက်သေပင် ဖြစ်၏။ နိုင်ငံ၏သယံဇာတများ ထုတ်ယူသွားခဲ့ကြသည်။ လူသားရင်းမြစ်များ ဆုံးရှုံးခဲ့ရသည်။ တိုင်းရင်းသားအချင်းချင်း အကြား သွေးခွဲအုပ်ချုပ်ခံခဲ့ကြရသည်။ သူ့ကျွန်ဘဝဒဏ်များကို မိမိတို့ဘိုးဘွားများ ခါးစည်းခံခဲ့ကြရသည်။ ထိုနယ်ချဲ့တို့၏ဒဏ်ရာဒဏ်ချက်များသည် နှစ်ပေါင်း ၇၀ ကျော်သည့် ယနေ့အထိ မပျောက်နိုင်သေးသည်ကို

တွေ့မြင်နေဆဲ၊ ခံစားနေရဆဲ ဆိုသည်မှာ လက်တွေ့အခြေအနေပင် ဖြစ်၏။ သို့ဆိုပါလျှင် နယ်ချဲ့တို့လက်အောက် နေထိုင်ခဲ့ကြရသည့် မိမိတို့ပြည်သူအားလုံး၏ ဘဝများကို ကိုယ်ချင်းစာကြည့်ပါလျှင် လွန်စွာဝမ်းနည်းဖွယ်ကောင်းလှပါသည်။

နယ်ချဲ့လက်အောက်တွင် ကျွန်သဖွယ်ပြုမူဆက်ဆံခံခဲ့ကြရသည်။ ကိုယ့်နိုင်ငံအတွင်းမှာပင် သူတစ်ပါး ကျွန်သဖွယ်ပြုမူဆက်ဆံခံရသည်မှာ ရင်နာဖွယ်အတိ ဖြစ်သည်။ သို့အတွက်ကြောင့်လည်း ၁၉၃၀ မေလ ၃၀ ရက်နေ့တွင်စတင်အုတ်မြစ်ချခဲ့သည့် တို့ဗမာအစည်းအရုံးပေါ်ပေါက်လာချိန်တွင် တို့ဗမာအစည်းအရုံးဝင်များက သခင်၊ သခင်မ အမည်ခံယူခဲ့သည်မှာ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များပင် ဖြစ်ပေသည်။

> **အာဇာနည်နေ့ကို ကျင်းပခြင်းသည် ဝမ်းနည်းမှု၊ အောက်မေ့မှုတို့အပြင် နောင်လာနောက်သား အနာဂတ်မျိုးဆက်သစ်တို့အတွက် အတုယူဖွယ်၊ လိုက်နာဖွယ်၊ သင်ခန်းစာယူဖွယ်တို့အပြင် ရှောင်ကြဉ်ဖွယ် အသိတရားတို့နှင့်လည်း သက်ဆိုင်နေပါလိမ့်မည်။ အကာနှင့်အနှစ် မည်သည်က ပိုအရေးကြီးသနည်းဆိုသည့် ဆင်ခြင်ဖွယ်နှစ်ခုအနက် တစ်ခုဆိုသည့် တစ်ဖက်ရွေးချယ်မှုပုံစံထက် အပေါ်ယံအကာသည် အကာဖြစ်သည့် အလျောက် အရေးကြီးသကဲ့သို့ လိုရင်းအနှစ်သာရသည်လည်း အဓိကအစိတ်အပိုင်းဖြစ်သည်ကို သတိပြုကြရပါမည်။**

အင်္ဂလိပ် – မြန်မာ ပထမစစ်ပွဲမှစ၍ နှစ်ပေါင်း ၁၀၀ ကျော် မြန်မာနိုင်ငံကို နယ်ချဲ့တို့ ကျူးကျော် သိမ်းပိုက်အုပ်ချုပ်ခဲ့စဉ်အတွင်း တစ်မျိုးသားလုံးက နည်းလမ်းအမျိုးမျိုးဖြင့် အသက် သွေးချွေးပေးဆပ်၍ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ အမျိုးသားရေးအတွက်၊ နိုင်ငံအတွက် ပေးဆပ်ခဲ့ကြသည်မှာ သမိုင်းမှတ်တမ်းများတွင် အထင်အရှားပင်။ ထိုပေးဆပ်ခဲ့မှုများအတွက် နယ်ချဲ့ကိုတွန်းလှန်တိုက်ခိုက်ခဲ့သူ ဘိုးဘွားများ ခံစား၊ စံစားခဲ့ရသည်မဟုတ်။ ပေးဆပ်မှုသက်သက်အဖြစ် တွေ့ရပါ၏။ ရရှိလာသော လွတ်လပ်ရေး၏ အရသာ၊ အနှစ်သာရကို နှောင်းလူများ လက်တွေ့ခံစားနေရသည် မဟုတ်ပါလား။ ထိုသမိုင်းကြောင်းကြီးသည် ယနေ့မိမိတို့အတွက် သမိုင်းဖြစ်စဉ်တစ်ခုသက်သက်ထက် ပိုသော အဓိပ္ပာယ်နှင့်အနှစ်သာရများ ရှိနေပါ၏။ မေ့ပျောက်၍ရကောင်းသော၊ ပစ်ပယ်၍ရကောင်းသော

**အချပ်ပို (၈) သို့**

## လွမ်းငွေ့ဖြာလှိုင် လဂွန်လှိုင်

- လန်းမရှင် စွေတဲ့ မိုးရယ်ကြောင့်
  နွမ်းဘဝင် ကြွေမယ် ညှိုးတယ်ကွဲ့
  တစ်ဆယ့်ကိုးရက် လဂွန်လှိုင်။
- ဘယ်သူမေ့နိုင်မလဲ
  ပူငွေ့တလှိုင်လှိုင်ပေါ့
  နိုင်ငံတော် ပြည်တစ်ဝန်းမှာဖြင့်
  လွမ်းငွေ့ဖြာလှိုင်။
- ကမ္ဘာအရှည် တည်သရွေ့မှာဖြင့်
  အာဇာနည် သည်တစ်နေ့ကိုဖြင့်
  ပြန်၍ တမြင်မြင်ပေါ့
  တို့ဖခင် ဗိုလ်အောင်ဆန်းရယ်နဲ့
  လွတ်လမ်းဖွေ ခေါင်းဆောင်ကြီးတွေက
  စည်းဝေးတိုင်ပင်နေခိုက်
  ဇီဝိန်ခြွေ အသေသတ်ပါပေါ့
  သေနတ်သမားတို့ ရက်စက်ပြိုင်
  တစ်နိုင်ငံလုံး ကြိမ်မီးအုံး။
- သြော်...အဖြစ်ဆိုးပါဘိ
  ပြည့်အကျိုး သယ်ဆောင်တဲ့
  ပြည်ချစ်မောင် ဇာနည်များကိုမှ
  တရားမဲ့စွာ လုပ်ကြံရက်တာမို့
  ဆယ်သက်ဆယ်ကမ္ဘာမက
  မမေ့သာ ရင်မှာ နွမ်းပါဘိ
  အာဇာနည်ပြည်ချစ်ပန်းတို့ကို
  လွမ်းတမဆုံး။ ။

မြင်းမူမောင်နိုင်မိုး

**အချုပ်ပို (ခ) မှ**

ရာဇဝင်တစ်ခုမဟုတ်။ ထိုသို့သော သမိုင်းဖြစ်စဉ်ကို မိမိတို့ မည်သို့ ထိန်းသိမ်းကြမည်နည်း၊ ပိုမိုကောင်းမွန်သော အနာဂတ် မည်သို့ဆက်လက်တည်ဆောက်ကြမည်နည်း။ သူ့ကျွန်ဘဝဆိုသည်က မည်သူမျှနေထိုင်လိုသည့် ဘဝများ မဟုတ်။

### သမိုင်းထဲမှသင်ခန်းစာ

မြန်မာ့လွတ်လပ်ရေးသမိုင်းသည် နိုင်ငံသားတိုင်းအတွက် အရေးပါသော နိုင်ငံရေး နောက်ခံသမိုင်းဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံစုစည်းပါဝင်သည့် နိုင်ငံသားအားလုံးအတွက် သင်ခန်းစာယူစရာများ များစွာရှိနေပါ၏။ ထို့အပြင် အသက်သွေးချွေးမြောက်မြားစွာ ရင်းနှီးပေးဆပ်ရယူခဲ့ရသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အသက်တမျှ လေးစားမြတ်နိုးတတ်ကြရန် လိုအပ်မည် ဖြစ်သည်။ လွတ်လပ်ရေးအတွက် အသက်စွန့်လွှတ်ခဲ့ကြသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် လူမသိသူမသိ အသက်သွေးချွေးများ ပေးဆပ်ခဲ့ရသော လွတ်လပ်ရေးခေါင်းဆောင်ကြီးများ၏ ပေးဆပ်မှု၊ စွန့်လွှတ်မှု၊ အနစ်နာခံမှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ကို မိမိတို့အားလုံး မည်သို့ခံစားနားလည်အဓိပ္ပာယ်ဖွင့်ဆိုကြမည်နည်း ဆိုသည်မှာ ပစ္စုပ္ပန်နှင့် အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် အခြေခံအကြောင်းတရားဟု ခံယူမိပါသည်။

သူ့ကျွန်ဘဝလက်အောက်မှ လွတ်မြောက်ပြီး ၇၂ နှစ်၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီး ၇၃ နှစ်လွန် မြန်မာနိုင်ငံ၏ အခြေအနေသည် လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့သည့်နိုင်ငံအဆင့်သို့ အကောင်အထည်ဖော်နိုင်ပြီလား၊ တစ်မျိုးသားလုံး စည်းလုံးညီညွတ်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးအဆင့်သို့ ရောက်ရှိနေပြီလား၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်နိုင်ပြီလား၊ မိမိတို့ကဲ့သို့ သူ့ကျွန်ဘဝရောက်ရှိခဲ့သည့်နိုင်ငံများနှင့် နှိုင်းချိန်လျှင် အဘယ်သို့သော အခြေအနေသို့ ရောက်ရှိနေသနည်းဆိုသည့် မေးခွန်းပေါင်းမြောက်မြားစွာသည် နိုင်ငံသားအားလုံး ကိုယ်စီကိုယ်စီ ဖြေကြရမည့် အနာဂတ်ကံကြမ္မာမေးခွန်းများဟု ဆိုချင်လှပါ၏။ နှစ်စဉ်အာဇာနည်နေ့ရောက်တိုင်း သမိုင်းထဲမှ သင်ခန်းစာများကို ပြုပြင်နိုင်ခဲ့ကြမည်ဆိုပါက ယနေ့မိမိတို့နိုင်ငံ၏အခြေအနေ မည်သို့ရှိမည်နည်း။ များပြားလှသည့် သုံးသပ်ဆင်ခြင်ဖွယ်ရာများပင်။

### ရှန်းကန်နေရဆဲအခြေအနေ

လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အာဇာနည်ခေါင်းဆောင်ကြီးများ က လက်ဆင့်ကမ်းပေးအပ်ခဲ့သဖြင့် မိမိတို့သည် ယခုအခါ လွတ်လပ်သောနိုင်ငံ၊ အချုပ်အခြာအာဏာပိုင်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးအဖြစ် ကမ္ဘာ့အလယ်တင့်တယ်စွာ နေထိုင်နိုင်သည်မှာ မျက်မြင်သက်သေပင် ဖြစ်ပါ၏။ နောင်တွင် မိမိတို့အလွန်ကာလ မျိုးဆက်သစ်လူငယ်များထံသို့ အနာဂတ် နိုင်ငံတော်ကို မလွဲမသွေ လွှဲပြောင်းပေးကြရမည်မှာ လက်ဆင့်ကမ်းအမွေဖြစ်ပါသည်။ အာဇာနည်ခေါင်းဆောင်ကြီးများက ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ သာသနာကို နယ်ချဲ့လက်အောက်မှ အသက်ပေးရယူပေးခဲ့ကြ၏။ မိမိတို့လက်ထက်တွင် လွတ်လပ်ပြီးနိုင်ငံနှင့် လွတ်လပ်ပြီး နိုင်ငံသားများအတွက် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံအဖြစ် တည်ဆောက်၍ ဆက်လက်လက်ဆင့်ကမ်း ပေးအပ်ကြရပါလိမ့်မည်။ ယနေ့မြန်မာနိုင်ငံအခြေအနေကို ပြန်လည်ဆန်းစစ်ကြည့်လျှင် ကျေနပ်ဖွယ်အခြေအနေများရှိနေသကဲ့သို့ စိန်ခေါ်မှုများရှိနေသည့် အခြေအနေကိုလည်း တွေ့မြင်နေရဆဲပင်။

ပြည်သူလူထုလိုလားသော ဒီမိုကရေစီစနစ်သို့ ပြောင်းလဲလာခဲ့သည်မှာ ကိုးနှစ်ကျော်ပြီ ဖြစ်သည်။ နိုင်ငံရေးစနစ်ပြောင်းလဲခြင်းနှင့်အတူ စီးပွားရေး၊ ပညာရေးစနစ်များကိုလည်း ပြောင်းလဲခဲ့၊ ပြောင်းလဲနေဆဲဖြစ်ပါသည်။ ထို အပြောင်းအလဲများတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး၊ ငြိမ်းချမ်းရေး၊ ဖက်ဒရယ်နိုင်ငံတည်ဆောက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့မှာ လိုအပ်နေဆဲဖြစ်သည်။ နိုင်ငံတည်ဆောက်ရေးလုပ်ဆောင်ရာတွင် ပြည်တွင်း၊ ပြည်ပ စွက်ဖက်မှုများ၊ လွှမ်းမိုးချုပ်ကိုင်လိုမှုများ ရှိတတ်စမြဲ ဖြစ်သည်။ လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလအတွင်း၌လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ လွတ်လပ်ရေး ကြိုးပမ်းခဲ့သူအားလုံး ယင်းသို့သော စိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ကြရပြီး ဖြစ်သည်။ ယနေ့လည်း ကြုံတွေ့နေဆဲဖြစ်သည်။ အနာဂတ်တွင်လည်း ထိုသို့သောစိန်ခေါ်မှုများ ရှိနေဦးမည် ဖြစ်သည်။ စိန်ခေါ်မှုသည် ပြဿနာမဟုတ်၊ စိန်ခေါ်မှုဖြစ်ပေါ်လာခြင်း အကြောင်းရင်းများကို မှန်ကန်စွာ ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် ယင်းစိန်ခေါ်မှုများကို အောင်မြင်စွာ မည်သို့ဖြတ်ကျော်နိုင်သည် ဆိုသည်က ပို၍အရေးကြီးပေလိမ့်မည်။

### အာဇာနည်စိတ်ဓာတ်နှင့် အနာဂတ်နိုင်ငံ



ကမ္ဘာတည်သရွေ့ မြန်မာပြည်တည်တံ့စေရန် တစ်ဦးတစ်ယောက်ထဲတွင် တာဝန်ရှိသည်ဟု မခံယူပါ။ တာဝန်ကိုယ်စီရှိကြသည်ဟု လက်ခံထားပါသည်။ သူ့ကျွန်ဘဝလက်အောက်တွင် နယ်ချဲ့တော်လှန်ရေး၊ လွတ်လပ်ရေးရရှိရေးသည် အဓိကရည်မှန်းချက်ဖြစ်ပါသည်။ လက်ရုံးရည်များလည်း ကျင့်သုံးခဲ့ကြသည်။ နှလုံးရည်များလည်း ကျင့်သုံးခဲ့ကြပါသည်။ ပြည်တွင်းအားကို တည်ဆောက်၍ ပြည်ပကျူးကျော်မှုကို တွန်းလှန်တိုက်ထုတ်ခဲ့ကြ၏။ ရန်သူ မိတ်ဆွေ မရှိ အမျိုးသား အကျိုးစီးပွားသည်သာ ပင်မရည်မှန်းချက် သတ်မှတ်ခဲ့သည်မှာ လက်တွေ့ အရှိတရားအပေါ် ရပ်တည်ချက်ဟု ဆိုရပါမည်။ သို့ဖြစ်၍လည်း မိမိတို့နိုင်ငံအတွက်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာအတွက် မိမိတို့ ဘဝများကို အာဇာနည်ခေါင်းဆောင်ကြီးများ ပေးဆပ်ခဲ့ကြ၏။ ယင်းသို့သော အာဇာနည်နေ့သမိုင်း၊ နယ်ချဲ့ကျူးကျော်မှုသမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစသည့် နိုင်ငံ၏ဖြစ်စဉ် ရက်စွဲသမိုင်းများ ဆိုသည်က မည်သူမဆို လေ့လာနိုင်သည်၊ သိရှိနိုင်ပါသည်။ ထိုသမိုင်းဖြစ်စဉ်များကို လေ့လာသိရှိမှုတို့ထက် အတုယူသင့်သည်များကို အတုယူကြရပါမည်။ မယူသင့်သည်များကို သင်ခန်းစာယူပြုပြင်ကြရပါမည်။ သို့မှသာ ယနေ့နိုင်ငံတည်ဆောက်ရေးအတွက် ဆောင်ရန် ရှောင်ရန်များကို ဆင်ခြင်နိုင်မည် ဖြစ်ပေသည်။

အသွင်ကူးပြောင်းရေး ဆယ်စုနှစ်တစ်နှစ်နီးပါး ကြာလာချိန်တွင် အားနည်းချက်၊ အားသာချက်များ၊ ပြည်တွင်း ပြည်ပစိန်ခေါ်မှုများ၊ သမိုင်းထဲမှသင်ခန်းစာများ၊ ယနေ့တွေ့ကြုံရသည့်သင်ခန်းစာများကို တန်ဖိုးထားဆင်ခြင်အသုံးချနိုင်မည်ဆိုပါက အနာဂတ်နိုင်ငံတော်သစ်သည် မဝေးလှပဟု ယုံကြည်မိပါ၏။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ စိတ်ဓာတ်နှင့်အရည်အချင်းတို့သည် နိုင်ငံတည်ဆောက်ရေးအတွက် အတုယူစရာ ကောင်းလှပါသည်။ နိုင်ငံနှင့်ပြည်သူတို့အပေါ်ထားရှိသည့် စိတ်ရင်းစေတနာနှင့် အနစ်နာခံမှုသည်လည်း စံပြုထိုက်ပါ၏။ ထိုသို့သော စိတ်ဓာတ်၊ အရည်အချင်းများနှင့် အနာဂတ်နိုင်ငံတော် တည်ဆောက်ကြမည်ဆိုပါလျှင် ဒေသတွင်းကိုလည်း ယှဉ်နိုင်ပါလိမ့်မည်၊ ကမ္ဘာကိုလည်း ရင်ပေါင်တန်းနိုင်ပါလိမ့်မည်ဟု ခန့်မှန်းလိုပါသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် အရင်းခံအကြောင်းတရားများဖြစ်သည့် အချင်းချင်း စိတ်ဝမ်းကွဲမှု၊ ကိုယ်ကျိုးအတ္တများ တည်ဆောက်နေကြမှုများကိုလည်း သင်ခန်းစာယူကြရပါမည်။ ကိုယ့်လူမျိုးအချင်းချင်း စိတ်ဝမ်းကွဲမှုရှိနေစဉ် သူတစ်ပါး၏ သွေးထိုးမှုကြောင့် ကိုယ့်လူမျိုးအချင်းချင်းသတ်ဖြတ်ခဲ့မှုသည် မြန်မာ့သမိုင်းတွင်သော အမည်းစက်ဖြစ်ခဲ့ရပြီး ဖြစ်သည်။ ယင်း ဖြစ်စဉ်တရားများကို ပြန်လည်ပြင်ဆင်၍ မရနိုင်တော့သော်လည်း ဖြစ်စဉ်အကြောင်းတရားများကိုမူ သုံးသပ်ဆင်ခြင်ကြရန် လိုအပ်ပါလိမ့်မည်။ လူတိုင်းလိုလိုတွင် အတ္တများ၊ လိုလားချက်များ၊ ရည်မှန်းချက်၊ ယူဆချက်များ ရှိတတ်ကြပါသည်။ သို့သော်လည်း အတိုင်းအတာထက်လွန်ကဲသော ဆန္ဒ၊ လောဘ၊ မာန၊ အာဃာတ၊ အမုန်းတရားတို့သည် မိမိကိုယ်ကို ဦးစွာ ဖျက်ဆီးပါလိမ့်မည်။ သူတစ်ပါးကိုလည်း ဖျက်ဆီးပေလိမ့်မည်။

သို့ဖြစ်ရာ အာဇာနည်နေ့ရောက်တိုင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ စိတ်ဓာတ်နှင့် အရည်အချင်း၊ ခံယူချက်တို့ကို သုံးသပ်ဆင်ခြင်အတုယူကြခြင်းဖြင့်ဖြစ်စေ၊ အာဇာနည်ခေါင်းဆောင်ကြီးများ ဆုံးရှုံးခဲ့ကြရသည့် အရင်းခံအကြောင်းတရားများကို အသိတရားဖြင့် ထိန်းသိမ်းကြခြင်းဖြစ်စေ အနာဂတ်နိုင်ငံ တည်ဆောက်နိုင်ကြပါစေကြောင်း ပြည်သူတစ်ယောက်အနေဖြင့် အလေးအနက်ဆန္ဒပြုလိုပါသည်။ ။

**အချုပ်ပို (ဃ) မှ**

လောဘသားတို့ သဘာဝ အတ္တကို အခြေခံကြသည်။ ရလျှင်ရသမျှ လိုချင်ကြသည်။ လုပ်ပိုင်ခွင့်ကိုအသုံးချ၍ ကိုယ်ကျိုးရှာကြသည်။ ဗိုလ်ချုပ်သည် လုပ်ပိုင်ခွင့်ကို အသုံးချ၍ ကိုယ်ကျိုးမရှာ။ ဗိုလ်ချုပ်မှာဘာမျှမရှိခြင်းသည်ပင် ကြီးကျယ်သောရှိခြင်းဖြစ်သည်။ လေးစားစရာကောင်းပေစွ၊ ကြည်ညိုစရာ ကောင်းပေစွ။ စံပြုအတုယူစရာဖြစ်ပေစွ။

# မြို့ကြီး မြို့ငယ်များနှင့် ကျေးလက်တောရွာများအထိ အာဇာနည်နေ့အခမ်းအနားများ ကျင်းပကြသည်။ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။ အာဇာနည်နေ့ ဟောပြောပွဲများ ပြုလုပ်ကြသည်။

### စာအလွန်ဖတ်

ဗိုလ်ချုပ်ကို လူငယ်များစံပြုအတုယူစရာ အကောင်းဆုံးတစ်ချက်မှာ စာဖတ်ခြင်းဖြစ်သည်။ ဗိုလ်ချုပ်အလွန်တော်သည်မှာ စာအလွန်ဖတ်၍ ဖြစ်သည်။ ဗိုလ်ချုပ်သည် ကျောင်းစာသာမက ပြင်ပသုတစာပေများစွာတို့ကိုလည်း ဖတ်သည်။ နိုင်ငံတကာမှကျယ်ပြန့်သောအသိအမြင်များစွာကို စာဖတ်ခြင်းဖြင့် ရရှိအောင် ကြိုးစားခဲ့သည်။

တက္ကသိုလ်ရောက်သောအခါ ဗိုလ်ချုပ်၏အခန်း ဗိုလ်ချုပ်၏စားပွဲပေါ်မှာသာမက အိပ်ရာပေါ်မှာလည်း စာအုပ်များစွာရှိသည်။ အိပ်ခါနီးမှ သူ့တစ်ကိုယ်စာ စာအုပ်များကို ဘေးဖယ်၍ အိပ်ရသည်ဟုဆို၏။ တက္ကသိုလ်တွင် ထိုအချိန်က ည ၉ နာရီမီးပိတ်လျှင် ဖယောင်းတိုင်နှင့်ဖတ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်၏ စာအုပ်များမှာ ဖယောင်းစက်များနှင့် ပေကျံနေ၏။

စာရေးဆရာအောင်သင်းက "အောင်ဆန်း ကွယ်လွန်ချိန်မှာ သုံးဆယ့်သုံးနှစ်သာရှိသေးတယ်။ ဒါပေမယ့် အဲဒီသုံးဆယ့် သုံးနှစ်မှာ ဖတ်သွားလိုက်တဲ့စာအုပ်တွေက ကျွန်တော် အသက်ခုနစ်ဆယ်တောင် လိုက်မမီသေးဘူး" ဟု ဟောပြောပွဲတစ်ခုမှာ ပြောခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းပေါင်းချုပ်မှ မိန့်ခွန်းများကိုဖတ်ပြီး ထိုမိန့်ခွန်းများတွင် ခြေရာကောက်၍ ရှာလျှင် ဗိုလ်ချုပ်ဖတ်ထားသည့် ပြည်တွင်း ပြည်ပမှ စာအုပ်များစွာကို ခြေရာကောက်တွေ့ရှိရမည် ဖြစ်ပါသည်။ စာများများဖတ်လျှင် ကျယ်ပြန့်သောအသိအမြင် ဗဟုသုတရှိသည်။ အတွေးအမြင် ဆင်ခြင်တုံတရားအားကောင်းသည်။ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်များကောင်းသည်။ စကားပြောရာမှာလည်း တင်ပြပုံ၊ စကားလုံးရွေးချယ်ပုံမှစ၍ ကောင်းမွန်သည်။


### စံပြုအတုယူစရာဖြစ်

ဗိုလ်ချုပ်အောင်ဆန်းအသက်ငယ်ငယ်နှင့် နိုင်ငံကိုခေါင်းဆောင်ပြီး လွတ်လပ်ရေးရအောင်ဆောင်ရွက်နိုင်သည်မှာ စာများစွာဖတ်သည့်ကောင်းကျိုးဖြစ်သည်။ စံပြုအတုယူစရာဖြစ်ပါ၏။

ဗိုလ်ချုပ်ကိုချစ်၍လေးစားလျှင် ဗိုလ်ချုပ်၏စံပြုအတုယူစရာအချက်များစွာကို စံပြုအတုယူခြင်းဖြင့် အာဇာနည်နေ့မှာ အလေးပြုကြပါစို့...။ ။

# အာဇာနည်နေ့ အတုယူ စံပြု အလေးပြု

လယ်တွင်းသားစောချစ်



**ဇူလိုင်ဆယ့်ကိုး အလံတော်ထိုး ထက်မိုးမတက် လွှင့်တစ်ဝက် ဆိုသည့်အတိုင်း နှစ်စဉ်ဇူလိုင်လ ၁၉ ရက်နေ့ရောက်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို တိုင်တစ်ဝက်လွှင့်ထူကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ဝမ်းနည်းကြေကွဲခြင်းအထိမ်းအမှတ်ဖြစ်သည်။**

ရန်ကုန်မြို့တွင် အာဇာနည်ဗိမာန်မှ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။ နယ်မှာလည်း မြို့ကြီး မြို့ငယ်များနှင့် ကျေးလက်တောရွာများအထိ အာဇာနည်နေ့ အခမ်းအနားများ ကျင်းပကြသည်။ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။ အာဇာနည်နေ့ ဟောပြောပွဲများပြုလုပ်ကြသည်။

လွန်ခဲ့သော ခုနစ်နှစ်ခန့်က ပဲခူးဆယ်မိုင်ကုန်းမှတစ်ဆင့် သွားရသော ပန်းပျိုးလက် ပရဟိတကျောင်းသို့သွားရသည်။ အာဇာနည်နေ့ဟောပြောပွဲဖြစ်သည်။

ပန်းပျိုးလက်ဆရာတော်၏ ပရဟိတကျောင်းသည် တောအုပ်ထဲမှာမို့ သာသာယာယာဖြစ်သည်။ "ပန်းပျိုးလက်" အမည်နှင့် လိုက်လျောစွာ ကလေးများစွာကို ပညာသင်ကြားပေးသည်။ စေတနာကောင်း ဆုံးမသွန်သင်မှုကောင်း၍ ကလေးများစည်းကမ်းကောင်းသည်။ ယဉ်ကျေးလိမ္မာသည်။

ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာများမှ လာကြသည့် မိဘများပါ ဟောပြောပွဲခန်းမထဲ ရောက်နေကြပြီ။

"မျက်ရည်ဖြိုင်လို့ ဘဝင်ညှိုး၊ ဇူလိုင် တစ်ဆယ့်ကိုး ဆိုသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းဆွတ်ကြောင်းနှင့် ဂုဏ်ပြုကြောင်း ကဗျာများကို ကျောင်းသူ ကျောင်းသားများက ရွတ်ဆိုဂုဏ်ပြုကြသည်။ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများမှာ လွမ်းစရာဖြစ်၍ လွမ်းရမည်ဖြစ်သော်လည်း ဤအလွမ်းကို အခြေပြုလျက် ကျောင်းသား ကျောင်းသူများ အားတက်စေချင်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကောင်းသောစံပြုစရာများကို အတုယူဂုဏ်ပြုခြင်းဖြင့် လူငယ်များကောင်းကျိုးရစေချင်သည်။

ဗိုလ်ချုပ်နှင့် မောင်နှမဝမ်းကွဲတော်သည်ဆိုသော နတ်မောက်မြို့မှ ဒေါ်ခင်မောက်နှင့် သင်တန်းတစ်ခုမှာ ဆုံဖူးသည်။ ဘယ်သူမျှမရေးသေး၍ ဘယ်စာအုပ်ထဲမှာမှ မပါဖူးသေးသော ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝမှ အကြောင်းလေးတစ်ခုကို ဒေါ်ခင်မောက်က ပြောပြသည်။

တစ်နေ့မှာ အောင်ဆန်းလေးသည် ခြံစည်းရိုးဝါးလုံးတန်းတစ်ခုကို ခုန်ကျော်သည်။ မလွတ်၍ ခြေထောက်နှင့်ဝါးလုံးတန်းတိုက်မိပြီး လဲကျသည်။ အောင်ဆန်းမကျေနပ်။ နောက်တစ်ကြိမ် ခပ်ဝေးဝေးဆုတ်ပြီး ပြေးခုန်သည်။ မလွတ်၍ လဲကျသည်။ ဖုန်များထဲမှာ လိမ့်သွားသည်။ ပို၍နာဟန်တူသည်။ ခုန်မှာမဟုတ်တော့ဘူး ထင်သော်လည်း ပို၍ဝေးဝေးဆုတ်ပြီးပြေးခုန်ကြောင်း ဒေါ်ခင်မောက်က ပြောသည်။ မလွတ်ဘဲ လဲကျသည်။ အတော်နာဟန်တူကြောင်းလည်း ပြောသည်။

အောင်ဆန်းနောက်တစ်ကြိမ် ပို၍ဝေးအောင်ဆုတ်ပြီး အရှိန်ဖြင့်ပြေးခုန်ပြန်သည်။ လွတ်သွားသည်။ ထိုအခါကျမှ ပုဆိုးအင်္ကျီတို့မှ ဖုန်များကိုခါပြီး ဝါးလုံးတန်းကိုတစ်ချက် ငဲ့ကြည့်လျက် ထွက်သွားကြောင်း ဒေါ်ခင်မောက်က ပြောပြသည်။

## နယ်ချဲ့ အင်္ဂလိပ်ကို ဂျပန်နှင့်ပေါင်း၍တော်လှန်ခဲ့

အောင်ဆန်းလေး၏ ဇွဲသတ္တိနှင့်စိတ်ဓာတ်မှာ စံပြုအတုယူစရာဖြစ်သည်။ ဝါးလုံးတန်းကို အောင်ဆန်းလေးလွတ်အောင်ခုန်နိုင်ခြင်းမှာ သေးသေးငယ်ငယ်မဟုတ်ပါ။ ထိုစိတ်ဓာတ်နှင့် ဇွဲသတ္တိသည် ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာသောအခါ နေမဝင်အင်ပါယာဖြစ်၍ အဆများစွာအင်အားကြီးမားသော နယ်ချဲ့ အင်္ဂလိပ်ကို ဂျပန်နှင့်ပေါင်း၍ တော်လှန်ခဲ့သည်။ ဂျပန်က ဖက်ဆစ်စနစ်ဖြင့် ကျွန်ပြုရန်ကြိုးပမ်းသောအခါ ဂျပန်ကိုတော်လှန်ရပြန်သည်။

ဂျပန်ထွက်သွားသောအခါ မြန်မာ့မြေပေါ်သို့ အင်္ဂလိပ်နယ်ချဲ့ ပြန်ရောက်လာပြန်သည်။ တစ်နိုင်ငံလုံး၏ စည်းလုံးညီညွတ်မှု အားကိုအရယူ၍ အင်္ဂလိပ်ကို တော်လှန်ရပြန်သည်။ မလျှော့သော စိတ်ဓာတ်နှင့် ဇွဲသတ္တိ၊ လုံ့လဝီရိယကြောင့် လွတ်လပ်ရေးရခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်ကတည်းက ရှိခဲ့သော ဇွဲသတ္တိမှာ စံပြုအတုယူစရာဖြစ်ပါသည်။

## အောင်ဆန်းက ဂုဏ်ထူးဖြင့်ပင်အောင်

အောင်ဆန်းသည် ကျောင်းစာကိုကြိုးစား၍ ပညာတော်သော လူငယ်တစ်ယောက်ဖြစ်သည်။ ထိုအချိန်က နယ်ကျောင်းများမှ ဆယ်တန်းအောင်ရန်ခက်ပါသည်။ မစ်ရှင်ကျောင်းများမှာသာ ဆယ်တန်းအောင်သူတို့များပါသည်။ အောင်ဆန်းက ဂုဏ်ထူးဖြင့်ပင်အောင်ခဲ့သည်။ ကျောင်းသူကျောင်းသားတိုင်း ပညာထူးချွန်အောင် ကြိုးစားခြင်းဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို စံပြုအတုယူရမည်ဖြစ်ပါသည်။

အောင်ဆန်း ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်တက်သောအခါ တက္ကသိုလ်တွင် စနေနေ့တိုင်း ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပသည်။ အင်္ဂလိပ်လိုပြောရသည်။ အင်္ဂလိပ်များ၊ အင်္ဂလိပ်ကပြားများသာပါဝင်၍ ကောင်းမွန်ကျွမ်းကျင်စွာ ပြောဆိုနိုင်ကြသည်။ အောင်ဆန်း ဝင်ပြောသည်။ ငါးပိရည်သံပေါက်နေ၍ သူတို့လောက် အောင်ဆန်း မပြောနိုင်။

"တော်ပါတော့..."၊ "တောကျီးကန်းကြီး... ထွက်သွား..." သရော်လှောင်ပြောင်ကြသည်။ အောင်ဆန်းအရေးမစိုက် ကြိုးစားပြီး ပြောသည်။ ကိုယ့်အားနည်းချက်ကိုသိ၍ သူများပြောသည်များကို နားထောင်အတုယူသည်။ အပြင်မှာလည်း အင်္ဂလိပ်စကားကောင်းစွာပြောတတ်သူများနှင့် အင်္ဂလိပ်လိုပြောသည်။ အတုယူသည်။ လေ့ကျင့်ပြောကြားသည်။ စနေနေ့တိုင်း ကျပန်းစကားပြောပွဲ ဝင်ပြိုင်သည်။ သရော်လှောင်ပြောင်၍ ထွက်သွားခိုင်းကြသည်။

အောင်ဆန်းလက်မလျှော့ပါ။ စနေနေ့တိုင်း ဆက်ပြိုင်သည်။ ကြာသောအခါ ကျပန်းစကားပြောပွဲများမှာ ကောင်းစွာပြောဆိုနိုင်သူဖြစ်သွားသည်။ မလျှော့သောဇွဲလုံ့လ ဝီရိယနှင့် ကြိုးစား၍အောင်မြင်ခြင်းဖြစ်သည်။ အောင်ဆန်း အင်္ဂလိပ်လို ပြောရသည်ကို အထင်ကြီး၍မဟုတ်ပါ။ အင်္ဂလိပ်ထံမှာလွတ်လပ်ရေးတောင်းလျှင် ကိုယ်တိုင်အင်္ဂလိပ်စကားပြောနိုင်ချင်သည်။ စကားပြန်နှင့်မပြောချင်။ အင်္ဂလိပ်ကို မကျေမနပ်ပြောချင်လျှင်လည်း မြန်မာစကားနှင့်ပြော၍နာမည်မဟုတ်။ အင်္ဂလိပ်လိုပြောနိုင်မှ ထိရောက်မည်ဟု အောင်ဆန်းသိသည်။ ထို့ကြောင့် အောင်ဆန်း အက်တလီစာချုပ်သောအခါ အင်္ဂလိပ်များကို အောင်ဆန်း ကောင်းစွာပြောနိုင်ခဲ့သည်။

ဗိုလ်ချုပ်ကိုစံပြုအတုယူစရာ တစ်ချက်ဖြစ်ပါ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံသူနိုင်ငံသား အများအကျိုးကိုသာလိုလားဆောင်ရွက်သည်။ အတ္တအတွက် ကိုယ်ကျိုးမရှာ၊ စီးပွားရေးသမားလူလည်များ၏ ပေါင်းပြီးအခွင့်အရေးပေး၍ ကိုယ်ကျိုးရှာခြင်းကို ခွင့်မပြု။ ထို့ကြောင့် ဗိုလ်ချုပ်မှာ ဘာမျှမရ၊ ဘာမျှမရှိ။ အသက်ရှိ ရာထူးကြီးကြီးရှိချိန်မှာ ဘာမျှမရှိသကဲ့သို့ သေသွားသောအခါမှာလည်း ဘာမျှကျန်ခဲ့ခြင်းမရှိပါ။ ထိုသို့မရှိခြင်းကြောင့်ပင် ဗိုလ်ချုပ်သည် ဂုဏ်သိက္ခာကြီးစွာရှိသူဖြစ်သည်။

အချပ်ပို (ဂ) သို့

## ဆယ့်ကိုးဇူလိုင်

(တျာချင်း)

◆ သည်ရက်ချိန်ခါ ရောက်ကာလာလျှင်
မြန်ပြည်အလုံး ကြိမ်မီးအုံးသို့သွင်
လွမ်းရိပ်ဝေဆင် ပူပင်လောင်ကျွမ်း
ဆယ့်ကိုးဇူလိုင် မမေ့နိုင်
ဖြိုင်ဖြိုင်မျက်ရည် သွန်းသည်နှင့်လေး။

◆ ရာကျော်နှစ်ပေါင်း ကြာညောင်းခဲ့သည်
သူ့ကျွန်ဘဝ ရောက်ခဲ့ကြရပြီ
မျိုးချစ်စိတ်ညီ နောင်ညီမခွဲ
ရဲရဲတော်လှန် ဖွဲ့အားမာန်
ဓားလှံလက်နက် ဆွဲသည်နှင့်လေး။

◆ မြန်ပြည်လွတ်လမ်း ကြိုးပမ်းခဲ့တာ
ကြံ့စည်အားထုတ် ဗိုလ်ချုပ်အောင်ဆန်းပါ
တိုင်းကားပြည်ရွာ နေရာအနှံ့
စည်းရုံးရေးဆင် ပြည့်အားအင်
ခရီးနှင် ခြေဆန့်သည်နှင့်လေး။

◆ ရပ်ရှစ်ခွင်တိုင်း အံ့ဆိုင်းမှိုင်းရီ
ကံကြမ္မာရိုင်း မုန်တိုင်းတိုက်ခတ်ပြီ
ကိုးဦးဇာနည် မြန်ပြည်ချစ်ပန်း
သက်ဇီဝိန်ခြွေ ယမ်းငွေ့ဝေ
သွေးမြေခကာ လွှမ်းသည်နှင့်လေး။

◆ ရတက်ဆိုးပူလှိုင် ယနေ့တိုင် ကမ္ဘာတည်ဘယ်မဆုံးပြီ
ဆယ့်ကိုးဇူလိုင် မမေ့နိုင် စာပန်းချီခြယ်မှုန်းသီ။

မောင်လွမ်းရည်(ရွှေတောင်)